
www.burmeseclassic.com

# အိုစွမ်းပြည့်

## လ ကြွင်းရစ်တဲ့ည





www.burmeseclassic.com

Saun (528)

www.burmeseclassic.com







ကွန်ပျူတာ ကီးဘုတ်ဖပေါ်ရှိ ခလုတ်တွေကို လက်နှိပ်စက်ရိုက်သလို တဖြောင်းဖြောင်း ရိုက်နေသော ဘွားမေကို မခ မသိမသာ မော့ကြည့်မိသည်။ မယုံနိုင်စရာ။ ခုနစ်ဆယ့်လေးနှစ်ဆိုသော အသက်နှင့် မလိုက်ဖက်အောင် ဘွားမေက သွက်လက်လွန်းသည်။

အထူးသဖြင့် မျက်မှန်အောက်မှ ဘွားမေ မျက်ဝန်းတွေက စူးရှထက်မြက်လွန်းသည်။

"ခဏစောင့်ကြဦး၊ ဒီဟာလေး အပြီးသတ်ရဦးမယ်"

ဒါဆိုရင်တော့ အနည်းဆုံး နာရီဝက်လောက် စောင့်ရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com

ဘွားမေသည် မခတို့ ဆွေမျိုးတွေကြားထဲမှာ ဩဇာ အကြီးမားဆုံး ဖြစ်၏။ ဖေဖေ အပါအဝင် သားသမီးလေးယောက် မွေးထားသော ဘွားမေ စကားဆိုလျှင် အားလုံးက "ဟုတ်ကဲ့" ချည်းသာ ဖြစ်၏။

ဘယ်သူမှ မပယ်ရှားရဲသလို ဘယ်သူမှလဲ ခွန်းတုံ့ မပြန်ရဲကြ။ ဘိုးဘိုး မရှိတော့သော်လည်း ဘွားမေသည် လောက ကြီးကို ပျော်ရွှင်တည်ငြိမ်စွာ ရင်ဆိုင်နိုင်တုန်း ဖြစ်၏။

မခ မြင်ရသလောက်တော့ ဘွားမေသည် တုံးတုံး အအ အဘွားကြီးတစ်ယောက် မဟုတ်။ ခေတ်ကို မျက်ခြည်ပြတ် မခံ။ ကွန်ပျူတာကို ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုနိုင်သည်။ အင်တာနက် ကြည့်တတ်သည်။ အီးမေးလ်ပို့တတ်သည်။ အင်္ဂလိပ် စကားနှင့် ပြင်သစ်စကားကို ကောင်းကောင်း ပြောတတ်သေး သည်။

ရှင်းရှင်းပြောရလျှင် ဘွားမေသည် အရည်အချင်း ပြည့်ဝသော အမျိုးသမီးကြီးတစ်ယောက်ဖြစ်၏။ ရှေ့မီနောက်မီ





သော ဘွားမေ၏ အရည်အချင်းကို သားသမီးတွေ တစ်ယောက်မှ အထင်မသေးရဲကြ။

အဝတ်အစား ဝတ်လျှင်လည်း ဘွားမေက ဣန္ဒြေ သိက္ခာရှိရှိ ဝတ်တတ်ပါသည်။ ခပ်ပွပွရှိရုံ ပခုံးပျောက် အဘွား ကြီးရင်ဖုံးပုံစံတွေက ဘွားမေ ဆီမှာ တစ်ထပ်ကြီး။

အုံကောင်းသော ဘီးဆံပတ်ကြီးနှင့် မြန်မာဆန်ဆန် ဝတ်တတ်သော ဘွားမေ ပုံစံက အသက်ကြီးနေသည့်တိုင်အောင် ဆင်းခန့် ပေါ်လွင်နေ၏။

ကျက်သရေရှိစွာ ခန့်ညားနေသော ဘွားမေ ပုံစံက မခတို့ အတွက်တော့ စံပြပုံစံခွက် တစ်ခုပင် ဖြစ်၏။ မခတစ်ဦး တည်းသာမဟုတ်၊ မခရဲ့ညီအစ်မဝမ်းကွဲတွေအားလုံး ဘွားမေ၏ အမိန့်နှင့် ရင်ဖုံးနှင့် လုံချည်သာ ဝတ်ရလေ၏။

ဘွားမေနှင့်လည်း ဘယ်သူမှ မကင်းနိုင်လေတော့ ဘွားမေ လျှောက်ပြသည့် လမ်းကိုသာ မခတို့ လျှောက်ရလေ သည်။


www.burmeseclassic.com

www.burmeseclassic.com

အခုခေတ်ပေါ် အွန်စောစကာဒ်တို့တွေ၊ အကျီတွေ၊ ဘောင်းဘီတို့၊ ဘောင်းဘီရှည် ခေတ်ပေါ် အဝတ်အစား မှန်သမျှသည် မခတို့ညီအစ်မတွေနှင့် ဘာမှမဆိုင်။

မခတို့ ညီအစ်မတွေ ဝတ်ရသောဝတ်စုံသည် ရင်ဖုံးအကျီနှင့် လုံချည်သာ ဖြစ်၏။

"ဖေဖေ အင်္ဂလိပ်စာအုပ်တွေ အများကြီးပဲနော်"

"သမီးအဘွား ဖတ်တာလေ"

"အားလုံးလား"

"ဟုတ်တယ်"

မခ ပန်းတွန့်လိုက်သည်။ ဘွားမေ စာအုပ်စင်မှာ အများဆုံး နေရာယူထားတာက အင်္ဂလိပ်စာအုပ်တွေချည်းပဲသာ ဖြစ်၏။ စာအုပ်တွေကို စိတ်ဝင်စားသော်လည်း မခ ထပြီးမယူကြည့်ဝံ့။ ယူကြည့်လျှင်လည်း မခ ဘာမှနားလည်မည်မဟုတ်။

"သမီးအဘွားက စာအရမ်းဖတ်တာ၊ ဖေဖေတို့အားလုံး သမီးအဘွားကို ဘယ်သူမှ မမီကြဘူး"





"ဖေဖေတို့ မောင်နှမတွေအားလုံး ညံ့ကြလို့ပေါ့"

"ဘွားမေကိုက အရမ်းတော်နေတာပါ"

အမှန်မှာ ဖေဖေတို့ မောင်နှမအားလုံး မညံ့ကြောင်း မခ မျက်မြင်။ သို့သော်လည်း ဘွားမေ၏ ဂုဏ်သတင်းကိုတော့ ဘယ်သူမှ မကျော်လွှားနိုင်ရှာ။

ခဏနေတော့ အိမ်ထဲလှမ်းဝင်လာသော မဒီနှင့် ဘညာကို လှမ်းမြင်လိုက်ရသဖြင့် မခ ဝမ်းသာသွားသည်။ ဘွားမေရဲ့ အုပ်ထိန်းမှုအောက်မှာ မခ တစ်ယောက်တည်း ပျင်းရိနေမည် မဟုတ်တော့။

မဒီက မခထက် နှစ်နှစ်နီးပါးကြီးပြီး ကညာကတော့ မခနှင့် မတိမ်းမယိမ်းဖြစ်၏။ မခတို့ ဆွေမျိုးတွေအားလုံး မိန်းကလေးဆိုလျှင် ဆယ်တန်းစာမေးပွဲ ဖြေပြီးပြီဆိုသည်နှင့် ဘွားမေ၏ အုပ်ထိန်းမှုအောက် ဝင်ကြရသည်။

မဒီ ခမျာ အရင်နှစ်က စာမေးပွဲဖြေခါနီး အဖျားကြီးသဖြင့် စာမေးပွဲ မဖြေရရှာပဲ ဆယ်တန်းကျကာ မခတို့နှင့်


www.burmeseclassic.com

www.burmeseclassic.com



အတန်းတူသွားရှာ၏။ ဘာပဲဖြစ်ဖြစ် ဘွားမေရဲ့ သင်တန်းမှာ မဒီနှင့် ကညာပါ အဖော်ပါသည်ဆိုတော့ မခ စိတ်သက်သာရာ ရသွားသည်။

မဒီရော ကညာပါ မခလိုပင် ရင်ဖုံးလေးနှင့် လုံချည် ခပ်ရှည်ရှည် ဝတ်ထားကြလေသည်။

သူမတို့နှစ်ယောက်လုံးက ဘွားမေကို မော့ကြည့်ပြီး မခကို ပခုံးတွန့်ပြသည်။

"ကဲ ... ပြီးပြီ"

ဘွားမေအသံ ကြားသည်နှင့် အားလုံးက သတိ အနေအထား ဖြစ်သွားသည်။ ဘွားမေ ကွန်ပျူတာပါဝါခလုတ် ကို ပိတ်ပြီး သားနှစ်ယောက်နှင့် မြေးသုံးယောက်ကို လှည့်ပြီးရင် ဆိုင်လိုက်သည်။

မျက်လုံးညိုညိုနှင့် မေမဒီက ကုလားဆင်လေးဖြစ် ပြီး၊ သူမကိုယ်သူမ ဆရာဝန်တစ်ယောက် ဖြစ်ရမည်ဟု ရည်မှန်း ထားသူ။ ဒါကြောင့်လည်း မနှစ်က စာမေးပွဲမှာ ဖျားနေသဖြင့်





အမှတ်နည်းမှာစိုးပြီး ဝင်မဖြေခဲ့။ မြေးတွေအားလုံးထဲမှာတော့ မေဒီက အတော်ဆုံး။

မေကညာက ပုပုလုံးလုံးလေးနှင့် ချစ်စဖွယ်ကောင်း သူ။ သူမပုံစံလေးက ဘယ်အချိန်ကြည့်ကြည့် ကလေးတစ်ယောက် နှင့် မခြား။ စိတ်ကူးကတော့ ကြီးကြီးကျယ်။ နိုင်ငံတကာအဆင့် ဒီဇိုင်းနာတစ်ယောက် ဖြစ်ချင်သည်တဲ့။

မေမခကတော့ မြေးတွေအားလုံးထဲမှာ အချောဆုံး ဖြစ်၏။ ဖြူဝင်းမွတ်နေသော အသားအရေနှင့် ငယ်ဂုဏ်ပေါင်း ဆော့ ဘယ်သူမှ လိုက်မမီတော့။ မျက်အိမ်ကျယ်ကျယ်နှင့် မျက်ဆံနက်နက်ကြီးတွေက ထင်းခနဲနေအောင် လှပလွန်းသည်။

ဒီကောင်မလေးကျတော့ တစ်မျိုး၊ ဟိုနေရာစပ်စပ်၊ ဒီနေရာစပ်စပ် အကုန်ပါသည်။ ပါနိုင်လောက်အောင်လည်း သူမ လေးက သွက်လက်လွန်းသည်။ ဘာဖြစ်ချင်လဲ မေးရင်တော့...

"မသိသေးပါဘူး ဘွားမေရယ်"ဟု ရယ်ကျဲကျဲနှင့် ဖြေတတ်သူလေး။



www.burmeseclassic.com

www.burmeseclassic.com

မခလေး ဘာကို စိတ်ဝင်စားလဲ သိအောင်တော့ ဘွားမေ အတော်လေ့လာရဦးမည်။

"ဘွားမေ ဒီမှာ ဘွားမေမြေးတွေကို လာပို့ပြီ"

မြေးတွေသာမက သားသမီးတွေ အားလုံးကလည်း နှုတ်ကျိုးနေကြပြီ။ မေမေလို့ ဘယ်သူမှ မခေါ်တော့။

"အေး ... ကောင်းတယ်၊ ငါတော့ အလုပ်ရှုပ်ပြီပေါ့"

တကယ်တော့ ဘွားမေမှာ အချိန်ပိုက သိပ်မရှိ။ မဂ္ဂဇင်းတော်တော်များများ၏ ပင်တိုင်ဆောင်းပါးရှင် ဖြစ်သဖြင့် ဆောင်းပါးများကိုလည်း လစဉ် အလျင်မီအောင် ရေးနေရသည်။ ဒီဆောင်းပါးတွေ ရေးဖို့အတွက် စာဖတ်ရသည်။ အင်တာနက် ကြည့်ရသည်။ ဒါကလည်း အချိန်ပေးရသေးသည်။

ရင်းနှီးသူတွေဖိတ်သော ညစာစားပွဲကလည်း မဖြစ်မနေ သွားရသေးသည်။ ဘုရားရှိခိုး၊ တရားထိုင်သည့် အလုပ်ကိုတော့ မနက်တိုင်း နှစ်နာရီခန့် အချိန်ယူပြီး ဘွားမေ မှန်မှန်လုပ်လေ့ရှိသည်။

"မဒီ လာခဲ့"





ဘွားမေရှေ့သို့ မဒီ ရိုရိုကျိုးကျိုးလေး ချဉ်းကပ်သွားသည်။

"စာမေးပွဲ ဖြေနိုင်လား"

"ဟုတ်ကဲ့၊ ဖြေနိုင်ပါတယ် ဘွားမေ"

"ဂုဏ်ထူး ဘယ်နှခုမှန်းလဲ"

"အောဒီပါ ဘွားမေ"

ယုံကြည်ပိုင်နိုင်သော အဖြေကို ကြားရသဖြင့် ဘွားမေ ကျေနပ်သွားသည်။ ဒီအတိုင်းဆို မဒီက ဆရာဝန်ဖြစ်ဖို့ သေချာနေပြီ။ ကိုယ့်မျိုးရိုးတဲမှာ ဆရာဝန်တစ်ယောက် တိုးလာတာတော့ ဝမ်းသာဂုဏ်ယူစရာပင်။

"ကညာ တိုးလာခဲ့ဦး"

ပုပုလုံးလုံး ကောင်မလေး အနားရောက်လာတော့ ဘွားမေ ရယ်ချင်စိတ်ကို မနည်းထိန်းနေရသည်။ ဒီဇိုင်းနာတစ်ယောက်တဲ့၊ အရပ်ပုပု ကောင်မလေးနှင့် ဘယ်လိုမှ မလိုက်ဖက်။ ဒါပေမဲ့ ဝါသနာပါသည်ဆိုတော့ ပြုစုပျိုးထောင်ပေးရဦးမည်။

"သမီးက ဒီဇိုင်းနာတစ်ယောက် ဖြစ်ချင်တယ်ဆို"


www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ ဘွားမေ"

"စက်ချုပ်ကော တတ်လား"

"ဟင် ... ဘွားမေပဲ ဆယ်တန်းမအောင်ခင် ဘာမှမသင်ရဘူးဆို၊ ဘယ်လိုလုပ် တတ်မှာလဲ"

ဟုတ်သားပဲ။ မြေးတွေအားလုံး ဆယ်တန်းမအောင်ခင် ဘာမှမသင်ရဘူးဟု ဘွားမေ ကိုယ်တိုင် အမိန့်ထုတ်ထားခဲ့သည်ပဲ။

"ညည်း ဒီလောက် ဝါသနာကြီးနေလို့ နိုးများသင်ထားသလားလို့ မေးကြည့်တာ"

ကညာ မလုံမလဲ ဖြစ်သွားသည်။ ကြည့်စမ်း ... သူမ နိုးပြီးစက်နင်းနေတာကို ဘွားမေ သိများသိနေသလား။

"မဟုတ်ပါဘူး ဘွားမေကလည်း"

ဒါကြောင့်လည်း ကညာ လေသံပျော့သွားတာဖြစ်မည်။ ဘွားမေသာ နောက်တစ်ခွန်း ထပ်အစ်လိုက်၊ ကညာဝန်ခံပြီးသား ဖြစ်နေလိမ့်မည်။





"မခ"

"ဟုတ်ကဲ့ ဘွားမေ"

ဘွား စကားတောင် မဆုံးသေး။ မခက ရှတ်ခနဲ ဘွားမေရှေ့ ရောက်နေပြီ။

"သမီးကရော ဘာဖြစ်ချင်လဲ"

"အင်း ... သမီးက ..."

မခ ဘာပြောရမှန်း မသိသေး။ မဖြေပြန်လျှင်လည်း ဘွားမေ ဆူဦးမည်။

ဘွားမေ နောက်မှ အင်္ဂလိပ်စာအုပ်တွေကို မြင်တော့ လှစ်ခနဲ အကြံရသွားကာ ...

"သမီး အင်္ဂလိပ်စာအုပ်တွေ ဖတ်ချင်ပါတယ် ဘွားမေ"

"ဒါ ရည်ရွယ်ချက်မှ မဟုတ်တာ မခ"

"သမီးကြီးလာရင် ဘွားမေလိုမျိုး လုပ်မှာပေါ့၊ အင်္ဂလိပ်စာအုပ်တွေဖတ်လိုက်၊ စာရေးလိုက်၊ ကွန်ပျူတာလေးနှိပ်လိုက်၊ ဘုရားရှိခိုးလိုက် ဘယ်လောက်ကောင်းလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒီမြေးလေးက ပေါက်ကရပြောတတ်ပေမဲ့ ချစ်စရာကောင်းလွန်းတာကြောင့် ဘွားမေ အပြစ်မမြင်ရက်။ ယောက်ျားယူမယ် မပြောတာပဲ ကံကောင်း။

"အင်္ဂလိပ်စာကတော့ မြေးတို့ သုံးယောက်လုံး သင်ရမှာပဲ၊ မြေးတို့ သချာမှတ်ထား၊ သူများထက် တော်ချင်ရင် ရှေ့ရောက်ချင်ရင် အင်္ဂလိပ်စာကို သေချာကြိုးစားပြီး သင်ရမယ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

"ပြီးမှ အချက်အပြုတ်၊ ဇာထိုးပန်းထိုး၊ စက်ချုပ်၊ ကွန်ပျူတာ အားလုံးသင်ရမယ်"

ဇာထိုးပန်းထိုးနှင့် စက်ချုပ်ဆိုသည့်စကား ပါလာတော့ မခရော မဒီရော စိတ်ညစ်သွားသည်။ သူမတို့တစ်တွေက အဲဒါတွေ စိတ်မဝင်စား။ ဘွားမေ ဧည့်ခန်းမှာ တပ်ဆင်ထားသည့် နံရံချောင်းထိုး လိုက်ကာရှည်ကြီးတွေက ဘွားမေ ငယ်စဉ်က ထိုးခဲ့တာတဲ့။





အခုချိန်အထိ ဖြူဖွေး လှပဆဲဆိုတာ မခ မျက်မြင်။ မဒီ နာခေါင်းရှုံတာ မြင်တော့ မခ အားတက်သွားသည်။ မဒီလည်း စိတ်ဝင်စားပုံ မပေါ်။

"မနက်ဖြန်ကစပြီး မနက်ရှစ်နာရီအရောက် လာရမယ်၊ နောက်ကျတဲ့သူက တစ်ခြံလုံးကို တံမြက်စည်းလှည်းရမယ်၊ ညနေ ခြောက်နာရီမှ ပြန်ရမယ်၊ ကြားလား"

"ဟုတ်ကဲ့"

မခတို့ သုံးယောက်စလုံး လေသံပြိုင်တူ ထွက်လာပေမဲ့ စိတ်ပျက်သံတွေ ရောနှောနေသည်။

"မေမခ ဒီကြားထဲမှာ သေချာစဉ်းစားထား၊ ကိုယ်ဘာဖြစ်ချင်လဲဆိုတာ"

မခ ပခုံးတွန့်ရင်း ပြုံးလိုက်မိသည်။

❦ ✦ ❦



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးနေ့မှာပင် မခ နောက်ကျသဖြင့် ဘွားမေ၏ ခြံတစ်ခြံလုံးကို တံမြက်စည်း လှည်းလိုက်ရသည်။ ဘွားမေက မခ နောက်ကျသော်လည်း တစ်ခွန်းမှ မဆူ။

မဆူသော်လည်း မခ စိတ်ထဲမှတ်သွားသည်။ နောက်တစ်ခါ ဘယ်တော့မှ နောက်မကျစေတော့။ ဆယ်နာရီထိုးတော့ ဘွားမေက မခတို့ကို မြို့ထဲရှိ အင်္ဂလိပ်စာသင်တန်းတစ်ခုသို့ ခေါ်သွားသည်။

"ဒီသင်တန်းက ဆရာက သင်တာလည်း နည်းစနစ်မှန်တယ်၊ အသင်အပြလည်း ကောင်းတယ်၊ မြေးတို့ ကြိုးစားပြီး သင်ရမယ်နော်"





"ဟုတ်ကဲ့"

သင်တန်းရောက်တော့ ဆရာ စာသင်နေသည်မှာ ထမအချိန် ပြီးလုလုဖြစ်၏။ ဘွားမေ နာရီကို တစ်ချက်ငုံ့ကြည့်ပြီး ...

"Excuse me ဆရာ၊ ကျွန်မတော့ ဆရာ့ကို နှောင့်ယှက်မိပြီ၊ သင်တန်းပြီးတဲ့အထိ ကျွန်မ မစောင့်နိုင်လို့ပါ ဆရာ"

ဘွားမေသည် သင်တန်းဆရာကို အင်္ဂလိပ်လို နှုတ်ဆက်ပြီး အင်္ဂလိပ်လိုပင် ပြောလိုက်၏။ သင်တန်းဆရာက အခြားသူသာဆိုလျှင် သင်တန်းချိန်ကို နှောင့်ယှက်ရမလားဆိုပြီး စိတ်ဆိုးသော်လည်း ဘွားမေကိုတော့ စိတ်မဆိုးဝံ့။

ဘွားမေ၏ အရည်အချင်းနှင့် ဂုဏ်ရှိန်က နည်းနည်းနောနော မဟုတ်။ စိတ်ဆိုးဝံ့စရာ အကြောင်းမရှိ။

"ရပါတယ် ဘွားမေရယ်၊ အခုလို များများနှောင့်ယှက်ပါစေလို့ ကျွန်တော် ဆုတောင်းနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်တော့ ဆရာ ဆုတောင်းပြည့်ပြီ ဆရာ၊ နောက် ဆိုရင် ကျွန်မ ခဏခဏ လာနှောင့်ယှက်တော့မှာ"

မခတို့ ညီအစ်မတွေက ဘွားမေ ဆရာနှင့် အင်္ဂလိပ်လို အပြိုင်ပြောနေတာကိုကြည့်ပြီး အံ့သြနေမိသည်။ သင်တန်းသူ သင်တန်းသား အယောက်တစ်ရာလောက် ရှေ့မှာ ဘွားမေ [illegible] ဘာရှိုးတိုးရှန့်တန့်မှ ဖြစ်မနေ။ ကိုယ့်အိမ် ကိုယ့်ရာမှာ ပြောနေသည် နှယ် ပိုင်ပိုင်နိုင်နိုင် ရှိလှသည်။

ပညာရဲရင့် ပွဲလယ်တင့် ဆိုတာ ဒါမျိုးဖြစ်ပေလိ [illegible] မည်။

သင်တန်းသူ သင်တန်းသားတွေကလည်း ဘီးဆံပ [illegible] နှင့် ကျက်သရေရှိလှသော အဘွားကြီးတစ်ယောက် သူတို့ဆ [illegible] နှင့်အပြိုင် အင်္ဂလိပ်လို မွတ်နေအောင် ပြောနေတာကို ကြည့်ပြီး အံ့သြနေကြသည်။

မခတို့ ညီအစ်မတွေကတော့ လူတွေအများကြီး [illegible] မှာ ရပ်နေရတာ ရှက်လှပြီ။ ဘွားမေကလည်း ဆရာနှင့် [illegible]





[illegible]ယ်လိုက်ဖရှင်းတွေရော အင်တာနက်တွေရော ပါသော အင်္ဂလိပ် [illegible]လုံးတွေနှင့် ဘာတွေပြောနေမှန်း မခတို့ နားမလည်။

သင်တန်းသားတွေကတော့ ကျေနပ်နေကြသည်။ [illegible]သင်တာရပ်ပြီး ကောင်မလေး ချောချောလေး သုံးယောက်ကို [illegible]း‌မောခွင့် ရသည်။

အဆုံးသတ်မှာတော့ ဆရာက ...

"ကဲ ... ဒီနေ့တော့ ဒီလောက်ပဲ၊ မနက်ဖြန်ကျမှ ဆက်မယ်"

သင်တန်းသူ သင်တန်းသားတွေ ဝေါခနဲ ပြိုဆင်း [illegible]ြီး လှုကွဲသွားမှ မခ သက်ပြင်းချမိသည်။

"ဆရာ ... ဒါ ကျွန်မရဲ့မြေးတွေပါ၊ ဒါက မေမဒီ၊ သူက မေကညာ၊ သူလေးက မေမခ၊ အားလုံးကို အခြေခံကစပြီး တတ်ကျွမ်းအောင် သင်ပေးပါ ဆရာ"

"စိတ်ချပါ ဘွားမေ၊ စိတ်ချပါ၊ ကလေးတွေ တတ်ကျွမ်းအောင် သင်ပေးရမှာ ကျွန်တော့် တာဝန်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်တော့ စိတ်ချပြီ ဆရာ"

ထိုအခိုက်မှာပင် မခ၏ ဘဝတစ်လျှောက်လုံးကို ပိုင်စိုးထားမည့် လူတစ်ယောက် ပေါ်ပေါက်လာလေသည်။

"ကိုကိုနိုဝယ် ဒီနေ့ သင်တန်းရှိသေးလား"

"မရှိတော့ဘူး ညီ၊ ခဏလေး၊ ဒီမှာညှော်သည်တွေနဲ့ စကားပြောလိုက်ဦးမယ်"

ဩရသသည် ကိုကိုနိုဝယ်နှင့် စကားပြောနေသော ဧည့်သည်တွေကို တစ်ချက် အကဲခတ်လိုက်သည်။ ကောင်မလေး သုံးယောက်။ တစ်ယောက်သော ကောင်မလေးဆီ အကြည့်ရောက်သွားတော့ နှလုံးခုန်သံက ဒိုင်းခနဲ ဆောင့်တက်သွားသည်။

လှလိုက်တဲ့ ကောင်မလေး။ ရွှေလိုဝင်းအိပြီး ဖူးဖူးအောင်လှသော ကောင်မလေးဆီမှ ဩရသ အကြည့်မခွာနိုင်တော့။

နိုင်ငံတကာ လှည့်ဖူးသော်လည်း ဩရသကို ရင်ခုန်စေမည့်သူ တစ်ယောက်မှ မတွေ့ခဲ့။ ဝဲဖြာမည်းနက်နေသော ဆံနွယ်ဖားဖားများသည် သူမ၏အလှကို ပိုပြီးကျက်သရေရှိအောင် ပံ့ပိုးပေးထားကြသည်။





ဩရသက ခပ်ရဲရဲ လူငယ်လေးတစ်ယောက် ဖြစ်တာကြောင့် ...

"ကိုကို ဧည့်သည်တွေနဲ့ မိတ်ဆက်ပေးဦးလေ"

နိုဝယ်က ညီဖြစ်သူကို အံ့အားသင့်သလို တစ်ချက်သာကြည့်ပြီး သဘောပေါက်စွာ ပြုံးလိုက်သည်။ တစ်ခါမှမတောင်းဆိုဖူးသော ရှားရှားပါးပါး တောင်းဆိုချက် ဖြစ်တာကြောင့် အလွယ်တကူ လိုက်လျောမိသွားသည်။

"ဘွားဘွား ... သူက ကျွန်တော့်ရဲ့ညီဝမ်းကွဲ ဩရသ၊ အမေရိကားမှာ ကျောင်းတက်နေတာ၊ အခု ကျောင်းပိတ်လို့ ခဏလာလည်တာ"

"သြော် ... တွေ့ရတာ ဝမ်းသာပါတယ်ကွယ်"

အရပ်မြင့်မြင့်နှင့် တော်တော့်ကို ကြည့်ကောင်းသော လူငယ်လေးကို ဘွားမေ ချက်ချင်း သတိပြုမိသွားသည်။ အရပ်အမောင်းနှင့် ရုပ်ရည်က ကောင်မလေးတွေ နှစ်ခြိုက်မည့်ပုံစံ။

မြေးသုံးယောက်အတွက် ဘွားမေ ချက်ချင်းစိတ်ပူသွားသော်လည်း ဒါသဘာဝပဲလေဟု ဖြေတွေး တွေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ကျွန်တော်ကလည်း တွေ့ရတာ ဝမ်းသာပါတယ် ဘွားဘွား"

အဘွားကြီးက အင်္ဂလိပ်လို နှုတ်ဆက်တာကြောင့် သြရသကလည်း မြန်မာလို မနှုတ်ဆက်တော့။ ပြီးတော့ ဒီဘွားဘွားရဲ့ လေသံက အသက်အရွယ်နှင့် မလိုက်ဖက်အောင် အဆင့်မြင့်မားလွန်းသည်။

ကောင်မလေး သုံးယောက်နှင့် ဆက်ပြီး မိတ်ဆက်ပေးမလားဟု သြရသ မျှော်လင့်သော်လည်း ကိုကိုနိုဝယ်က မသိချင်ယောင်ဆောင်နေသည်။ နောက်တစ်ကြိမ် ထပ်ပြောဖို့ကလည်း မသင့်တော့။

ကောင်လေးရဲ့ အကြည့်က နောက်ဘက်မှာ ရပ်နေသော မြေးသုံးယောက်ဆီက တစ်ယောက်မှာ ရစ်ဝဲရပ်တုံ့နေကြောင်း ဘွားမေ ရိပ်မိသည်။

မြေးတွေကို နောက်လှည့်ကြည့်ဖို့ မသင့်သော်လည်း ဖြစ်နိုင်ချေ ရှိတာတော့ မခလေးသာ ဖြစ်ပေလိမ့်မည်။ သြရသ၏





အထက်တန်းကျလှသော ရုပ်ရည်နှင့် အပြုံးချိုချိုလေးက နှစ်သက်စရာ ကောင်းလွန်းနေသည်။

သို့သော် သြရသက ရဲတင်းသွက်လက်မှုနှင့် အသားကျလာသူ ဖြစ်၏။ ဒါကြောင့်လည်း ...

"ဘွားဘွား ... ဘွားဘွားမြေးတွေနဲ့ကော ကျွန်တော် သူငယ်ချင်းဖြစ်လို့ ရမလား"

ကောင်လေးကို မြင်မြင်းချင်း ချစ်ခင်မိပေမဲ့ ဘွားမေ၏ အလွယ်တကူ မလိုက်လျောနိုင်။ နိုင်ငံခြားမှာ ကြီးပြင်းခဲ့သော လူတစ်ယောက်၏ စရိုက်ကို ဘွားမေ မခန့်မှန်းနိုင်သေး။

"ရပါတယ်ကွယ်၊ နောက်ကြုံမှပေါ့"

ဘွားမေ ပညာသားပါပါ ရှောင်ထွက်သွားတော့ သြရသ ရှေ့ဆက်၍ မရတော့။ နောက်ကြုံမှပေါ့တဲ့။ အင်းလေ... ကြုံ ကြုံအောင်လုပ်ဖို့ဆိုတာ သိပ်ခဲယဉ်းတာမှ မဟုတ်ဘဲ။

"ဟုတ်ကဲ့ ဘွားဘွား၊ နောက်တစ်ခါပေါ့၊ ကိုကို ကျွန်တော် အောက်ထပ်ကော်ဖီဆိုင်က စောင့်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဩရသက ဘွားမေတို့ကို ကျော်အဖြတ်မှာ ဘွားမေ မမြင်အောင် မေမခကို မျက်လုံးအသာမှိတ်ပြလိုက်သည်။ ကောင်မလေးက သူ့ကို ဂျစ်တစ်တစ် ကြည့်နေသည်။ အရမ်းကိုချစ်ဖို့ကောင်းတဲ့ ကောင်မလေး။

တစ်နေ့နေ့မှာ ဒီကောင်မလေး သူ့ရဲ့ချစ်သူ ဖြစ်လာလိမ့်မယ်ဆိုတာ တွေးမိတော့ ဩရသ စိတ်ချမ်းသာစွာ "ဟေး"ခနဲ အော်ဟစ်မိသွားသည်။

လေ့ခါးအတက်အဆင်းမှာတွေ့သော သင့်တန်းသူအုပ်စုက သူ့ကိုကြည့်ပြီး ဝါးခနဲ ရယ်ချလိုက်ကြသည်။

❦ ◆ ❦





ကိုကိုနိုဝယ်ဆီမှ ရသော သတင်းအချက်အလက်အရတော့ ခဏနေလျှင် မေမခ တက်နေသောသင်တန်း ဆင်းပြီ။ သင်တန်းအပေါ်မှာ မနှောင့်ယှက်ဖို့ ကိုကိုနိုဝယ်က ပြင်းပြင်းထန်ထန် သတိပေးထားသဖြင့် သင်တန်းအောက်မှာပဲ စောင့်နေလိုက်သည်။

ခဏနေတော့ သင်တန်းဆင်းလာသော ခြေသံတွေကို စတင်ကြားရသည်။ ရင်ဖုံးအင်္ကျီ ကျောက်စိမ်းရောင်လေးနှင့် မခကို မဒီနှင့် ကညာရဲ့အလယ်မှာ တွေ့လိုက်ရသည်။

နမ့်ူးအပြောင်သိမ်းထားသောဆံနွယ်များကို အနောက်မှာ ဖွတ်မြီးတစ်ချောင်းတည်းထုံးကာ စုစည်းထား၏။ ပြောင်လှင်း



www.burmeseclassic.com

www.burmeseclassic.com



နေသော မျက်နှာလေးသည် နုပျိုလန်းဆန်းမှုနှင့် တင့်တယ်လွန်းနေ၏။

မမျှော်လင့်သော အနှောင့်အယှက် တစ်ခုက ဝင်လာသေးတော့ ဩရသ စိတ်ညစ်သွားသည်။ မခတို့ ဘေးနားမှာ တတွတ်တွတ်နှင့် လိုက်စကားပြောနေသော ကောင်လေး နှစ်ယောက်။

ကိုယ့်ထက် အကြိုဦးတဲ့သူနဲ့ တွေ့နေပြီ။ ဒီလူနှစ်ယောက်ကို ဘယ်လိုဖယ်ထုတ်ရမလဲ စဉ်းစားနေရသေးသည်။ ဒီလူငယ်လေးနှစ်ယောက်ကို ကိုကိုနိုဝယ် သင်တန်းမှ သင်တန်းသားတွေဆိုတာ လက်ထဲမှာကိုင်ထားသော စာအုပ်တွေက သက်သေခံနေကြသည်။

ဩရသက မခတို့ဆီ လှမ်းလျှောက်သွားပြီး ခပ်တည်တည်နှင့် ...

"ညီလေး ... ညီလေးတို့နှစ်ယောက်ကို ဆရာက ခဏလာခဲ့ပါဦးတဲ့"





"အစ်ကို လူမှားနေပြီ ထင်တယ်"

"မမှားပါဘူး၊ ခုနကပဲ ဆရာက ဝရန်တာက လက်ညှိုးထိုးပြီး သေချာပြတာ၊ မယုံရင် သွားမေးကြည့်လေ"

ကောင်လေးနှစ်ယောက်လုံးက ဩရသ၏ လှည့်ကွက်ကို လုံးဝမစဉ်းစားမိဘဲ အီလယ်လယ်ကြီးဖြစ်ကာ ရှုံ့မဲ့နေကြ၏။

"ဒုက္ခပါပဲ ... ဆရာ ငါတို့ကို ခေါ်ဆူပြီထင်တယ်"

"အေးကွာ ... ဒုက္ခပဲ"

နှောင်ခါနှောင်လာချေးဟု ဩရသက သဘောထားကာ ...

"ငါ့ညီတို့ အမြန်သွားလိုက်ဦး၊ တော်ကြာ ဆရာစိတ်ဆိုးနေဦးမယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ကောင်လေးနှစ်ယောက် ထွက်သွားတော့ ဩရသ မထိန်းနိုင်ဘဲ ရယ်မိသွားသည်။ မခတို့ မိန်းကလေးသုံးယောက်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ရိုးစင်းလှသော လှည်းကွက်လေးကို သဘောပေါက်မိသည်။

လှလည်ကျလွန်းသော လှငယ်လေးကို မောအကြည့်မှာ မခ ရင်ခုန်သံတွေ ဆူညံသွားသည်။ သူ ...။ ဟိုတစ်နေ့က ဘွားမေနှင့် မိတ်ဆက်ခဲ့သူ။

ချောလွန်းသဖြင့် မဒီက ဘွားမေအလစ်မှာ တသသ ပြောခဲ့သူ။ ယောကျ်ားတစ်ယောက်နှင့် မလိုက်ဖက်အောင် အသားအရေက ဖြူဖွေးသန့်စင်လွန်းနေသည်။ ထိုအသားအရေနှင့် လိုက်ဖက်လွန်းသော ရုပ်ရည်သည် ထင်းခနဲနေအောင် ထူးခြားလွန်းသည်။

"ဘွားဘွား မပါဘူးလား မခ"

သူ့ရဲ့ ဦးတည်ရာသည် မခ ဖြစ်မှန်းသိတော့ မခ လှုပ်ခနဲ ပျော်ရွှင်သွားသည်။ ကြည့်စမ်း ... သူက မခကို ပတ်သက်ချင်သည့်ပုံ။

"ဘာတွေ လာပြောနေတာလဲ"





"ဟုတ် ... သိတယ်လေ၊ မနေ့ကပဲ ဘွားဘွားနဲ့ မိတ်ဆက်ထားတယ်လေ"

"ဘွားနဲ့ မိတ်ဆက်တာလေ၊ တို့တွေနဲ့မှ မဟုတ်တာ"

မခ မျက်နှာလေးမှာ မာနကြီးသည့် အရိပ်အယောင်ရှိသလို၊ ပျော့ပျောင်းညင်သာသည့် အသွင်လည်း ရှိမနေ။ သူ့ဘာနဲ့သူ ပုံမှန်လေးဖြစ်သဖြင့် ဩရသ စိတ်သက်သာရာ ရသွားသည်။

မေမခကို မြင်မြင်ချင်း ငြိတွယ်ဦးညွှတ်မိသွားသည့် အိုယ်ကိုယ်ကိုယ်တောင် မယုံမိချင်။

"သြော် ... ဘွားဘွားကို ဘွားမေလို့ ခေါ်တာလား၊ တို့လည်း နောက်ဆို ဘွားဘွားကို ဘွားမေလို့ပဲ ခေါ်တော့မယ်နော်၊ ကဲ ... အခု တို့က မင်းကို မိတ်ဆက်လို့ရပြီလား"

"မရဘူး"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဒီ ပြောပြလိုက်"

ကုလားဆင်လေးချောသော ကောင်မလေးက သူ့ကို မျက်နှာထားတည်တည်နှင့် လှမ်းပြောသည်။

"အခုလောလောဆယ် ကျွန်မတို့အားလုံးက အခု ဘွားမေရဲ့ အုပ်ထိန်းမှုအောက်မှာ ရှိနေတာလေ၊ ဘွားမေ မသိဘဲနဲ့ ဘာမှလုပ်လို့ မရဘူး၊ ဘွားမေ ခွင့်ပြုချက်ရမှဖြစ်မှာ"

"ခင်ဗျာ"

စကားလုံးတွေက ဩရသအတွက် ဆန်းကြယ်လှနေသည်။

"ဟိုလေ ... မိဘတွေ မရှိကြဘူးလား"

"ရှိတယ်လေ"

ရင်ဖုံးအင်္ကျီနှင့် ကောင်မလေးသုံးယောက်၏ မိဘဆွေမျိုးတွေက စိတ်ဝင်စားဖို့ ကောင်းနေပြီ။

"ဒါဆိုရင် ဘာဖြစ်လို့လဲ"





"မဒီတို့ ဆွေမျိုးတွေ အားလုံးက ဒီအတိုင်းပဲ၊ ဆယ်တန်းအောင်ပြီ ဆိုတာနဲ့ ဘွားမေဆီမှာ သွားနေရတယ်၊ ဘွားမေစိတ်ကျေနပ်ပြီဆိုမှ အိမ်ပြန်ရတယ်"

"ဘွားမေ စိတ်ကျေနပ်အောင် ... ဟုတ်လား၊ ဘာတွေလုပ်ရတာလဲ"

ကြားရသမျှတော့ ဩရသ အတွက် ထူးဆန်းနေသည်။

"မဒီတို့ မိန်းကလေးတွေ တတ်အပ်တဲ့ ပညာအားလုံးပေါ့၊ အချက်အပြုတ်၊ အချုပ်အလုပ်နဲ့ ကွန်ပျူတာတို့ အင်္ဂလိပ်စာတို့ အားလုံးပေါ့"

"သူငယ်ချင်း ထားတာတောင် ဘွားမေကို တင်ပြရဦးမှာလား"

အီလည်လည် ဖြစ်နေသော ဩရသ မျက်နှာကို ကြည့်ပြီး မခတို့အားလုံး ခွီးခနဲ ကျိတ်ရယ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေး သူငယ်ချင်းဆိုရင် မလိုပါဘူး၊ ယောကျ်ားလေး သူငယ်ချင်း ဆိုရင်တော့ လိုတာပေါ့၊ ဘာဖြစ်လို့လဲ ဆိုတော့ ယောကျ်ားလေး၊ သူငယ်ချင်းတွေက သူငယ်ချင်း အဆင့်မှာပဲ ရပ်နေကြတာ မဟုတ်ဘူးလေ"

အင်မတန် ရဲတင်းသွက်လက်သော ဩရသက မဒီ စကားကြားတော့ ခြေလှမ်းတွေတောင် မှားချင်ချင်။ ပိုပြီးခြေလှမ်း မှားစေတာက ရှေ့နားမှာ မရယ်မပြုံးနှင့် ခပ်တည်တည် ရပ်နေသော ဘွားမေကို ဘွားခနဲ တွေ့လိုက်ရ၍ ဖြစ်၏။

"ဟော ... ဘွားမေ လာကြို့နေတယ်"

ဩရသက မခေပါ။ ချက်ချင်း ဘွားမေကို ပြန်နှုတ်ဆက်လိုက်သည်။

"မင်္ဂလာပါ ဘွားမေ၊ ကျွန်တော်တို့ ပြန်တွေ့ကြပြီနော်အခုပဲ ကျွန်တော် ဘွားမေ အကြောင်း မေးနေတာ"

"ဘွားကို မေးတယ်ဆိုတော့ မြေးက ကိစ္စရှိလို့လားကွယ်"





ဒီကောင်လေးကို နောက်တစ်ကြိမ် ပြန်တွေ့ဖို့ဆိုသော ဘွားမေ မျှော်လင့်ပြီးသား ဖြစ်၏။ ခိုင်မာသော မေးရိုးတွေက ဘယ်အရာကိုမှ အလွယ်တကူ အလျှော့ပေးမည့်ပုံမပေါ်။

"မရှိပါဘူး ဘွားမေ၊ ကျွန်တော်တို့ ထပ်ကြုံပြီဆိုတော့ ဘွားမေ မြေးတွေနဲ့ သူငယ်ချင်း ဖြစ်ရပြီပေါ့နော်"

"မင်းက မကြုံကြုံအောင် ဖန်တီးခဲ့တာ မဟုတ်လားကွယ့်"

"ကျွန်တော့်မာမီက ပြောဖူးတယ် ဘွားမေ၊ ရေကို ဘယ်လိုနည်းနဲ့ပဲခပ်ခပ်တဲ့၊ အခိုက,က ရေပါဖို့ပဲတဲ့"

ဩရသ၏ ပါးနပ်မှုကြောင့် ဘွားမေ ပြုံးချင်သလိုဖြစ်သွားသည်။

သို့သော်လည်း မြေးမလေးတွေနှင့် ပတ်သက်နေသဖြင့် လိုက်လျောလွန်းသည်ဟုလည်း အထင်မခံချင်ပြန်။

"ရပါတယ်၊ ဘွားမေ စည်းကမ်းတွေကို လိုက်နာရင် ဘွားမေ မြေးတွေနဲ့ သူငယ်ချင်းဖြစ်လို့ ရပါတယ်"

"ပြောပါ ဘွားမေ"



www.burmeseclassic.com

www.burmeseclassic.com



မခနှင့် ပတ်သက်လျှင် မည်သည့်စည်းကမ်းမဆို လိုက်နာဖို့ ဩရသက အသင့်ဖြစ်နေသည်။

"ပထမအချက်ကတော့ အခုလို သင်တန်းအဆင်းအတက်မှာ ဘွားမေမြေးတွေကို လုံးဝမနှောင့်ယှက်ပါနဲ့၊ အဲဒီလုပ်ရပ်က မိန်းကလေးတွေရဲ့ ဣန္ဒြေကို ပျက်ပြားစေတယ်ကွယ့်၊ နောက်တစ်ချက်က ဘွားမေမြေးတွေနဲ့ သူငယ်ချင်းဖြစ်သွားပြီးတဲ့ နောက်ပိုင်းမှာ ဘွားမေ အရှေ့မှာပဲခေါ်ပါ၊ ပြောပါ၊ နှုတ်ဆက်ပါ၊ ဘွားမေ ခွင့်ပြုတယ်၊ ဘွားမေ ခွင့်မပြုဘဲ နောက်ကွယ်မှာ လုံးဝမခေါ်ပါနဲ့၊ ကုန်ကုန်ပြောမယ်ကွယ်၊ ဘွားမေ မပါရင် ဘွားမေ မြေးတွေနဲ့ လမ်းမှာတွေ့ရင်တောင် မခေါ်ပါနဲ့၊ မျက်နှာလွှဲသွားပါ"

တကယ့်ကို မလွယ်သည့် အချက်တွေဖြစ်၏။ ဘားလွတ်လပ်မှုမှ မရှိသော ဘောင်ထဲမှ စည်းကမ်းချက်တွေဖြစ်သည်။ သို့သော် ဩရသသည် မခ အတွက်ဆိုလျှင် အရာရာကို လက်ခံဖို့ အသင့်ဖြစ်နေခဲ့သည်။





"ဘယ်လိုလဲ၊ ဘွားမေ ပြောတဲ့ အချက်တွေကို မင်း လက်ခံနိုင်လား"

"ဟုတ်ကဲ့ ဘွားမေ၊ ကျွန်တော် လက်ခံပါတယ်"

"ကဲပြော ... မင်း ဘယ်သူနဲ့ သူငယ်ချင်း ဖြစ်ချင်တာလဲ ဘွားမေ မိတ်ဆက်ပေးမယ်"

ဒီအဘွားကြီး၏ ပွင့်လင်းမှုကိုတော့ ဩရသ လိုက်မမီတော့။ မခ တစ်ယောက်တည်းကိုပဲ သူငယ်ချင်း ဖြစ်ချင်ပါသည်ဟု ကွက်ပြော၍ မဖြစ်။ ဒါကြောင့် ...

"ကျွန်တော် သူတို့သုံးယောက်လုံးနဲ့ သူငယ်ချင်း ဖြစ်ချင်ပါတယ် ဘွားမေ"

"ကောင်းပြီလေ၊ သူက မေမဒီ၊ ဒီဘက်က မေမခ၊ သူလေးက မေကညာ၊ မြေးတို့ မှတ်ထား၊ သူ့နာမည်က ဩရသတဲ့၊ အမေရိကားမှာ ကျောင်းတက်နေတာ၊ အခု ကျောင်းပိတ်လို့ ခဏလာပြန်လည်တာ၊ မြေးတို့ သူ့ကို သူငယ်ချင်း တစ်ယောက်လို ခင်မင်နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဘွားမေ"

"တို့တွေ သူငယ်ချင်း ဖြစ်ပြီနော်"

ဘယ်သူ့ကို ဦးတည်ပြီး ပြောရမှန်းမသိသဖြင့် ဩရသ အီလည်လည်ကြီးနှင့် ရောပြောလိုက်ရသည်။ ဩရသ အမူအရာကိုကြည့်ပြီး မခတို့အုပ်စု ဘွားမေ အလစ်မှာ ခိုးပြီးရယ်မိကြသည်။

❦ ✦ ❦





ဒီတစ်ခါတော့ တမင်တကာ ကြုံကြိုက်တာမဟုတ်ဘဲ တကယ်ကြုံကြိုက်ခဲ့တာဖြစ်၏။ ဩရသက မြန်မာပြည်မှာ အချိန်အကြာကြီး မကြီးပြင်းခဲ့ပေမဲ့ လက်ဖက်ရည်ဆိုင် ထိုင်ရတာကို ကြိုက်သည်။

ဒယ်ဒီက ဟိုကနေ သေချာမှာလိုက်သည်။

"မြန်မာပြည်မှာ လက်ဖက်ရည်ဆိုင်ထိုင်ပြီး အချိန်ဖြုန်းနေကြတဲ့လူတွေ အများကြီးပဲ၊ ဩရသ ... မင်း ဟိုရောက်ရင် ကျန်တာကြိုက်တာလုပ်၊ လက်ဖက်ရည်ဆိုင် ထိုင်တော့ မထိုင်နဲ့"

ဒယ်ဒီ သေချာတားမြစ်လိုက်ပေမဲ့ ဩရသ လက်ဖက်ရည်ဆိုင် ထိုင်ဖြစ်အောင် ထိုင်မိပါသည်။ ထိုင်ဖြစ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်အရသာရော၊ ဆိုင်ထိုင်သည့် အရသာကိုရော သိသွားသည်။ သိသွားတော့လည်း ကြိုက်သွားသည်။ ကြိုက်သွားတော့ အကြိမ်ကြိမ် ထိုင်ဖြစ်သည်။

ဒယ်ဒီ ဘာကြောင့် တားမြစ်လဲဆိုတာ အခုမှ ဩရသ သဘောပေါက်သည်။ မြန်မာပြည်နှင့် အဝေးကင်းကွာနေတာကြောင့် ငယ်သူငယ်ချင်းတွေကို မနည်းရှာယူရသည်။ ပြန်တွေ့တော့လည်း အရင်လို အခင်အမင် မပျက်တာကြောင့် ဩရသ အဖော်မမဲ့တော့။

"မိုက်တယ်ကွာ၊ ဒီတစ်ခါ ဆိုင်ထိုင်ရတာ ကျက်သရေအရှိဆုံးပဲ"

"အေးကွာ ... ရိုးရိုးလေးနဲ့ ဆန်းတယ် ဆိုတာ ဒါမျိုးဖြစ်မယ်"

"ရက်ရက်စက်စက်ကို လှတယ်"

ဩရသရဲ့ သူငယ်ချင်းတွေ အားလုံးက မိန်းကလေးတစ်ယောက်ကို ချီးမွမ်းခဲ့တာကြောင့် ဩရသ လှမ်းကြည့်မိသွား





ည်။ ဒိန်းခနဲ ဆောင့်တက်သွားသော နှလုံးခုန်သံသည် ကမ္ဘာ ကြီးကို တုန်ခါမတတ်။

မခလေး ... သူ့ရဲ့ မခလေး။ ပြီးတော့ ဘွားမေနှင့် သာ။

"ဩရသ ... မင်းကြည့်စမ်း၊ လှတယ် မဟုတ်လား၊ မင်းတို့ဆီမှာ ဒီလိုအလှမျိုး ရှိမှာမဟုတ်ဘူး"

မိုးဇော် လှမ်းပြောချိန်မှာ ဩရသက အဆင်သင့် ပ်ပြီးနေပြီ။

"ဟာ ... မင်း ဘယ်လဲ"

"အဲဒီကောင်မလေးဆီ"

"မင်းနဲ့ သိလို့လား၊ ငါတို့နဲ့လည်း မိတ်ဆက်ပေးဦးလေ"

"မရှာဘူး သူငယ်ချင်း၊ လုံးဝပဲ"

အားလုံးက အံ့အားသင့်ခြင်းထဲမှာ မှင်သက်နေစိုက် ရသ ထထွက်လာသည်။ မခကို ဘယ်သူနဲ့မှ မိတ်ဆက်မပေး



www.burmeseclassic.com

www.burmeseclassic.com

မခကို သူ့ရဲ့လူအဖြစ် ဩရသ သတ်မှတ်ပြီးသား။ အခုလောလောဆယ်မှာတော့ မဟာစာတိုင်းနှင့်တူသော ဘွားမေကို ကျော်ဖြတ်ရဦးမည်။

"ဘွားမေ ... မင်္ဂလာပါ"

"ဩရသ ... မင်း ... လမ်းကြုံပြန်ပြီလား"

"ဘွားမေ .... ဒီတစ်ခါ တကယ်ကြုံတာပါ"

တီရှပ်ခပ်နွမ်းနွမ်းနှင့် ဂျင်းဘောင်းဘီကို ကြည့်ပြီး ဩရသ လိမ်ပြောတာ မဟုတ်မှန်း ဘွားမေ ရိပ်မိသွားသည်။

"ဘွားမေ ... ဈေးလာတာလား"

"ဟုတ်တယ်ကွယ့်၊ မင်းရော ဈေးလာတာလား"

"မဟုတ်ဘူး ဘွားမေ၊ ဒီရှေ့နားမှာ သူငယ်ချင်းတွေနဲ့ လက်ဖက်ရည် လာသောက်တာ၊ မခနဲ့ ကညာပဲလား၊ ဒေါ်ကော မပါဘူးလား"

ဩရသကလှည့်ပြီး ရင်းရင်းနှီးနှီး ပြောသော်လည်း မခရော ကညာပါ ဘွားမေရှေ့မှာ မလှုပ်ရဲ။





"ဒီလိုဈေးမျိုးကို မင်း ဘယ်ရောက်ဖူးမလဲ"

"ဟုတ်ကဲ့ ဘွားမေ"

"မင်း လက်ဖက်ရည်ဆိုင် ထိုင်မဲ့တူတူ ဘွားမေတို့နဲ့ဈေး လိုက်ခဲ့ပါလား၊ ဆန္ဒရှိရင်ပေါ့၊ ဘွားမေ အတင်းအကျပ် မခေါ်ဘူးနော်၊ ဩရသ ဆန္ဒရှိမှ လိုက်ပါ"

ဩရသအတွက်ကတော့ အခွင့်ကောင်းတစ်ခု ဖြစ်၏။

ဒီအခွင့်အရေးမျိုးကို သူက မျှော်လင့်နေသည့်အတွက် ပြန်တာက မြန်ဆန်လွန်းနေသည်။

"ဟာ ... ဆန္ဒရှိပါတယ် ဘွားမေ၊ ကျွန်တော်လည်း ဒီလို ဈေးမျိုးကို လေ့လာချင်နေတာ၊ အဖော်မရှိလို့ မရောက် ဖြစ်တာ၊ အခု ဘွားမေတို့ အဖော်ရှိတယ်ဆိုတော့ အတော် ပဲပေါ့"

"အေး ... အေး ... မင်း နောင်တရမယ်ဆိုတာ ဘွားမေ သေချာပြောရဲတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဒီလို သားငါးဈေးမျိုးဆိုတာ ယောကျာ်းမပြောနှင့် မိန်းမတွေတောင် မလွဲသာလို့ သွားရသည့်နေရာ။ ညှိနံ့တစိုစိုး ဗွက်တစိစိနှင့် ခြေချချင်စရာ လုံးဝမကောင်းသည့်နေရာ။

"ရပါတယ် ဘွားမေ၊ ကျွန်တော်လည်း နောင်တရဖူးချင်ပါတယ်"

"မခ ဈေးခြင်းတောင်း ဩရသကို ပေးလိုက်၊ မြေးတို့နှစ်ယောက်က နောက်ကနေ ဖြည်းဖြည်းပဲ လိုက်ခဲ့"

လက်ထဲကို ရောမဈေးခြင်းတောင်းကြီး ရောက်လာတော့၊ ဩရသ အူကြောင်ကြောင် ဖြစ်သွားသည်။ ဒီခြင်းတောင်းကြီးကိုင်ရတော့မှ ဩရသ နည်းနည်း ရှက်ရမှန်း သိသည်။

"လာလေ … သွားရအောင်"

ဘွားမေ အရင်ဦးဆုံး ခေါ်သွားတာက အသားတန်းဘက် ဖြစ်၏။ ညစ်ပတ်ပေရေပြီး နေရာအနှံ့ ရှိနေသော ဗွက်အိုင်တွေကို ဘွားမေက ချာမြင့်ဖိနပ်နှင့် အောင်အောင်မြင်မြင် ကျော်ဖြတ်သွားသည်။ ဩရသကတော့ မကျော်ဖြတ်နိုင်ရှာ။





ပေါ့ပေါ့ပါးပါးပဲဆိုပြီး စီးလာသော ဖိနပ်ပါးက ဗွက်အိုင်ငယ်အတွင်းမှာ နစ်မြုပ်ပြီး သူ့ခြေထောက်တွေပါ ပေရေကုန်၏။

အခုမှ မခနှင့် ကညာရဲ့ခြေထောက်ကို သတိထားပြီး ကြည့်မိသည်။

သူမတို့နှစ်ယောက်ကလည်း ချာမြင့်ဖိနပ်ကိုယ်စီနှင့် ဝင့်ဝင့်ထည်ထည်။ သူတစ်ယောက်တည်း ခြေညှပ်ဖိနပ်နှင့် ငုပ်နေသည်။

ဘွားမေ ကြက်သားဆိုင် တစ်ဆိုင်ရှေ့မှာ ရပ်လိုက်သည်နှင့် …

"ဘွားဘွားရေ … အရင်အတိုင်းပဲ ထည့်မယ်နော်"

"အေးကွယ် … အရင်အတိုင်းပဲ"

"ဒါလေးကကော ဘယ်သူလဲ၊ မြေးပဲလား၊ ချောလိုက်တာ ဘွားဘွားရယ်၊ ဘွားဘွားမြေးတွေဆိုရင် ယောကျာ်းလေးတောင် ချောတယ်"


www.burmeseclassic.com

www.burmeseclassic.com



ဘွားမေ ကြက်သားသည်နှင့် စကားကောင်းနေခိုက်မှာ သြရသကလည်း ဖိနပ်ရယ်၊ ခြေထောက်ရယ်၊ ခွံ့ဖွက်ရယ်နှင့် ပေါင်းပြီး အလုပ်ရှုပ်နေမိသည်။

အရေးထဲ ဘေးနားက ဈေးဝယ်မိန်းမဝဝကြီးက ခြေထောက်ညစ်ညစ်ပတ်ပတ်နှင့် သူ့ခြေထောက်ကို မညှာမတာ တက်နင်းပစ်လိုက်၏။ "သွားပြီ"။ အခုမှ သူ့ခြေထောက်က နာကျင်မှုရယ်၊ ညစ်ပတ်မှုရယ်ပေါင်းပြီး ဘဝဆုံးသွားသည်။

"ဆောရီးနော်၊ မမြင်လို့"

ယောက်ျားတန်မဲ့ ဘုကြည့် ကြည့်ပေးလိုက်သည်။ သြရသက သူ့ခြေထောက်နင်းတာကို လုံးဝမကြိုက်။

"ကြက်သားရပြီ ကောင်လေး၊ ခြင်းတောင်းဟလိုက်"

ကြက်သားသည်က ကြက်သားထုပ်ကို ခြင်းတောင်းထဲ ပစ်ထည့်လိုက်သည်။

သွေးတချို့က သူ့မျက်နှာနှင့် ရင်ဘတ်ကို လွင့်စဉ်ပေကျံကုန်၏။



သွားပြန်ပြီ။ ကညာရဲ့ရယ်သံက နားထဲဝင်လာသည်။ မခဘက်ကို သြရသ လှည့်မကြည့်ရဲတော့။ ကောင်မလေး[illegible] ကြော့ကြော့မော့မော့ ရှိနေချိန်မှာ သူက တစ်ကိုယ်လုံး ကျော့မရှိတော့။

"ရော့ ... ကိုသြ၊ ဒါလေးနဲ့ သုတ်လိုက်"

တစ်ရှူးစလေး တစ်စက သူ့ရှေ့ ရောက်လာသည်။ မခရဲ့ အသံဆိုတာ သိသဖြင့် သြရသ ပျော်ရွှင်သွားသည်။

"ကျေးဇူးပဲ မခ"

သူမ၏ ပထမဦးဆုံး တုံ့ပြန်မှုက တစ်ရှူးစလေး။ ဘယ်လောက် နူးညံ့လဲ။ အတွေးနှင့် ရှုးနေသည့် သြရသ၊ ဘွားမေက သူ့ကို ငါးတန်းဘက် ဆွဲခေါ်သွားတာတောင် မသိလိုက်။

"ငါးရံ့ကြီးတွေ ကောင်းလိုက်တာ"

"ဘွားဘွား ကြိုက်တာ ရွေးလေ"

ဘွားမေက သြရသဘက် လှည့်ပြီး ...

"မြေးရေ ... ငါရံ့ကြီးကြီး သုံးကောင်လောက် ရွေးလိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဩရသက သူ့ကိုပြောသည် မထင်သော်လည်း ဘွားမေက သူ့ဘက်တည့်တည့်လှည့်ကာ ပြောနေတာကြောင့်

"ဗျာ ... ကျွန်တော့်ကို ပြောတာလား"

"ဟုတ်တယ်လေ၊ ငါ့မြေးပဲ ကြည့်ကောင်းမယ်ထင်တ
ငါးသုံးကောင်လောက် ရွေးလိုက်ပါ"

"ဗျာ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ငြင်းပယ်ဖို့ ခဲယဉ်းသော အမိန့်ကို ဒီတစ်ခါ ဩရသ လက်ခံရသေးသည်။ ဩရသ ဘာဖြစ်နေလဲဆိုတာ ဘွားမေ ရိပ်မိပေမဲ့ မသိချင်ယောင် ဆောင်နေလိုက်သည်။ အပေါ်ယံ အလွှာလေးမှာပဲ ကျင်လည်ခဲ့ရသော ဩရသ ဒါတွေရှိနေပါလား ဆိုတာ သိစေချင်သည်။

"ဘွားမေ ... ဒီမှာ ကျွန်တော် ရွေးထားတာ"

"အေးကွယ်၊ ကျေးဇူးတင်ပါတယ်၊ မင်းလည်း အချိန်ရရင်
အိမ်လာလည်ပါ"

"ခင်ဗျာ"





"အိမ်လာလည်ဖို့ ပြောတာလေ၊ မင်း မကြိုက်ဘူးလား"

"ဟာ... မဟုတ်တာ ဘွားမေကလည်း၊ ကျွန်တော် ကြိုက်ပါတယ်"

ခုနက ရနေသော နောင်တတွေက အိမ်လည်ခွင့် ရခဲ့ ရတာနှင့်ပင် ပျောက်ကွယ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချမ်းမြေ့ရိပ်သာ"တဲ့။ များပြားလွန်းသော သစ်ပင်များက ခြံဝင်းတစ်ခုလုံးကို အေးချမ်းစွာ အုပ်ဆိုင်းထား၏။ ခြံဝင်းအလယ်မှာတော့ တစ်ထပ်တိုက်ပုလေးက ဆိတ်ငြိမ်စွာတည်ရှိ၏။

လူခေါ်ဘဲလ်ကို လိုက်ရှာသော်လည်း မတွေ့သဖြင့် ဩရသ ဘာလုပ်ရမှန်း မသိ။ ပြီးမှ ခြံဝမှာ မောင်းတစ်ခုကို တွေ့သဖြင့် သဘောပေါက်ကာ မောင်းကို ထုလိုက်သည်။

ခြံတံခါးနောက်မှာ ပေါ်လာသော အရိပ်ကိုမြင်သော် မခ စိတ်ကျဉ်းကျပ်စွာ ဘာလုပ်ရမှန်းမသိ။ ဒီနေ့ သူမနောက်ကျသဖြင့် တစ်ခြံလုံးကို တံမြက်စည်း လှည်းရသည်။





တံမြက်စည်း လှည်းနေချိန် ဖြစ်သဖြင့် မခကို ခြည်ကို တိုတိုဝတ်ပြီး အင်္ကျီလက်ကို လက်မောင်းအရင်းနား အထိ ပင့်တင်ထားမိသည်။ တစ်ကိုယ်လုံးမှာ ဖုန်တွေ၊ အမှိုက်တွေ ပေနေမည်ဆိုတာ သေချာသဖြင့် မခ ရှက်ရွံ့သွားသည်။

သူ့ရှေ့ရောက်မှ အင်္ကျီလက်ကို ဖြေချပြီး ဟိုသပ်ဒီသပ် လုပ်နေသော မခ၏ မျက်နှာလေးက ရှက်သွေးလေးကဲ ကြာနေ၏။

ပိုဆိုးတာက ဩရသ မျက်နှာဖြစ်၏။ မခ ပုံစံတို ကြည့်ပြီး ပြုံးစိစိလုပ်နေသည်။

"ဘွားမေက အိမ်လာလည်ဖို့ ပြောထားလို့"

"ဘွားမေ မရှိဘူး"

"ခြံတံခါး မဖွင့်တော့ဘူးလား"

"ဘွားမေမှ မရှိတာ"

"ဘွားမေ မရှိလည်း မခတို့နဲ့ပဲ စကားပြောပြီး ပြန်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

မခ သူ့ကို ခြံတံခါး ဖွင့်ပေးရင် ကောင်းမလား မကောင်းဘူးလား စဉ်းစားနေခိုက်ပင် ဆူညံသော ကားဟွန်းသံနှင့် အတူ ဘွားမေ ရောက်ရှိလာသည်။

"ဘွားမေ"

"ဩရသ ... မင်း လာလည်တာလား"

"ဟုတ်ကဲ့"

ဘွားမေက ဩရသကို ခြေဆုံးခေါင်းဆုံး ကြည့်လို သည်။ တီရှပ်ပွပွနှင့် ဂျင်းဘောင်းဘီပွပွ။ ဘောင်းဘီမှာကလည်း ဘာကြီးတွေမှန်းမသိ ရုပ်ယှက်ခတ်နေသေးသည်။ ဂိုဆိုးတာ နားနှစ်ဖက်လုံးဖောက်ပြီး စိန်နားကပ် ပန်ထားသည်။

သူ့ခေတ်နှင့်သူ ဆိုပေမဲ့ ဘွားမေက ဒီပုံစံမျိုး တော့ လက်မခံချင်။

"အလည်လာတာတော့ လာလို့ရပါတယ်ကွယ်၊ ဒါပေ ဒီပုံစံနဲ့တော့ မဖြစ်ဘူးကွယ့်"

"ခင်ဗျာ"





ဘွားမေ ဆိုလိုတာကို ဩရသ သဘောမပေါက် သဖြင့် ဘွားမေ ထပ်ပြီး ရှင်းပြလိုက်သည်။

"ဒီလို အဝတ်အစားမျိုးနဲ့ဆို ဘွားမေ အိမ်က မကြိုဆိုဘူး"

အခုမှ ဩရသ သဘောပေါက်သည်။ မခ အရှေ့ မှာ အပြောခံရသဖြင့် ဩရသ ရှက်သွားသည်။ ဘွားမေတို့မိသားစု နဲ့မာဆန်မှန်း သိပေမဲ့ ဒီလောက် အယူကြီးလိမ့်မည်ဟု ဩရသ ထင်ခဲ့။

အခိုက်အတန့်မှာတော့ ဘွားမေရဲ့ အကြည့်စူးစူး အောက်မှာ ထွက်ပြေးချင်လှသည်။ လက်တွေ့မှာတော့ ...

"ဒါမျိုးက လူငယ်တိုင်း ဝတ်နေကျတာပဲ ဘွားမေ"

ရှက်စိတ်နှင့် အလိုလို တုံ့ပြန်မိလျက်သား ဖြစ်နေ သည်။

"လူတိုင်းဝတ်လို့ ရပေမဲ့ မင်းဝတ်လို့ မရဘူး ဩရသ"

"ဘာဖြစ်လို့လဲ ဘွားမေ၊ ကျွန်တော် မေးလို့ရမလား"



www.burmeseclassic.com

www.burmeseclassic.com



အင်မတန် ဘုန်းကံထက်သော အဘွားကြီးတစ်ယောက်ကို ရင်ဆိုင်ရတာ အလွန်ခက်ခဲမှန်း အခုမှ ဩရသ လက်တွေ့သိသည်။

"ဘွားမေတို့ မိသားစုနဲ့ ရေရှည်ခင်မင်ချင်တဲ့ သူတိုင်းက ဘွားမေ စကားကို နားထောင်ကြတယ်ကွယ်"

အဖြေက ရှင်းရှင်းလေးပါ။ ဩရသ လက်ခံယူလို့ရအောင် ရှင်းလင်းလွန်းပါသည်။ အမှန်တကယ်တော့ သူ့ဆီမှာ ဒီလို အဝတ်အစားတွေက အမြောက်အမြား။ သူ့မိသားစုတွေအားလုံး အနောက်တိုင်း ဆန်သလို သူကလည်း အနောက်တိုင်းဆန်ပါသည်။

ဒါပေမဲ့ ဘွားမေ စကားကို နားမထောင်၍ မဖြစ်ဘူးဆိုတာ ဩရသ အလိုလို သိနေသည်။

"ကောင်းပါပြီ ဘွားမေ။ ကျွန်တော် ဘွားမေ စကားကို နားထောင်ပါ့မယ်"





ဘွားမေက ကျေနပ်သလို တစ်ချက်ပြုံးပြီး ခြံထဲဆက်ဝင်သွားသည်။ မခကိုတော့ မှာဖြစ်အောင် ဆက်မှာလိုက်သေးသည်။

"မခ ခြံတံခါးပိတ်လိုက်"

"ဟုတ်ကဲ့"

ဩရသ လုံး၀ ဝင်ခွင့်မရှိ ဆိုသည့်သဘော။ ဩရသ မျက်နှာငယ်ငယ်နှင့် မခကို နှုတ်ဆက်လိုက်သည်။

"သွားမယ်နော် မခ"

"ဟုတ်ကဲ့ ကိုဩ"

မျက်နှာငယ်လေးနှင့် လှည့်ထွက်သွားသော ဩရသကို မခ သနား၍မဆုံး။ ဘွားမေကိုတော့ စိတ်ထဲခုချင်ချင်။ အဝတ်အစားနဲ့ ပေးဝင်လိုက်တော့ရော ဘာဖြစ်မှာမို့လို့လဲ။

နောက်တစ်နေ့ကျတော့ ဩရသ ခပ်စောစောရောက်ရှိလာသည်။ သူ့မှာ ပုဆိုးဆိုလျှင် ပွဲတက်ပုဆိုး ခပ်ပြောင်ပြောင်အသွား ရှိသဖြင့် ချည်ထည်ပုဆိုးကို ပြေးဝယ်ရသေးသည်။ မှန်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ရပ်ပြီး ဘာတွေပြုပြင်ရမလဲ ဆိုတာ ကိုယ့်ကိုယ်ကိုယ် ကြည့်ရသေးသည်။

ဆံပင်က နည်းနည်းလေး ရှည်ပေမဲ့ ခေါင်းလိမ်းဆီနှင့် သေချာဖြီးလိုက်တော့ ရှည်သည်ဟု မထင်ရတော့။ ဟုတ်ပြီ နားကပ်။ ဒီစိန်နားကပ်ကိုတော့ ချွတ်သွားမှ ဖြစ်မည်၊ ဘွားမေ ကြည့်မရသည့် အထဲမှာ ဒါလည်းပါနိုင်သည်။

အမှန်တော့ ဒီနားကပ်ကို ဩရသ မချွတ်ချင်၊ စိန်နားကပ်ဖက်ရှင်က ပေါ်တာမကြာသေး။ ပြီးတော့ စိန်နားကပ်အစင်းကို ပန်နိုင်သည့်လူက ခပ်ရှားရှား။ သူတောင် မာမီ့ဆီက မနည်းတောင်းထားရတာ။

ကောင်မလေးတစ်ယောက်အတွက် ဒီလောက်ပြုပြင်ပြောင်းလဲမှုတွေ လုပ်ရလိမ့်မည်ဟု ဩရသ လုံးဝမထင်မှတ်ခဲ့၊ အခုတော့ ချည်ထည်ယောပုဆိုးနှင့် အဖြူရောင်ရပ်လည်ကတုံးအင်္ကျီကို ဝတ်၍ အသွင်ပြောင်းပြီး ဩရသ ရောက််ိသာခဲ့ပြန်သည်။





ဒီတစ်ခါတော့ ကညာက ခြံတံခါး လာဖွင့်သည်။ ဩရသက သေချာပိုင်နိုင်သော အပြုံးနှင့် ...

"ဒီတစ်ခါတော့ ကိုယ်လာလည်လို့ ရပါပြီနော်၊ မခကော ရှိလား ကညာ"

"ရှိတယ် ကိုဩ၊ ခဏနေဦးနော်၊ ဘွားမေကို သွားခေါ်လိုက်ဦးမယ်"

ခြံတံခါး ဖွင့်ဖို့တောင် ဘွားမေ ဆီမှ ပါမစ်ယူရဦးည်တဲ့။ အတော့်ကို စိတ်မရှည်ချင်စရာ။ လက်ထဲမှာ ဆွဲလာသော သစ်သီးခြင်းကြီးက လေးလံလှပြီ။ ခဏကြာတော့ လူတစ်ကိုယ်ာ ဝင်လောက်ရုံ ခြံတံခါးငယ်လေး ပွင့်လာသည်။ ဩရသ ာမ်းသာအားရ သစ်သီးခြင်းကြီးနှင့် လှမ်းအဝင် ...

"ခဏနေဦး ဩရသ"

"ခင်ဗျာ"

ဘွားမေ။ ပြီးတော့ နောက်မှာ ကညာနှင့် မခ။

"ဒီမှာ ချိတ်ဆွဲထားတဲ့စာကို ဖတ်ကြည့်ဦးကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



ခြံဝက သရက်ပင်မှာ စာတန်းတစ်ခု ချိတ်ဆွဲထားသည်။ အင်္ဂလိပ်–မြန်မာ နှစ်ဘာသာနှင့် ရေးထိုးထားခြင်းဖြစ်၏။

"လက်ဆောင်ပစ္စည်း ယူလာသော ဧည့်သည် မဝင်ရ"

ထိုစာတန်းကိုဖတ်ပြီး သြရသ မျက်နှာ ဘယ်မှာထားရမှန်း မသိတော့။ လက်ထဲမှာ ဆွဲထားသော သစ်သီးခြင်းကြီးကို လွှင့်ပဲပစ်ရတော့မလို၊ ဆက်ပြီးပဲ ဆွဲထားရတော့မလိုနှင့် ယောင်ချာချာ ဖြစ်သွားသည်။

"အားတော့နာပါတယ်ကွယ်၊ ဒါပေမဲ့ ဘွားမေအိမ်ကိုလာရင် ဒီစည်းကမ်းတွေ လိုက်နာမှဖြစ်မယ်"

"ကျွန်တော်က စေတနာနဲ့ပါ ဘွားမေ"

"ကိုသြ ... ဘွားမေက သိတင်းကျွတ် ကန်တော့ရင်တောင် လက်အုပ်ချီပဲ ကန်တော့ရတာ၊ ဘာကန်တော့ခံပစ္စည်းမှ လက်မခံဘူး၊ မခတို့ မြေးအရင်းတွေဆီကတောင် ဘာပစ္စည်းမှ လက်ခံတာ မဟုတ်ဘူး၊ ကိုသြ ပစ္စည်းတွေ ပြန်ယူသွားလိုက်ပါနော်"





မခက ပြေပြေပြစ်ပြစ် ဝင်ရှင်းပြတော့ သြရသ ငြိမ်သက်သွားသည်။ ဘွားမေကို အာဂလူအဖြစ် ပိုပြီးလေးစားလာသည်။ ဒီလိုအဘွားမျိုးရဲ့ အရိပ်မှာ ကြီးပြင်းလာသော မိန်းကလေးကိုလည်း ပိုပြီးမြတ်နိုးလာသည်။

ဒါကြောင့်လည်း ဘွားမေ စည်းကမ်းနှင့် ဆန့်ကျင်သော အမှားကို ချက်ချင်းတောင်းပန်လိုက်သည်။

"ကျွန်တော် တောင်းပန်ပါတယ် ဘွားမေ၊ နောက်တစ်ခါ ဒါမျိုး မဖြစ်စေရပါဘူး"

"ရပါတယ်ကွာ၊ မင်းမသိတဲ့ဟာကို ဘွားမေ အပြစ်မတင်ပါဘူး"

"ကျွန်တော် ပြန်လိုက်ပါဦးမယ် ဘွားမေ၊ နောက်လည်း ကျွန်တော့်ကို လာလည်ခွင့်ပြုပါ"

ဘွားမေ ကျေကျေနပ်နပ်ကြီး ခေါင်းညိတ်လိုက်သည်။ ဒီကောင်လေးက ကဝိတည်သည်။ မခတို့ သင်တန်းအသွားအပြန် လိုက်ပြီးစကားပြောလို့ရသည့် အခွင့်အရေးရှိပါ



www.burmeseclassic.com

www.burmeseclassic.com



လျှက်နှင့် မလုပ်။ ကတိကို စောင့်ထိန်းရှာသည်။ ဒါကြောင့် ဩရသကို အခွင့်အရေး ပေးသင့်သည်ဟု ဘွားမေ ထင်သည်။

ခြံအပြင်ရောက်တော့ ဩရသက ဆွဲခြင်းကြီးကို ငုံ့ကြည့်ပြီး ဘာလုပ်ရမှန်းမသိ။

ကိုကိုနိုဝယ်ကိုပဲ သွားပေးရမလား။ တော်ပါပြီ၊ အလေးခံပြီး သယ်မနေတော့။

ဖြတ်သွားသည့် လမ်းသွားလမ်းလာ လူတစ်ဦးကို လှမ်းခေါ်ပြီး ...

"ဒီမှာ ခင်ဗျား ဒီအသီးတွေ စားတတ်လား"

"ခင်ဗျာ"

ထိုလူက ကြောင်တောင်တောင်နှင့် သူ့ကိုကြည့်သည်။

"ကျွန်တော် မေးတာ ရှင်းရှင်းလေး၊ ခင်ဗျား ဒီအသီးတွေ စားတတ်လား"

"ဟုတ်ကဲ့ ... စားတတ်ပါတယ်"





မေးပြီးမှ ဩရသ အားရပါးရ ရယ်မိသည်။ လူပဲ ပါးစပ်ပါရင် စားတတ်မှာပေါ့။

"စားတတ်ရင် ယူသွားလိုက်"

"ခင်ဗျာ ... ကျွန်တော့်ကို ပေးတာလား"

"ဟုတ်တယ်၊ နောက်တစ်ခါ ခင်ဗျား ထပ်မေးရင် ကျွန်တော် မပေးတော့ဘူး၊ အမြန်ယူသွားတော့"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

အဲဒီလူက သစ်သီးခြင်းကို စက္ကူတစ်ရွက်လိုပဲ ပေါ့ပေါ့ပါးပါး သယ်သွားပြီး ပြေးထွက်သွားလိုက်တာ မြန်ပါ့။

အနည်းငယ် အောင့်သက်သက် ဖြစ်မိပေမဲ့ မခ မျက်နှာလေးကို မြင်ယောင်မိတယ် ဆိုရင်ပဲ ဩရသ ရင်ထဲမှာ အကုန်လုံး ပျောက်ကွယ်သွားတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာသော အချိန်ကာလတစ်ခုမှာပင် ညြရသသည် ဘွားမေ့ အိမ်ကို လွတ်လပ်စွာ ဝင်ထွက်ခွင့် ရလာသည်။ မခရော မဒီရော ကညာရောပါ သူ့ရဲ့ သူငယ်ချင်းတွေ ဖြစ်လာကြသည်။ သူငယ်ချင်းတွေ ဆိုပေမဲ့ မခပေါ်မှာ သူ ယိမ်းယိုင်နေတာ အားလုံးအသိဖြစ်၏။

ဘွားမေက လူကြီးပီပီ မသိချင်ယောင် ဆောင်ပေးပေမဲ့ မဒီနဲ့ ကညာကတော့ လစ်ရင်လစ်သလို သူ့ကို စနောက်လေ့ရှိသည်။

"ကိုညြ ... ကိုညြမှာ အရင်ရည်းစားတွေ ဘာတွေ ရှိမှာပေါ့"





"မရှိပါဘူးဟာ၊ ထားလည်း မထားဖူးပါဘူး၊ သူငယ်ချင်းတွေပဲရှိတယ်"

"ဟုတ်လို့လား၊ ကိုညြက ဒီလောက်ချောတာ မရှိတာတော့ မဖြစ်နိုင်ပါဘူး"

"ဩော် ... ချောတိုင်း ရည်းစားရှိရမှာလား၊ ဒါဆိုရင် ပြောစမ်းပါဦး၊ ညည်းအစ်မ မခမှာရော ရည်းစားရှိလို့လား"

"အိုး ... ကညာတို့ ညီအစ်မတစ်တွေက ငယ်သေးတာပဲဟာ ရည်းစားထားစရာလား"

ခပ်လှမ်းလှမ်းမှာ အင်တာနက်ထဲ ဝင်ကြည့်နေသော မခတစ်ယောက် အားလုံးကြားနေရပါသည်။ ယောက်ျားချင်းတောင် "ဒီကောင် တော်တော်ကြည့်ကောင်းတယ်"ဟု ချီးကျူးခံရသော ညြရသမှာ ချစ်သူမရှိဘူးဆိုတာ မခ လက်မခံချင်သလို ဖြစ်နေသည်။

အေးလေ ... ဟိုမှာရှိတော့ကော ဘယ်သူသိနိုင်မှာလဲ၊ ကောင်မလေးတွေ အားလုံး ငေးခန့် ဖြစ်လောက်သည့် ရုပ်ရည်မျိုးနဲ့ဆိုတော့ မယုံနိုင်စရာ။



www.burmeseclassic.com

www.burmeseclassic.com



"ကြီးတာ ငယ်တာနဲ့ မဆိုင်ပါဘူး၊ အချစ်ဆိုတာ အချိန် မရွေး ရောက်လာတတ်တာပဲ"

"ကိုသြဆီ အခု ရောက်လာပြီလား"

သြရသက မခဘက် တစ်ချက်ငဲ့ကြည့်လိုက်သည်။ သေးတိုက် မြင်ရသော မခရဲ့အလှက တစ်နေ့လုံး ထိုင်ကြည့်ချင်စရာ။

"ဒါကတော့ လျှို့ဝှက်ချက်လေ၊ ပြောလို့ဘယ်ဖြစ်မလဲ"

"အမယ်လေး ပိုနေပြန်ပြီ၊ အကူအညီ ပေးမလို့မေးတာ၊ မပြောလည်း နေပေါ့၊ သိနေတာကြီးကို လိမ်ချင်သေးတယ်"

ကညာက ကလေးဆန်ဆန်နှင့် ပြောချင်ရာ ပြောလေ့ရှိသည်။ အမြဲတမ်း သူနှင့် လေပေးဖြောင့်တာကတော့ ကညာသာဖြစ်၏။ မခလေးနဲ့ ပိုရင်းနှီးဖို့ဆိုတာ ကညာကနေ တစ်ဆင့်သွားမှဆိုတာ သူ သဘောပေါက်သည်။

"အေးပါ ... အေးပါ ကညာရယ်၊ ညည်း သိရင်လည်း ပြီးတာပါပဲ၊ ငါ့ကို အကူအညီ ပေးစမ်းပါဦး"





ကညာ ခွီးခနဲ ရယ်လိုက်သည်။ သြရသ၏ ပုံမှန်အသံက ချက်ချင်းကြီး ပျော့ပျောင်းနူးညံ့ ညင်သာသွားသည်။ ဒါတိုပဲ ကညာက သဘောကျသွားခြင်း ဖြစ်၏။ ကိုသြ အပေါ် ရိုးရိုးသားသားနှင့် အစ်ကိုရင်းတစ်ယောက်လို ခင်တွယ်မိသည့်အတွက် မခနှင့် ကျိတ်ပြီး သဘောတူနေမိသည်။

"အကူအညီပေးတာကတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ အသွားအပြန်ဆိုတာ ရှိတယ်လေ"

"ကညာက ဘာလိုချင်လို့လဲ"

"ဘာမှ မလိုချင်ပါဘူး၊ ကတိတစ်ခုပဲပေး"

"ဘာလဲ"

"ဒီတစ်ပတ် ဈေးသွားရင် ကညာက ဆွဲခြင်းဆွဲဖို့ အလှည့်ကျတယ်၊ အဲဒါ ကိုသြ လိုက်ဆွဲပေး"

တစ်ပတ်စာ ဈေးဝယ်လျှင် ဆွဲရသော ဈေးခြင်းကြီး ဓရာမ၊ အသားငါး၊ အသီးအနှံအပြင် လိုအပ်သမျှ အိမ်သုံးနည်းတွေပါ ဝယ်တာကြောင့် ခါးညောင်းအောင် ဆွဲရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဈေးဆိုသောအသံ ကြားသည်နှင့် ဩရသ တွန့်သွား သည်။ ဆွဲခြင်းဆွဲရတာက အရေးမကြီး။ ဈေးထဲမှာ လမ်းလျှောက် ရတာကိုတော့ ဩရသ လန့်သည်။ တစ်ခါကြုံခဲ့ဖူးသော အတွေ့ အကြုံက ဩရသ အတွက် သင်ခန်းစာဖြစ်၏။

"နေပါစေ၊ ကိုဩ အတွက် အခက်အခဲ ဖြစ်မယ်ဆိုရင် နေပါစေ"

"နေပါဦး၊ ဒီတစ်ပတ် ကညာ အလှည့်ဆိုတော့ နောက် တစ်ပတ်ကျရင်ကော ဘယ်သူ့အလှည့်လဲ"

"နောက်တစ်ပတ်က မခ အလှည့်လေ"

မခလေး တစ်ယောက် ဆွဲခြင်းအလေးကြီး ဆွဲရမှာ ကိုတော့ သူ မကြည့်ရက်နိုင်။

"အေးပါ ... ငါ လိုက်ဆွဲပေးပါ့မယ်"

"မခ အလှည့်ကိုလား"

"ကညာ အလှည့်ကော၊ မခ အလှည့်ကော လိုက်ဆွဲပေးပါ့ မယ်"





"ဟီး ဟီး ... မဒီ ကြားရင်တော့ သူ့အလှည့်ပါ ဆွဲခိုင်း မှာ သေချာတယ်"

"ထားလိုက်ပါတော့၊ မဒီကို ပြောမနေနဲ့တော့၊ ညညတို့ ဈေးသွားတဲ့ အပတ်တိုင်း ဈေးထိပ်ကနေ ငါစောင့်နေမယ်၊ ဟုတ်ပြီလား"

"ဒါမှ ကိုဩကွာ"

"ဒါဆိုရင်ပြော၊ ညညအစ်မက ဘာကြိုက်တတ်လဲ၊ ငါ တစ်ခုခု ပေးချင်လို့"

မခဘက်ကို လှည့်ကြည့်ပြီး အမြတ်တနိုးပုံစံနှင့် ...မချသလို ဖြစ်နေသော ကိုဩ ပုံစံက သနားစရာကောင်း ...လို ရယ်စရာလည်း ကောင်းနေသည်။ သို့သော်လည်း မခရော ...ဩရော အသက်အရမ်းငယ်သေးသဖြင့် ဆုံစည်းဖို့ဆိုတာ ဝေး ...သေးမှန်း ကညာ နားလည်ပါသည်။

"တခြားဟာ ပေးရင်လည်း မခက ယူမှာမဟုတ်ဘူး၊ ပန်း ပေးပါလား၊ မခက ပန်းသေးသေးလေးတွေ ကြိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မခ ကျစ်ဆံမြီး ထိုးလာသည့်နေ့ ဆိုလျှင် ဆံပင်
ကြားထဲမှာ ပန်းသေးသေးလေးတွေ ပွစိတက်အောင် ထိုးလာတ
မှန်း၊ ညြရသ သတိထားမိသည်။ တခြား တန်ဖိုးကြီးပေးလည်
မခတ လက်ခံချင်မှ လက်ခံပေလိမ့်မည်။

"ကောင်းသားပဲ၊ နောက်နေ့ကျရင် ပန်းယူလာခဲ့မယ်"

နောက်တစ်နေ့ကျတော့ ညြရသက အိုးပုတ်စံပ
လေးတွေ အပွင့်လိုက် ရဖို့အတွက် စံပယ်ခြံကို အစောကြီး
သွားပြီး ဝယ်ယူခဲ့သည်။ ဘွားမေ မြင်မှာလည်း စိုးရိမ်သည့်အတွ
စံပယ်ပန်းတွေကို လက်ကိုင်ပဝါနှင့် သေချာထုတ်ရသေးသည်

ညြရသ ကံကောင်းချင်တော့ ဘွားမေဆီရောက်သ
အချိန်မှာ ဘွားမေက နိုင်ငံခြားသား ဧည့်သည်တစ်ယောက်
အပြင်ထွက်သွားသည်။ ညြရသ လျင်မြန်စွာပင် မခကို စံ
ထုပ်လေး ကမ်းပေးလိုက်သည်။

"ဘာလဲ ကိုညြ"

"စံပယ်ပန်း"





"မယူချင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ဘွားမေ ဆူလိမ့်မယ်"

"ဘွားမေ မသိပါဘူး၊ ယူပြီး ပန်လိုက်နော် မခ၊ ရှက်နေ
တယ်ဆိုရင် ကိုယ် ခြံထဲမှာ သွားနေလိုက်မယ်"

"အင်း"

မခ သူ့ရှေ့မှ ထွက်ပြေးသွားတော့ သူ ခြံထဲဆင်း
မိသည်။ အေးချမ်းတိတ်ဆိတ်မှုက သူ့နှလုံးသားအား ချမ်းမြေ့
၏။ ဘွားမေ စိုက်ထားသော ခရေပင်ကြီးမှအရိပ်သည် နေရာ
တော်များများကို ဖြေဖြာထိုးကျနေ၏။ စင်ထိုးပြီး စိုက်ထား
သော ဂမုန်းပင်တွေ နွယ်ပင်တွေလို အပေါ်သို့ ဖြာတက်နေ
သည်။

ဂမုန်းပင်တွေ ကြားထဲမှာ ဖျတ်ခနဲ တွေ့လိုက်ရတာ
မျက်ဝန်းလေးတစ်စုံ။ ရွှေသမင်မျက်လုံး သူ့ မမြင်ဖူးပေမဲ့
ခိုးလှပနေတာကို သူ သတိပြုမိသည်။



www.burmeseclassic.com

www.burmeseclassic.com

ဩရသ ထလိုက်သည့် အချိန်မှာပင် မျက်ဝန်းပိုင်ရှင်လေးက ရိပ်ခနဲ ထွက်ပြေးသွားသည်။ သူ မြင်လိုက်ရတာက စံပယ်ပန်းတွေ ဝေနေအောင် ပန်ထားသော ကျစ်ဆံမြီးရှည်ကြီး။

မခ ...။

မျက်ဝန်းပိုင်ရှင်လေးက မခပဲ။

မခမှန်း သိတော့ ဩရသ ဆက်မလိုက်တော။ မခ ရှက်သွားပေလိမ့်မည်။ ထိုခဏမှာ သူပိုင်ဆိုင်တာက ကြည်နူးသော အပြုံးတစ်ခု ဖြစ်သည်။

❦ ◆ ❦





သမီးလေးနှင့် ပတ်သက်သည်ဆိုတော့ ဦးအာကာ ာ တုန်တုန်လှုပ်လှုပ် ဖြစ်နေသလောက် ဘွားမေကတော့ တက် ာင်းတောင် အထိုးမပျက်။ ပျက်စရာလည်း အကြောင်းမရှိ။ မခ ား ကို ဘွားမေ ကိုယ်တိုင် မျက်စိရှေ့မှာ သေချာအုပ်ထိန်းခဲ့ ည်ပဲ။

"ဟုတ်တယ် အာကာ၊ အဲဒီသူငယ်လေးအကြောင်း ပြော ချင်လို့ မင်းကို ဖုန်းဆက်ခေါ်လိုက်တာ"

ညက ဘွားမေဆီမှ စကားအရိပ်အမြွက် ကြားက ည်းက ဦးအာကာ စိတ်လှုပ်ရှားခဲ့ရသည်။ နောက်မှ ဘွားမေ ိုပ်အောက်မှာ ထားတာပဲလေ၊ ဘာမှ မဖြစ်တန်ရာဆိုပြီး စိတ် ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်လေးကတည်းက လှလွန်းသော သမီးလေးအတွက် သူ စိတ်မချ ဖြစ်ခဲ့ရသည်။ သမီးလေးကို ဘယ်ခေါ်သွားသွား ရှိသမျှ ကောင်လေးအားလုံးရဲ့ မျက်လုံးတွေက သမီးလေးအပေါ်မှာသာ ရစ်ဝဲနေကြသည်။

ထင်းခနဲနေအောင် လှပလွန်းသော သမီးလေးကြောင့် ဦးအာကာတို့ လင်မယားနှစ်ယောက် အမြဲ စိတ်မချ ဖြစ်ခဲ့ရသည်။ သမီးလေးနှင့် ပတ်သက်ချင်သူတွေအတွက် လမ်းမရှိအောင် ပိတ်ဆို့ခဲ့သည်။

ဘယ်သူပဲ ဖုန်းဆက်ဆက် သမီးလေး ဖုန်းကိုင်ခွင့်မရှိ။ သူ့အမေကိုယ်တိုင် သေချာစစ်ဆေးမေးမြန်းပြီး မိန်းကလေး သူငယ်ချင်းဖြစ်မှ ကိုင်ခွင့်ပြုသည်။ ဒါတောင် လိုင်းခွဲတစ်ခု အပိုထားထားပြီး သူ့အမေ နားထောင်သေးသည်။

အဲဒီလိုမျိုး အုပ်ထိန်းခဲ့သော သမီးလေးက အခု ဘွားမေဆီမှာ သူစိမ်းယောကျာ်းလေး တစ်ယောက်နှင့် ခင်မင်ရင်းနှီးနေပါသည် ဆိုတော့ ...။





"ကောင်လေး နာမည်က ဩရသတဲ့၊ မိဘဆွေမျိုးကောင်းတယ်၊ အားလုံးက ပညာတတ်ချည်းပဲ၊ နိုင်ငံခြားမှာပဲ အခြေချပြီး နေကြတယ်၊ နှစ်စဉ်တော့ ပြန်လာတတ်ကြတယ်၊ ကောင်လေးက ဟိုမှာကြီးလာတာဆိုတော့ အနောက်တိုင်း နည်းနည်းဆန်တယ် ဒါပေမဲ့ ပင်ကိုစိတ်ရင်းကောင်းတယ်၊ ဉာဏ်ထက်တယ်၊ ပြီးတော့ မခလေးကိုလည်း အရမ်းမြတ်နိုးရှာတယ်"

ဦးအာကာ စိတ်ရှုပ်သွားသည်။ သမီးလေးကိုများ အိမ်ထောင်ချပေးဖို့ ဘွားမေ ပြောနေသလား။ ပြောလျှင်လည်း သူ မငြင်းနိုင်ပါ။

ဒီမအေကြီးကို သိတတ်စ အရွယ်ကတည်းက ချစ်ကြောက် ရိုသေခဲ့ရတာ အခုထိ ဖြစ်၏။

"ဘာလဲ ... ငါ ဒါတွေပြောပြလို့ မခကို ယောကျာ်းပေးစားမယ် ထင်နေလား၊ မပေးစားနိုင်သေးပါဘူး၊ ငါ့မြေး ဒီလောက် ငယ်သေးတာ"



www.burmeseclassic.com

www.burmeseclassic.com



အခုမှပဲ ဦးအာကာ သက်ပြင်းချနိုင်သည်။ သားဖြစ်သူ ရင်တမမ ဖြစ်နေတာကိုကြည့်ပြီး ဘွားမေ ရိပ်မိသလို ပြုံးလိုက်သည်။ မြေးဖြစ်သူ မခလေးကလည်း သားဖြစ်သူ စိတ်မချနိုင်အောင် ချောမွတ်လွန်းနေသည်။

"ကျွန်တော့်ကို ဘာဖြစ်လို့ ဒါတွေ ပေးသိရတာလဲ ဘွားမေ"

"မိန်းကလေး ဆိုတာ ချောလွန်း လှလွန်းရင်လည်း အန္တရာယ်များတယ် ငါ့သားရဲ့၊ အခုခေတ် လူငယ်တွေကလည်း ရဲတင်းလွန်းပါသဘိနဲ့ကွယ်၊ သင်းတို့လေးတွေကို တော်ဆဲ တတ်စေချင်လွန်းလို့သာ ခေါ်ထားရတာ၊ ငါ့နောက်ကွယ်မှာတော့ စိတ်မချပါကွယ်"

အခုခေတ် လူငယ်လေးတွေ ရဲတင်းလွန်းတာတော့ ဘွားမေ ကိုယ်တွေ့ဖြစ်၏။ သင်းတို့လေးတွေနှင့် ဗိုလ်ချုပ်ဈေးတွေ ဘာတွေများ သွားလျှင် ဘွားမေ တစ်ယောက်လုံး ပါတာတောင် ကောင်လေးတွေက ဂရုမစိုက်။





ပါးစပ်အရသာခံပြီး နောက်တဲ့တာယူမလား၊ နောက်ကဘကောက်ကောက်လိုက်တာ ယူမလား၊ တချို့ဆို အိမ်အထိတောင် လိုက်လာကြသေးသည်။ ခပ်ကဲကဲ ကောင်လေးတွေကတော့ ကင်မရာပါသောဖုန်းနှင့် ပြောင်ပြောင်တင်းတင်းပင် ဓာတ်ပုံရိုက်ယူကြသည်။

ထိုအခါမျိုးမှာတော့ ဘွားမေက သည်းခံလေ့ မရှိ။ ထိုကင်မရာဖုန်းကို ဆွဲယူပြီး လွှင့်ပစ်လေ့ရှိကာ ...

"ငါ့မြေး လူလို နားမလည်ဘူးလား၊ လူလိုနားလည်ရင် ဒီလို မလုပ်ရဘူးကွ၊ မင်းဖုန်း ပျက်စီးသွားလို့ အလျော်လိုချင်ရင် ဒီဖုန်းနံပါတ်ကို ဆက်လိုက်၊ ဟုတ်ပြီလား"

ဘွားမေ အတွေ့အကြုံ အရတော့ ဘယ်ကောင်လေးမှ ဖုန်းဆက်ပြီး ဘွားမေဆီ လျော်ကြေးတောင်းလေ့မရှိ။ အင်းလေ တောင်းတော့လည်း လျော်ပေးလိုက်ရုံပေါ့။

"ဘွားမေက [illegible]ဖြစ်လို့ အဒီကောင်လေးကို ဒီအိမ် ဝင်ထွက်ခွင့် ပေးထားရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့နောက်ကွယ်မှာသာဆို ဒီကောင်လေး ရုပ်ရည်မျိုးနဲ့ အချိန်တို အတွင်း မခန့် သမီးရည်းစား ဖြစ်သွားနိုင်တယ်"

ဘာပဲပြောပြော ဘွားမေ အရှေ့မှာဆိုတော့ ကလေးတွေ ဘာစကားမှ ဆန်းဆန်းပြားပြား ပြောရဲမည် မဟုတ်။

"ဘာဖြစ်လို့လဲ ဘွားမေ၊ အဲဒီကောင်လေးက"

"မိန်းကလေးတွေ နှစ်ခြိုက်တဲ့ ရုပ်မျိုးပဲ အာကာ"

"နောက်ကြောင်းကော ရှင်းရဲ့လား ဘွားမေရယ်"

သမီးကို ပတ်သက်ချင်သည့် ကောင်လေးက ချောသည်ဆိုတော့ ဦးအာကာ စိုးရိမ်သွားပြန်သည်။ သူ့အတွေ့အကြုံအရတော့ ယောကျ်ားလေး ချောပြန်ရင်လည်း ပတ်သက်ချင်သည့် မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတတ်သည်။

တည်တည့်တံ့တံ့ ယောကျ်ားလေးဆိုလျှင် ကိစ္စမရှိ၊ ဒါကိုပဲ အခွင့်ကောင်း ယူတတ်သည့် ယောကျ်ားလေးသာဆိုသေရော။





"ငါ့မြေးတွေကို အခု အင်္ဂလိပ်စာ သင်ပေးနေတဲ့ ဆရာက အဲဒီကောင်လေးရဲ့ အစ်ကိုဝမ်းကွဲပဲ။ သူ ပြောတာကတော့ အဲဒီကောင်လေးက ကောင်မလေးကိစ္စတွေ ဘာတွေ ဘာမှ ရှုပ်ရှုပ်ယှက်ယှက် မရှိဘူး၊ မာနခပ်ကြီးကြီးပဲတဲ့၊ မခလေးကိုမြင်မှ အဲဒီလို ဖြစ်သွားရှာတာတဲ့"

"ကျွန်တော့်သမီးက အရမ်းငယ်ပါသေးတယ် ဘွားမေရယ်"

အခုချိန်မှာ ကမ္ဘာပေါ်မှာ အချမ်းသာဆုံး သူဌေးကလာတောင်းရင်တောင် ဦးအာကာက မထည့်ပေးနိုင်။ သမီးလေးက သူ့အတွက်တော့ ပီဘိကလေးလေးသာ ဖြစ်၏။

"ဒါပေါ့၊ အခုလို အခြေအနေမျိုးဆို သူတို့အချင်းချင်း လေ့လာပြီး အချိန်ဆွဲလို့ ရတယ်၊ ပြီးတော့ ငါမသိဘဲလည်း သူတို့ အရဲမကိုးရဲပါဘူး၊ စိတ်ချ"

"ကျွန်တော် အဲဒီကောင်လေးနဲ့ တွေ့ဖို့လိုမလား ဘွားမေ"

ဘွားမေ သားဖြစ်သူကို သဘောကျသလို အသာပြုံးလိုက်သည်။ ကိုယ့်သားသမီးကျတော့ တုန်နေအောင် သိတတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူများသားသမီးကို သူတို့ ပိုးခဲ့တုန်းကတော့ ဒါမျိုးတွေး မိမှာတောင်မဟုတ်။

“လိုမှလားဟဲ့၊ သူတို့က အခု သူငယ်ချင်းဟာကိုး၊ မင်းက ဘာအကြောင်းပြချက်နဲ့ ခေါ်တွေ့မှာလဲ”

ဘွားမေ စိတ်မရှည်တော့သလို ဟောက်လိုက်တော့ ဦးအာကာ ဝပ်ပုသွားသည်။

ဒီတစ်ပတ်လုံး သြရသ အလုပ်ရှုပ်သွားသည်။ ခဏစြန်ရောက်လာသော မာမီနှင့် ဒယ်ဒီကို လေဆိပ်သွားကြိုရတာနှင့် မာမီ သွားချင်သော နေရာကို လိုက်ပို့ရတာနှင့် သူ့မှာ မအားလပ်နိုင်ရှာ။

မခ ရှိနေမည့် ဘွားမေ အိမ်ကို မရောက်တာတောင် တစ်ပတ်ကျော်တော့မည်။ ဒီမနက် မာမီ ဝယ်ချလာသော စံပယ်ပန်းတွေကိုမြင်တော့ စံပယ်တွေဝေအောင် ထိုးထားသော ဖွတ်မြီးတစ်ချောင်းနှင့် ကောင့်မလေးကို မက်မက်မောမော သတိရမိသည်။





“သားရေ … လာပါဦး၊ အေးအေးဆေးဆေး စကားပြောရအောင်၊ မာမီတို့လည်း ပြန်လာကတည်းက အလှူကိစ္စနဲ့ အလုပ်ရှုပ်နေတာ ငါ့သားနဲ့တောင် အေးအေးဆေးဆေး စကားမပြောဖြစ်ဘူး”

“ဟုတ်ကဲ့ မာမီ”

မာမီက ဒီနိုင်ငံမှာ ဘယ်လောက်ပဲ အလုပ်ရှုပ်ရှုပ်၊ မြန်မာနိုင်ငံပြန်ပြီး နှစ်စဉ် အလှူလုပ်ဖို့ကိုတော့ ဘယ်တော့မှ နေမှတတ်။

ပြီးတော့ တစ်ချိန်ကျလျှင် မာမီက မြန်မာနိုင်ငံမှာပဲ မြန်အခြေချဖို့ စိတ်ကူးသူ။

“မုန့်ဟင်းခါးနဲ့ ငါ့ကိုကိုတော့ တစ်သက်လုံး မပစ်ပယ်နိုင်ပါဘူးကွယ်”

ဒါက မာမီရဲ့ လက်သုံးစကား။ သြရဲသက နှစ်နှစ်တစ်ခါ၊ သုံးနှစ်တစ်ခါလောက်သာ လာပြန်လည်လေ့ရှိပေမဲ့၊ ဒီတစ်ခါတော့ အကြာရှည်ဆုံး ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မနက်က သား မုန့်သွားဝယ်နေတုန်းတောင် နိုဝယ် လာသွားသေးတယ်"

"ကိုကိုနိုဝယ်ကလည်း ကျွန်တော့်ကိုတောင် မစောင့်ဘူး"

"ဩော် ... သူ့သင်တန်း ရှိသေးတယ်လေကွယ်"

ဒေါ်မြတ်မြတ် သားဖြစ်သူကို အကဲခတ် ကြည့်မိ သည်။ ဟိုးတုန်းက အနောက်တိုင်းဆန်တာကို နှစ်ခြိုက်သဘောကျသော သားငယ်က အခုတော့ ပုဆိုးနှင့် လည်ကတုံးအင်္ကျီကို မချွတ်တမ်း ဝတ်နေသည်။

ဂျယ်လိမ်းပြီး အမြဲထောင်ထားသော ဆံပင်ကလည်း သေသပ်ဝပ်ပြားနေ၏။ ဘာပဲဖြစ်ဖြစ် ဒေါ်မြတ်မြတ်က သားဖြ သူဆီမှာ သံကြိုးကွင်းတွေ၊ လက်ကောက်တွေ ရှုပ်ရှုပ်ယှက်ယှ မတွေ့ရတော့သည့်အတွက် စိတ်ချမ်းသာသွားသည်။

ဒါ နိုဝယ် ပြောသည့် အဘွားကြီးလက်ချက် ဖြ ပေလိမ့်မည်။





"သား ကောင်မလေး တစ်ယောက်ကို သဘောကျနေတယ် ဆို"

"ဟုတ်တယ် မာမီ၊ ကျွန်တော် တော်တော်သဘောကျတယ်"

သူတို့သားအမိနှစ်ယောက်၏ ဆက်ဆံရေးက တစ်ခါ လေလည်း သားအမိဖြစ်လိုက်၊ ရံဖန်ရံခါလည်း သူငယ်ချင်း လိုက်။ ဘယ်လိုပုံစံမျိုးပဲဖြစ်ဖြစ် ဩရသက သားတစ်ယောက် ယဉ်ကျေးမှုကို ဘယ်တော့မှမမေ့။ ဒါကပဲ ဒေါ်မြတ်မြတ် နပ်နေရသည်။

"ဘယ်လိုပုံစံမျိုးလဲ သား"

"အင်း ... ဘယ်လိုပြောရမလဲ မာမီ၊ သားတို့ပုံစံနဲ့တော့ တခြားစီပဲ၊ ရိုးရိုးလေးနဲ့ ဆန်းတဲ့ပုံစံမျိုးလေးပေါ့။ မာမီ မြင်ရင် ချစ်သွားမှာ သေချာတယ်"

ပြောပြနေသည့် ဩရသ ပုံစံမှာ မြတ်နိုးခြင်းတွေ ထွက်နေတာ သိသာလှသည်။ မနာလိုချင်စရာကောင်းလောက် ာင် သားဖြစ်သူက မြတ်နိုးနေပုံ ပေါ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘက်ကတော့ သေချာနေပုံပဲ၊ ကောင်မလေးဘက် ကကော"

"သူငယ်ချင်းအဆင့်ပဲ ရှိပါသေးတယ်"

"ညှိုလိုက်တာကွယ်၊ မင်းဒယ်ဒီသာကြားရင် ရယ်မှာသေချာတယ်"

သားဖြစ်သူ၏ ရုပ်ရည်၊ အရည်အချင်းမျိုးနှင့်ဆိုလျှင် ဒီမှာမပြောနှင့် ဟိုမှာတောင်မှ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေမှန်း ဒေါ်မြတ်မြတ် သိပါသည်။ အခု သားပုံစံလေးက ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက် နည်းနေသလို မဝံ့မရဲ ဖြစ်နေ၏။

"သူတို့မှာ အဘွားတစ်ယောက် ရှိတယ် မာမီ၊ ဘွားမေလို့ ခေါ်တယ်၊ အင်မတန်တော်ပြီး အင်မတန် ထက်မြက်တဲ့ စံပြအဘွားတစ်ယောက်ပေါ့၊ အခုလောလောဆယ်မှာ အဲဒီအဘွားက သူတို့ကို အုပ်ချုပ်နေတယ်"

ဘွားမေရဲ့ အုပ်ချုပ်သင်ပြမှု အောက်မှာ မခတို့ညီအစ်မသုံးယောက်စလုံး တိုးတက်လာတာ သူ့မျက်မြင်ဖြစ်၏။





မှာ အင်္ဂလိပ်စကားကို တတ်နိုင်သလောက် ပြောရသည်။ အများတွေကို ဘွားမေက ပြင်ပေး၏။

ပြီးတော့ ဘွားမေက အင်္ဂလိပ်ပုံပြင်စာအုပ်၊ ဝတ္ထုအုပ်တွေကို သံရုံးကငှားပြီး ဖတ်ခိုင်းသေးသည်။

"သိပ်မလွယ်ဘူး မာမီ၊ သူ့ရဲ့လွတ်လပ်ခွင့်တွေ အားလုံးက ဘွားမေဆီမှာပဲ၊ ဘွားမေ ချုပ်ကိုင်ထားတယ်"

ဒါပေမဲ့ ဒါကိုပဲ သူက မခလေး လုံခြုံမှုရှိသည်ဆို ကျေနပ်နေမိသည်။

"သားက သူ့ကို တစ်သက်လုံး ရည်မှန်းထားတာလား"

"မာမီရယ်၊ ကျွန်တော် ဘယ်တုန်းကများ အပျော်အလုပ် လုပ်ဖူးလို့လဲ၊ သူသာ လက်ခံမယ်ဆိုရင် မာမီတို့ မပြန်ခင် တစ်ခါတည်း–စေ့စပ်သွားချင်တယ်"

"သမီးအောင်သာသိရင် သိပ်စိတ်ဆိုးမှာ သေချာတယ်"

"ဘာဆိုင်လို့လဲ မာမီရယ်၊ မိအောင်နဲ့ ကျွန်တော်က သူငယ်ချင်းတွေပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



“သားဘက်က သူငယ်ချင်းဆိုပေမဲ့ သူ့ဘက်က ဒီထက် ပိုတယ်လေ”

နဒီအောင် ဆိုသည့် ကောင်မလေး။ ဩရသတို့ မိသားစုလိုမျိုးပဲ ဟိုမှာ အခြေချနေထိုင်ကြသည်။ ရှင်းရှင်းပြော ရလျှင် မိအောင်က သူ့ရဲ့အချစ်ဆုံးသူငယ်ချင်းဖြစ်၏။ ယောကျ်ား လေးတစ်ယောက်လို ပေါင်းသင်း၍ရသည့် သူငယ်ချင်း။ သူ့ဘက် ကတော့ ဒီထက် ဘာမှမပို။

“ညကတောင် မိအောင်ဆီက ဖုန်းလာသေးတယ် မာမီ”

“ဟုတ်လား၊ ဘာတဲ့လဲ”

“New year အမီ ပြန်လာမှာလားတဲ့၊ ကျွန်တော်က မသေချာဘူးလို့ ပြောလိုက်တယ် မာမီ”

ညက မိအောင် ဖုန်းဆက်တုန်းက “ဩ ... နင် ချစ်သူရနေပြီလား”ဟု မေးခဲ့တာကို မာမီအား မပြောဖြစ်။

“အရူးမရယ် မဟုတ်ပါဘူး”ဟု သူကလည်း ဘာ ဖြစ်လို့ ညာပြောမိမှန်း မသိ။ အမှန်ဆို ညကတည်းက ဩရ ပွင့်ပွင့်လင်းလင်း ဝန်ခံခဲ့ဖို့ ကောင်းသည်။





“ဟင် ... သားက မာမီတို့နဲ့ တစ်ခါတည်း ပြန်မလိုက် ဘူးလား”

“ကျွန်တော် ဒီမှာ နေခဲ့ချင်သေးတယ် မာမီ၊ ကျောင်းဖွင့် ခါနီးကျမှ ပြန်လာပါရစေ”

“သမီးအောင်ကတော့ မျှော်နေတော့မှာပဲ”

“မပူပါနဲ့ မာမီရယ်၊ သူ့သင်တန်းနဲ့သူတောင် လိမ့်ပတ် လည်မှာ မဟုတ်ဘူး”

ဩရသ ဒီကိုထွက်လာသည့် အချိန်တုန်းက မိအောင် စပိန်ဘာသာစကားပြောသင်တန်း တစ်ခုကို တက်ရောက်နေခဲ့သည်။ မိအောင်ကလည်း ထူးထူးခြားခြား စပိန်ဘက်ကိုလည်း စိတ်ဝင် စားသေးသည်တဲ့။

မာမီကတော့ သမီးမိန်းကလေး မရှိသဖြင့် မိန်းက လေးမြင်လျှင် ချစ်နေတာချည်း ဖြစ်၏။ မိအောင်ကိုလည်း မာမီ ချစ်သေးသည်။

“မိအောင်ကတော့ သားကို မျှော်နေမှာ သေချာတယ်”



www.burmeseclassic.com

www.burmeseclassic.com



"မတတ်နိုင်ဘူး မာမီ၊ ဟိုမှာ သားအတွက် အရေးကြီး

ဘာမှ မရှိဘူး"

သားဖြစ်သူ ပခုံးတွန့်ပြပြီး ထွက်သွားတော့ ဒေါ်မြ

မြတ် မိအောင်အတွက် စိတ်မကောင်းသလို ဖြစ်သွားသည်

အင်းလေ ... ဘယ်ကတတ်နိုင်ပါ့မလဲ၊ သူ့ဖူးစာနဲ့သူ ပါလာပြီးသ

ပဲဟာ။

"မာမီရေ ... ကျွန်တော် သင်္ကြန်သွားဝယ်လိုက်ဦးမယ်

သင်္ကြန်သွားဝယ်ရင်း အပြန်ကျ ဒယ်ဒီကိုပါ ဝင်ကြိုခဲ့မယ်"

မြန်မာဝတ်စုံကို သေသေသပ်သပ် ဝတ်ထား

များ အရင် ဩရသကို ဘယ်မှာမှ ရှာမတွေ့နိုင်တော့။ အင်း

မိအောင်သာတွေ့ရင် အံ့ဩပေဦးမည်။

✦





မလာနိုင်ပါဘူး ထင်ထားခဲ့ပေမဲ့ မခတို့ ညီအစ်မ

သုံးယောက်လုံး အလှူကို ရောက်လာခဲ့ကြသည်။ ဖိတ်သာဖိတ်

ခဲ့သည်။ ဩရသ မမျှော်လင့်ခဲ့။

"မခ လာတယ်နော်၊ ဝမ်းသာလိုက်တာ"

"ဒီမှာ မဒီတို့လည်း ပါပါတယ် ကိုဩရဲ့၊ ဘာလဲ မခ

တစ်ယောက်ပဲ မြင်တာလား၊ ဒါဆို ပြန်တော့မယ်"

"မဟုတ်ပါဘူးကွာ၊ မဒီတို့ကိုလည်း မြင်ပါတယ်၊ ဘွားမေ

ကော ... ဘွားမေ မပါဘူးလား"

"မပါဘူး ကိုဩ၊ ဘွားမေက ဧည့်သည်တစ်ယောက်နဲ့

ချိန်းထားတာ ဖျက်လို့မရလို့ မလာနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား … ဒီမှာ ခဏထိုင်ကြဦးနော်၊ မာမီ့ကို သွား ခေါ်လိုက်ဦးမယ်"

ခဏလေး ထားခဲ့ရတာတောင် ဩရသ စိတ်မခ သလို ဖြစ်နေသည်။ အလှူလာသော မခတို့ ပုံစံက သိသာထင် ရှားစွာ လှပလွန်းနေ၏။ ရှိသမျှ သူတော်ငတော်များများက မခတို့ ညီအစ်မတစ်တွေကို သိသိသာသာရော မသိမသာပါ ကြည့်နေကြ သည်။

"မဒီ ငါတို့ကို လူတွေ ဝိုင်းကြည့်နေသလိုပဲ"

"အေး … ဘိုးတော်ဘုရား လက်ထက်ကလူတွေ ထင်လို့နေ မှာပေါ့"

"အဲလိုမှန်းသိရင် မလာပါဘူးဟယ်၊ စိတ်ရှုပ်စရာ"

ကိုယ့်ကို ကွက်ကြည့် ကွက်ကြည့် လုပ်နေသော လူတွေများတော့လည်း မခ မနေတတ် မထိုင်တတ်။ သွားသင့် မသွားသင့် ဘွားမေနှင့် မခတို့ ညီအစ်မသုံးယောက် မဲနှင့်ခွဲပြီး ဆုံးဖြတ်ခဲ့သည်။





ပထမသုံးမဲမှာ "သွားသင့်သည်"မဲထွက်လာတော့ နောက်တစ်မဲကို ဖွင့်ဖောက်စရာ မလိုတော့။

"ဘာအခုမှ နှောင်တရနေတာလဲ၊ သွားသင့်တယ်လို့ နင်မဲ ပေးခဲ့တာ မဟုတ်လား"

"မဒီတို့လည်း အတူတူပဲလေ"

အမှန်တော့ ဒီအလှူကို လာချင်လွန်းသည် ဆိုတာ ထက်၊ အပြင်လောကကို လေ့လာချင်သည်က ပိုပါသည်။

"ကညာကတော့ ဝအောင်စားပစ်မယ်"

ကညာကတော့ ဟင်းအမည်စုံလှသော ထမင်းဝိုင်း ကြီးကို စားချင်လှပြီ။

"နင်ကတော့ အစားပဲ"

"အို … ရောက်လာမှတော့ စားရမှာပေါ့၊ မစားဘဲ ပြန် သွားရင် မတန်ဘူး၊ အလှပြင်ရတာ ဘယ်လောက်ပင်ပန်း တယ်ထင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒီအလှူလာဖို့အတွက် မခတို့ ညီအစ်မတစ်တွေ ဘာဝတ်ရမလဲ၊ တိုင်ပင်တာ တမေ့တမော။ မခက ရင်ဖုံးအနားမှာ ဖဲစလေးတွေကွပ်ပြီး မဒီနဲ့ ကညာကတော့ ရောင်စုံဖန်ချောင်းရှည်လေးတွေသီကာ အနားကွပ်၏။

လုံချည်ကိုတော့ ပိုးအပါးဒူးနားချိတ်လေးတွေကို တစ်ယောက်တစ်ရောင်စီ ရွေးချယ်ခဲ့ကြသည်။ မျက်နှာအလှကိုတော့ ဘာမှ ထွေထွေထူးထူး မပြင်တတ်ကြ။ အောက်ခံမိတ်ကပ် တစ်ထပ်လိမ်းပြီး ပေါင်ဒါခပ်ပါးပါး ရိုက်လိုက်လျှင် ပြီးပြီ။

"ကညာနော် … နင် အိမ်မှာစားသလို ပုံပျက်ပန်းပျက် မလုပ်နဲ့၊ ဣန္ဒြေလေးနဲ့စား၊ မဟုတ်ရင် ငါတို့နှစ်ယောက် ကော ဘွားမေရော သိက္ခာကျတယ်"

"ဟိုမှာ ကိုသြတို့ ပြန်လာပြီ၊ တိတ်တိတ်နေ"

ဒေါ်မြတ်မြတ် သိလိုက်ပြီ။ ကောင်မလေးလှလှ သုံးယောက်ထိုင်နေသည့် အထဲက သားဖြစ်သူ သဘောကျသည့် မိန်းကလေးက ဘယ်သူလဲ ဆိုတာ မြင်တာနှင့် သိသည်။





ကောင်မလေးပုံစံက သားဖြစ်သူ ငယ်ငယ်တုန်းက အမြတ်တနိုးနှင့် ဆော့ကစားသည့် အရုပ်မပုံစံမျိုးလေး။ ဘာမှ အပြစ်ပြောစရာ မရှိအောင် လှပလွန်းသည်။

"မာမိ… ဒါက မဒီတဲ့၊ သူ့ဘေးက ကညာ၊ သူက မခတဲ့"

"တွေ့ရတာ ဝမ်းသာပါတယ်ကွယ်၊ သမီးလေးတို့က ချောလိုက်တာကွယ်"

"ဒီလောက်ကြီးလည်း မဟုတ်ပါဘူး အန်တီရယ်"

"ဘယ့်နှယ် မဟုတ်ရမှာလဲ၊ ဟုတ်တာပေါ့ အထူးသဖြင့် မခ အကြောင်းဆို သြေက ခဏခဏပြောတာ"

မာမိက မခကို ရည်ရွယ်ပြီး အထူးအလေးပေး ဆက်ဆံတာကိုမြင်တော့ သြရသ ကျေနပ်သွားသည်။

"ဒါကတော့ ကိုသြကြီး ဘက်လိုက်တာပါ အန်တီ"

"ဟုတ်မယ်၊ ဟုတ်မယ်၊ သြေ ငယ်ငယ်ကတည်းက ဒီအတိုင်းပဲ၊ ဘက်လိုက်ပြီဆို ဘယ်သူ့မျက်နှာမှ မထောက်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မဒီနှင့် ကိုသြမာမီ လေပေးဖြောင့်နေပေမဲ့ မခကတော့ ငြိမ်ကုပ်နေမိသည်။ ကိုသြမာမီက ဘာမှမဖြစ်သလိုပင် မခအေားနား ဝင်ထိုင်ပြီး မခလက်တစ်ဖက်ကို ဆုပ်ကိုင်ထားသည်။

ရယ်ချင်နေသော ကညာ့အကြည့်တွေကိုလည်း ရှောင်ရှားရသေးသည်။ ပြီးတော့ မခကို အမြတ်တနိုး ငေးမောနေသော ကိုသြကိုလည်း ရင်မဆိုင်ရဲ။ မခ ပြန်ချင်လှပြီကွယ်။

"မခတို့ အပြန် အဆင်ပြေရဲ့လား၊ မပြေရင် ကိုယ်လိုက်ပို့ပေးမယ်လေ"

"ပြေပါတယ် ကိုသြ၊ ဘွားမေ ကားပေးလိုက်တယ်"

မခ ပြန်ပြောနိုင်တာဆို၍ ဒီစကားတစ်ခွန်းသာရှိသည်။ အပြန်လမ်းမှာတော့ မဒီနှင့် ကညာက မခကို နောက်၍မဆုံး။

"ယောက္ခမကြီးက မျက်နှာချိုတယ်၊ သူ့သားက စေတနာပိုတယ်"

"နှင်တို့နော် ... ဘာတွေ လျှောက်နောက်နေကြတာလဲ"





"ဟုတ်တယ်လေ၊ ကိုသြက သိသာသလို ကိုသြအမေကြီးကလည်း သိသာတာပဲဟာ၊ ဟုတ်တယ်နော် ကညာ"

"ဟုတ်တယ် ... ဟုတ်တယ်၊ ကိုသြဆို မခပန်းကန်ထဲပဲ တစ်ချိန်လုံး ဟင်းခပ်ထည့်ပေးနေတာ၊ မျက်စိကို နောက်နေတာပဲ"

"နှင်တို့ပါးစပ်ပိတ်တော့၊ ဟိုမှာ ဘွားမေ ထွက်စောင့်နေတယ်"

ခြံဝမှာထွက်ပြီး ဘွားမေ စောင့်နေတာမြင်တော့ သူမတို့သုံးယောက်စလုံး နှုတ်ဆိတ်သွားကြသည်။

❦ ◆ ❦



www.burmeseclassic.com

လက်တွဲပြီး ထွက်လာသော အန်ကယ်လ်စန်းနှင့် အန်တီမြတ်ကို မြင်တော့ အောင် ခုန်ပေါက်ပြီး လက်ဖော့ယမ်း ပြလိုက်သည်။ ငြေကို မတွေ့တော့ အောင့်စိတ်ထဲ နည်းနည်း ထင့်သွားသည်။

ပြီးခဲ့သောညက ငြေ ပို့လိုက်သည့် e-mail မှာ ဘာမှမပါ။

ဘယ်ရက်မှာ ဘယ်နနာရီလေ၂ကြို ဒါပဲပါသည်။

အခုတော့ အန်တီမြတ်တို့ လင်မယားနှစ်ယောက် ပဲတွေ့သည်။ အင်းလေ ... ငြေလည်း ပါချင်ပါလာမှာပေါ့။ သူက လေယာဉ်ပေါ်မှဆင်းတိုင်း နောက်ချန်ပြီး ဆင်းလေ့ရှိသည်၊





ရင်တထိတ်ထိတ်နှင့် စောင့်မျှော်နေသော အောင် သည် အန်တီမြတ်နှင့် တွေ့သည့်အခါမှာတော့ မပျော်ရွှင်နိုင်တော့။

"ငြေတော့ မပါလာဘူး သမီးရေ"

အောင်သည် ငြေကို မတွေ့ရတော့ ချက်ချင်းဝမ်း နည်းသွားသည်။ ဒီကဖြင့် သူ့ကို သတိရပြီး လွမ်းလိုက်တာ လုမတတ်။ သူကဖြင့် နေနိုင်လွန်းစွာ ဖုန်းတစ်ခါတောင် ဆက်ဖော်မရ။

"ဒေါ်လာ ဈေးကြီးတယ် မိအောင်ရေ" ဆိုသည့် ကြောင်းပြချက် ကောင်းကောင်းနှင့် နေနိုင်လွန်းသည်။ အလကား ဘင်၊ လာမှ သိမယ်။

"ဘာဖြစ်လို့လဲ အန်တီမြတ်၊ သူပြောတော့ New year အမီ ပြန်လာမယ်ဆိုပြီး"

ကပွဲလီမလေးတစ်ယောက်လို ကွေးကောက်နေသော င်တွေနှင့် မိအောင်က အလိုမကျသလို နှုတ်ခမ်းစူသွားတော့ မြတ်မြတ် စိတ်မကောင်းမိ။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်မလေးက သားအပေါ် သံယောဇဉ်ကြီးရှာလွန်းသည်။ အနောက်တိုင်းယဉ်ကျေးမှုကို အပြည့်အဝ လက်ခံထားသော မိအောင် ပုံစံက ရုပ်ယှက်ခတ်နေပေမဲ့ မျက်နှာလေးကတော့ ချစ်စရာ ကောင်းပါသည်။

အခုဝတ်ထားတာလည်း ကြည့်ဦး၊ အသားကပ်ဘောင်းဘီရှည် အပေါ်မှာ ဂျင်းစကတ်တိုနန့်နန့်ကို ထပ်ပြီးစွပ်ထားသည်။ အင်္ကျီကိုတော့ အောက်မှာ စွပ်ကျယ်တစ်ထပ်ခံပြီး ဂျင်းအင်္ကျီလက်ပြတ် ထပ်ဝတ်ထားသည်။

သားဖြစ်သူ သဘောကျသော မခ ပုံစံလေးနှင့်တော့ တခြားစီဖြစ်၏။ ဒါပေမဲ့ ဒီပုံစံမျိုးကို သားဖြစ်သူ အရင်ကသဘောကျခဲ့တာပါပဲ။ အခုမှ ပြောင်းလဲခဲ့တာဖြစ်သည်။

"အန်တီမြတ် ... ငြေက ဘာဖြစ်လို့ မလိုက်လာတာလဲ ပြောပါဦး"

"ငြေ ... သူ့သူငယ်ချင်းတွေနဲ့ ချောင်းသာသွားမယ်လို့ ပြောတာပဲ"





မိအောင်ကို မညာချင်ဘဲ ဒေါ်မြတ်မြတ် ညာလိုက်သည်။

"သမီးအတွက် အန်တီ လက်ဖက်တွေရော၊ ပုစွန်ခြောက်တွေရော အများကြီး ဝယ်လာခဲ့တယ်၊ သိလား"

"ဟုတ်ကဲ့"

အောင်က သူမ ကြိုက်သည့် အစားအသောက်တွေအောင် စိတ်မဝင်စားရှာ။ ဒီက New year ကို အင်မတန်ပျော်ရှိသည့် ငြေက သူ နှစ်သက်သော New year ကို စွန့်လွှတ်နေခဲ့သည်ဆိုတော့ ...

အတွေးနှင့်တောင် အောင် ရင်ထဲမကောင်းလှ။ ယ်လိုအရာတွေကများ ငြေကို ဆွဲဆောင်နေသလဲ။

"အန်တီမြတ်ရယ်၊ ငြေက New year ဆို သမီးနဲ့ လျှောက်လည်နေကျဟာကို၊ ဘာဖြစ်လို့ ပြန်မလာရတာလဲ၊ ဒီမှာ သမီးကဖြင့် သူနဲ့ လျှောက်လည်လို့ရအောင် အလုပ်တစ်ပိုင်းတောင် ဆင်းနေတာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား၊ သမီး ဘယ်မှာလုပ်နေတာလဲ"

"ဘာဂါဆိုင်မှာ အန်တီ"

အောင်က ငြေကို စိတ်နာချင်ပေမဲ့လည်း စိတ်မနာနိုင်။ ငြေ မရှိသော အရပ်မှာ အောင် မပျော်နိုင်တာက အကျင့်ဖြစ်နေပြီထင်ပါ၏။

"မျှော်မနေပါနဲ့ သမီးရယ်၊ ညည်းသူငယ်ချင်းက ဟိုမှာ ပျော်နေရှာတာ"

"အဲဒါကြောင့် ပြောတာပေါ့၊ အရင်တုန်းကတော့ ဖုန်းဆက်တယ်၊ ညစ်ပတ်တယ်ဆိုပြီး ကြီးကျယ်ခဲ့တာ၊ အခု ဘယ်လိုဖြစ်ရပြန်တာလဲ"

ကားမောင်းနေရင်း မကျေမနပ် ဖြစ်နေရှာသော မီအောင်၊ အမှန်အတိုင်း ဖွင့်ပြောရင် ကောင်းမလား ဟု ဒေါ်မြတ်မြတ် စဉ်းစားမိသေးသည်။

အို ... မဖြစ်သေးပါဘူး၊ စိတ်မကောင်းစရာကို နောက်မှပေးသိတာပဲ ကောင်းပါတယ်။





သူတို့ လူငယ်ချင်းကိစ္စ ကိုယ်ဘာသာကိုယ် ရှင်းကြပါစေ။ ရေခဲတုံးကြီးလို အေးစက်လွန်းသော ခင်ပွန်းဖြစ်သူက သိမသာ ပြုံးတော့ ဒေါ်မြတ်မြတ် မကျေမနပ် ဖြစ်သွားသည်။

အမြဲတမ်း ... အမြဲတမ်း ဒီအတိုင်းပါပဲ။ အေးစက်စက်နိုင်ပြီး သိးခြားနေလွန်းတာ ခင်ပွန်းဖြစ်သူရဲ့ စရိုက်ဖြစ်၏။

❦ ✦ ❦



www.burmeseclassic.com

www.burmeseclassic.com

အဲဒီနေ့က မှတ်မှတ်ရရ ဖြစ်၏။ ဘွားမေ အိမ်မှာ စုပြီး ကြာဆံချက် စားကြ၏။ မခတို့ ညီအစ်မသုံးယောက် ပေါင်းချက်ကြပြီး သြရသကတော့ ခိုင်းသမျှ တောက်တိုမည်ရ လေးတွေ လုပ်ပေးရရှာ၏။

ဒါမျိုးလုပ်ဖို့ ဘယ်တုန်းကမှ စိတ်မကူးခဲ့သည့် သြရသက အခုတော့ မခိုင်းမှာကိုပဲ ကြောက်သည့်အလား ကျောကျောနပ်နပ်ကြီး လုပ်ပေးနေမိ၏။

"ကိုသြရေ … မီးဖိုထဲ မီးသွေးထည့်ပေးပါဦး၊ မီးနည်း နေပြီ"

"တစ်လက်စတည်း ကြာဆံအိုးထဲ ရေပါထဲပ်ထည့်ပေးပါ ဦးနော် ကိုသြ"





"ဟောတော့ … ကြာဆံချက်ထဲ ထည့်ဖို့အတွက် ငုံးဥမေ့ ခဲ့ပြီ"

နောက်ဆုံး ဈေးကိုပြေးပြီး ငုံးဥဝယ်တာကအစ သြရသ ပါသည်။ ဟိုတုန်းက မာမိက သမီးမိန်းကလေး မရှိ၍ သူ့ကို လက်တိုလက်တောင်းခိုင်းလျှင် သူ့မှာ မိုးပြိုမတတ် သောင်းကျန်းဖူးသည်။

"မာမိတို့ကလည်းဗျာ၊ ဒါ မိန်းမအလုပ်တွေ၊ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ"

တစ်ခါတလေများ ကိုယ်တိုင်ဝင်ပြီး ချက်စားရလျှင် ညည်းညူ၍ မဆုံး။

အခုတော့လည်း မိန်းကလေးသုံးယောက်က သူ့ကို မအားရအောင် ခိုင်းနေတာကို သြရသ တစ်ချက်မှ မညည်းညူ ။

"မြေးတို့နော်၊ သြရသကို သိပ်ပြီး မခိုင်းကြနဲ့၊ သူ့ခမျာ တစ်ပတ်တစ်ခါလာတိုင်း မနားရဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဘွားမေက သြရသကို တစ်ပတ်လျှင် တစ်ကြိမ် လာလည်ခွင့် ပေးထားသည်။ သြရသကလည်း ရသမျှအခွင့်အရေး လေးကို လက်မလွှတ်နိုင်စွာ တစ်ပတ်တစ်ကြိမ် မှန်မှန်လာရော ရှိ၏။

ကျန်သည့်ရက်များမှာတော့ ဘွားမေကို ပေးထား သည့် ကတိကို စောင့်ထိန်းလျက် မခလေး သင်တန်းတက်သည့် အချိန်မှာ အဝေးက ငေးကြည့်ရုံနှင့် ရောင့်ရဲရလေ၏။

"မနေ့ကတောင် ကိုသြကို သင်တန်းနားမှာ တွေ့သေး တယ်"

"ဟုတ်တယ် မခ၊ ကိုကိုနိုဝယ်နဲ့ ချိန်းထားလို့"

သူတို့နှစ်ယောက်လုံး မျက်ဝန်းချင်း ငေးကြည့်ဆုံ နှင့် ရောင့်ရဲကျေနပ်ရရှာသော်လည်း နှစ်ယောက်လုံးက ဘွားမေ စည်းကမ်းကိုဖောက်ဖို့ ယောင်ပြီးတောင် စိတ်မကူးကြရှာ။

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဆုံစည်းလိမ့်မည်ဆို သော ယုံကြည်ချက်က သူတို့နှစ်ယောက် စိတ်ထဲမှာ စွဲမြဲနေလေ၏။





ခပ်လှမ်းလှမ်းမှာ စာအုပ်ထိုင်ဖတ်နေသော ဘွားမေ က အလကားမနေပါ။ နားကို မသိမသာ စွင့်ထား၏။ ဒါကြောင့် လည်း သြရသ ပြောတာကို ကြားလိုက်ရသည်။

ဒီကောင်လေး မဆိုး။ ကတိကိုတော့ သေချာထိန်း သိမ်းရှာ၏။ လမ်းမှာတွေ့တာတောင် မနှုတ်ဆက်။ ဘွားမေက အပြည့်ဖြည့်နှင့် သြရသကို သဘောကျလာသည်။

ပညာဂုဏ်ရည် မြင့်မားပေမဲ့လည်း မြေးဖြစ်သူနှင့် ဆက်သက်လာလျှင် သာမန်မာနမျှ မရှိရှာ။ ဒီလိုလူမျိုးလေးနှင့် ဆိုလျှင် မခနှင့် ရေရှည်သင့်တော်ပေလိမ့်မည်။

"သြရသ .... မင်း ကြာဆံချက် စားပြီးပြီလား"

"မစားရသေးဘူး ဘွားမေ"

"သွားစားလေ၊ မခ ထည့်ပေးလိုက်လေ"

"ဟုတ်ကဲ့ ဘွားမေ"

မခ ကြာဆံချက် ထည့်တဲ့ဆီတောင် မရောက်။ ဘညာက ကြာဆံချက် တစ်ပန်းကန်မောက်မောက်ကြီး ထည့်ပြီး ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ထည့်လာခဲ့ပါပြီ ကိုသြရေ၊ မခအတွက် ထည့်လာ တာ၊ ကိုသြပဲ စားလိုက်တော့၊ မခအတွက်က ပြီးမှထည့် ပေးမယ်၊ ဒီမှာ ကိုသြ ... ရော့၊ နံ့နံ့ပင်များများလေးနဲ့ ဂေါ်ရတ်သီးစပ်စပ်လေး ပွတုန်းစားလိုက်"

မခအတွက် ထည့်လာသည် ဆိုတာနှင့် သြရာ မငြင်းတော့။ ဂေါ်ရတ်သီးအစပ် သိပ်မစားနိုင်သည့် သြရာသ တစ်ပန်းကန်လုံး စားပြီးသည့် အချိန်မှာတော့ ချွေးပြန်ပြီး အတော် ကြီး ပူလောင်နေပြီ။

"ကိုသြ အရမ်းစပ်နေလား"

မခရဲ့ ကရုဏာမျက်ဝန်းလေးကို အမြင်မှာ သြရာ စိတ်မထိန်းနိုင်တော့။

"စပ်လည်း စပ်တယ်၊ ချစ်လည်း ချစ်တယ်"

"ရှင်"

မခသည် အခိုက်အတန့်မှာတော့ မှင်သက်သွားခ် သည်။ တရှုံးရှုံးတရှုံရှုံ ဖြစ်နေသော ရည်းစားစကားက စိတ်ကူ ယဉ်စရာ လုံးဝမကောင်း။ ရယ်စရာက ပိုကောင်းနေ၏။





"အားပါး ... စပ်လိုက်တာ၊ တကယ်ပြောတာ မခ၊ မင်း ကို ကိုယ်ချစ်တယ်"

"ဟား ဟား ဟား"

"ဘာတွေ ရယ်နေတာလဲ မခ"

မခသည် ထိုခဏမှာတော့ ရယ်ချင်စိတ်များက သူ့ကို စနောက်ချင်လှသည်။ ဒါကြောင့် သြရာကို လက်ညှိုးထိုး ပြီး ...

"ကိုသြလေ ဘွားမေ၊ ကိုသြပေါ့ ... သမီးကို ရည်းစား စကား ပြောနေတယ်"

ဘွားမေ မျက်စိထဲမှာတော့ သြရာရော မခပါ အရွယ်မရောက်သေးသည့် ကလေးငယ်များသာ ဖြစ်၏။ မာန်မဲ လိုက်လျှင်လည်း သူတို့လေးတွေ ကြောက်သွားရှာမည်။

မသိသလို နေလိုက်ပြန်လျှင်လည်း အတင့်ရဲလာ ဦးမည်။ ဒါကြောင့် မခလေး ရယ်နေမယ့်အတူတူတော့ ရယ်စရာ အစ်ခုအဖြစ် ဖန်တီးပေးလိုက်တာ ပိုကောင်းပေလိမ့်မည်။ သြရာသ ရှက်လည်း တခဏပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပြောတာလဲ"

"မင်းကို ကိုယ်ချစ်တယ်တဲ့"

"အဲဒီတော့ သမီးက ဘာပြန်ပြောလိုက်လဲ"

မခက္ခ ရယ်ကျဲကျဲ မျက်နှာလေးနှင့် ညြရသဘက် လှည့်ပြီး ...

"မသိဘူး"

ရင်ထဲမှာ ဘာမှမရှိအောင် ညြရသ ရှက်လှသည်။ ဒီကောင်မလေးကတော့ ဒုက္ခပါပဲ။ ရည်းစားစကား ပြောပါသည် ဆိုမှ ဘွားမေကို ပြန်ပြောနေသေးသည်။ ဒီကောင်မျက်နှာ ဘယ်မှာသွားထားရမလဲ။

မခက ရယ်သည်။ ဘွားမေက ပြုံးသည်။ မထူးတော့ သူ ရှက်နေလည်း အလကားပဲ။ ဘွားမေလည်း သိပြီးပြီပဲ။ သန်းခေါင်ထက် ညဉ့်မနက်တော့။

သူကပါ မရှက်သလို ရောယောင်ရယ်မောပြီး –





"ဘွားမေ ... ကျွန်တော် ဘွားမေရှေ့မှာ ပြောတာနော်၊ မခကို ကျွန်တော် တကယ်ချစ်တယ်၊ တစ်နေ့ကျရင် သူနဲ့ လက်ထပ်ချင်တယ်"

ညြရသ ရယ်မောနေပေမဲ့ မျက်ဝန်းတွေ လေးနက် အည်ငြိမ်လွန်းတာကို ဘွားမေ သတိပြုမိသည်။

"နောက်ပြီးတော့ ကျွန်တော် ဆုံးဖြတ်လိုက်ပြီ ဘွားမေ၊ နောက်ဆိုရင် မခကို ဘာပဲပြောပြော ဘွားမေ ရှေ့မှာပဲ ပြောတော့မယ်"

ဒီတစ်ခါတော့ ဘွားမေ အင့်ခနဲ ဖြစ်သွားသည်။ ဒုက္ခပါပဲ ... အသက်ကြီးမှ ဘာတွေ ကြားရဦးမလဲ မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ နှစ်ခုသာပါသော ပို့စကတ်လေး။ ပထမ စာမျက်နှာမှာ ဩရသက သူ့ဓာတ်ပုံကို ကပ်ထားပြီး နောက်တစ် မျက်နှာမှာတော့ မင်းကို အမြဲလွမ်းနေမယ်ဆိုသည့် အင်္ဂလိပ်စာ တန်းလေး။

မျက်နှာဖုံးမှာတော့ နှင်းများဖုံးနေသည့် ခရစ္စမတ် သစ်ပင်လေး။ ခြုံပြောရလျှင် အင်မတန် နှစ်လိုဖွယ်ကောင်းသည့် ကတ်လေး။

ဩရသက ထိုကတ်လေးကို ဘွားမေရှေ့ ထိုးပေး လိုက်ပြီး ...

"ဘွားမေ ကျွန်တော် ဒီကတ်လေး မခကို ပေးချင်တယ်"





"ဒီတော့"

"ဒီအတိုင်းပေးရင် မခက လက်ခံမှာ မဟုတ်ဘူး ဘွားမေ၊ ဘွားမေ ကြည့်ပြီး ခွင့်ပြုကြောင်း လက်မှတ်လေး ထိုးပေး ပါ၊ ဒါမှ မခက လက်ခံမှာ"

ဘွားမေ ရယ်ချင်သွားသည်။ ကြည့်စမ်းပါဦး၊ ပေါက် ပေါက်ရှာရှာ။ အစိုးရရုံးတွေရဲ့ လုပ်ထုံးလုပ်နည်းအတိုင်း ခွင့်ပြု ချက်လက်မှတ် လာတောင်းနေသည်။ ဒီကောင်လေးများ နောက် နေသလား ဆိုပြီး မော့ကြည့်မိတော့ ဩရသ ပုံစံက တည်တည် ကြည်ကြည်။

"မင်းဟာကလည်းကွယ်"

"တကယ်ပြောတာ ဘွားမေရဲ့၊ ကျွန်တော် ဘွားမေ မသိ ဘဲနဲ့ ဘာမှမလုပ်ချင်ဘူး၊ ဘွားမေ ကြည့်ပြီး လက်မှတ် ထိုးပေးပါ"

မတတ်နိုင်တော့။ ကိုယ်က လူကြီးဆိုတော့လည်း အသိအမှတ် မပြု၍ မဖြစ်။



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပြီလေ၊ ဘွားမေ ကြည့်ပြီး လက်မှတ်ထိုးပေးသင့် မသင့် စဉ်းစားလိုက်ဦးမယ်၊ မင်း ဟိုမှာထိုင်ပြီးစောင့်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

ညြရသ လှည့်ထွက်သွားတော့ ဘွားမေက ကတ်လေးကို ဖွင့်ကြည့်လိုက်သည်။ နှစ်လိုဖွယ်ကောင်းသော အပြုံးနှင့် ရုပ်ဆင်းအင်္ဂါရှိသည့် ကောင်လေး၏ ဓာတ်ပုံက ကောင်မလေးတွေအတွက် ကိုရီးယားမင်းသားပုံတွေလို အိပ်ခန်းမှာ ကပ်ထားချင်စရာ။

နောက်တစ်မျက်နှာလှန်ဖို့ လက်ရောက်ပြီးမှ ပြန်ရုပ်သိမ်းလိုက်သည်။

တော်ပါပြီ။ လူငယ်တွေ ဘာရေးထားလဲ ဆိုတာ ဘွားမေ မကြည့်ချင်တော့။

ဒီအရွယ်ကြီးရောက်မှ ရည်းစားစာ စစ်ပေးနေရတာ တောင် လွန်လှပြီ။





ဘာပဲဖြစ်ဖြစ်လေ။ ညြရသလေး ပြန်သွားလျှင် မခ ကျန်ခဲ့ပေလိမ့်မည်။ ထိုအခါ အမှတ်တရ တစ်ခုခုတော့ သူမအတွက် လိုအပ်ချင် လိုအပ်ပေလိမ့်မည်။ စာနာစိတ်နှင့် ကတ်ရဲ့ နောက်ကျောမှာ လက်မှတ်အသေးလေးတစ်ခု ထိုးပေးလိုက်သည်။ ပြီးမှ လက်မှတ်နဲ့အောက်မှာ "တစ်ခုတည်းအတွက်သာ" ဆိုသည့် မှတ်ချက်လေး ရေးပေးလိုက်သည်။

"ညြရသ ရပြီ လား ဒီတစ်ခါပဲနော်၊ နောက်တစ်ခါဆို ဘွားမေ ခွင့်မပြုတော့ဘူး"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဘွားမေ၊ အမှတ်တရဆိုတာ တစ်ခါလောက်ဆို လုံလောက်ပါတယ် ဘွားမေ"

အမှတ်တရတဲ့။ အင်းလေ ... လူတွေမှာ လိုအပ်တာပဲ။ ပြန်ပြီး ဖြေသိမ့်စရာ အမှတ်တရ တစ်ခုတော့ လူတိုင်းမှာရှိကြတာပဲလေ။

ဘွားမေကိုယ်တိုင် ငယ်စဉ်က အမှတ်တရများစွာကို ဖြတ်ကျော်ခဲ့သည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်တိတ်ဆိတ်သွားသော ဘွားမေကို အနှောင့် အယှက် မပေးချင်သဖြင့် သြရသ အသာလှည့်ထွက်လာခဲ့သည်။

ခြံထဲမှာ နှစ်ချောင်းထိုး ပြိုင်ထိုးနေသော မခနှင့် ကညာကို တွေ့ရသည်။ ကညာ ရှိနေသည့်အတွက် သြရသ ဘာမှမဖြစ်ပါ။

သူတို့နှစ်ယောက်ရဲ့ ကိစ္စမှန်သမျှ ဘွားမေရော မဒီနှင့် ကညာပါ အားလုံးသိသည်။

ဘာလျှို့ဝှက်ချက်မှ မရှိ။ သြရသက မခရှေ့မှာ ရပ်ပြီး ကတ်လေး လှမ်းပေးလိုက်သည်။

"ဘာလဲ ကိုသြ"

"ခရစ္စမတ်ကတ်"

"မယူရဲပါဘူး၊ ဘွားမေ ဆူလိမ့်မယ်"

"ဘွားမေဆီက ခွင့်ပြုချက် ရပြီးသားပါ၊ စိတ်မပူနဲ့၊ ဒီမှာ ကြည့်၊ ဘွားမေ လက်မှတ် တွေ့တယ်မဟုတ်လား"

"ဟောတော့်"



မခရော ကညာပါ မျက်လုံးပြူးသွားသည်။ မခက တော့ ဘွားမေ သိသွားပြီဆိုသော အသိနှင့် ရှက်နေသလောက် ကညာကတော့ အားရပါးရ ရယ်မောနေသည်။

"တကယ်တော့ ဒီမှာ ဘွားမေ လက်မှတ်ကြီး၊ ကိုသြက မျက်နှာလိုက်တယ်၊ ကညာတို့ကျတော့ မပေးဘူး"

"ညည်းလိုချင်ရင် နောက်သပ်သပ်ဝယ်ပေးပါ့မယ်ကွာ"

ကညာက သူ့အပေါ် ကလေးတစ်ယောက်လိုပင် [illegible]သော်လည်း အပြစ်ကင်းစင်သဖြင့် သူ့ရဲ့ညီမငယ်လို ဖြစ်နေသော သူ စိတ်မပျက်မိ။

"ဒါဆိုရင် ကညာကို ဝယ်ပေးရင် တီးလုံးပါတာ ဝယ်ပေးနော်၊ ဒါမှ ကတ်လေးဖွင့်တိုင်း သီချင်းသံ ကြားရမှာ"

"အေးပါကွာ၊ မခ ဖွင့်ကြည့်လေ"

"ဟင့်အင်း၊ နောက်မှပဲ ကြည့်မယ်"

ဘေးနားမှာ ကညာ ထိုင်နေသဖြင့် မခ ဖွင့်မကြည့် တစ်ခုခုဆို အဲဒီ ကညာက ဘာအားနာမှုမှ မရှိ။ အားရပါးရ ယ်လှရှိသည်။ ပြီးတော့ ကိုသြ ရှေ့မှာလည်း မခ မဖွင့်ချင်ပြန်

www.burmeseclassic.com



"အေးလေ … ဖွင့်လေဟာ၊ ငါလည်း ကြည့်ရအောင်"

"အို … မကြည့်ချင်ပါဘူး၊ နောက်မှပဲ ကြည့်မယ်"

ရက်စိတ်နှင့် မခ မျက်နှာတစ်ပြင်လုံး ပန်းရောင်ရဲရဲ ထနေ၏။ ယောက်ျားတစ်ယောက်အတွက် ရင်ခုန်စရာ အကောင်းဆုံးအချိန် ဖြစ်သည်။

သို့သော် ကညာ ရှိယဖြင့် ဩရာသ လွတ်လပ် ရင်မခုန်ရဲ။

"ကပ်စီးနဲ့လိုက်တာ၊ အရမ်းပဲ"

"နေပါစေ ကညာရယ်၊ သူ နောက်မှပဲ ကြည့်ပါစေ"

"နှစ်ယောက်စလုံးက ကညာကို ပ,ထုတ်ချင်နေကြပြီ မရဘူး၊ မသွားဘူး၊ ဘွားမေက သေချာမှာထားတယ် တစ်ယောက်ဟည်း မထားခဲ့ရဘူးတဲ့"

ကဲ … ရှင်းရော။ မခနှင့် တစ်ယောက်ချင်းတွေ့ ဩရာသ မမျှော်မှန်းရဲတော့။ ကံစွမရှိပါ။ ဩရာသကလည်း တစ်ယောက်ချင်းတွေ့ဖို့ မမျှော်မှန်း။





"ရပါတယ်ကွာ၊ ငါ့ညီမကိုလည်း မရှောင်နိုင်ပါဘူး၊ မခ ကိုယ်ပေးတာ အမှတ်တရ သိမ်းထားနော်"

အမှတ်တရတဲ့။ မခ ရင်ထဲ နွေးသွားသည်။ ကိုဩ ကို မော့ကြည့်တော့ ကိုဩ မျက်ဝန်းများက မခကို လှပစွာ ဆွဲငင်နေကြသည်။

"အမှတ်တရ ဟုတ်လား၊ ဟား ဟား ဟား"

ကညာကတော့ ဒီစကားလုံးကိုရွတ်ရင်း တွင်တွင် ယိမ်းမောနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ မမြင်ဖူးသော၊ တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသော လူတစ်ယောက်ကို ထိုင်စောင့်ရတာလောက် အူကြောင်ကြောင်နိုင်တာ မရှိ။ ဩရသ စိတ်ပျက်လက်ပျက် ခေါင်းခါလိုက်မိသည်။ မိအောင်တို့ လုပ်လိုက်လျှင် ဒီအတိုင်းပဲဖြစ်၏။

ညကမှ အရေးတကြီး ဖုန်းဆက်ပြီး ...

"ဩရေ ... မနက်ဖြန်ကျရင် လေဆိပ်မှာ ဧည့်သည်တစ်ယောက် သွားကြိုပေးစမ်းပါ၊ အရေးကြီးလို့"

"နင်ကတော့ လုပ်ပြီ၊ ဘယ်သူလဲ"

"နင် သိမှာမဟုတ်ပါဘူး၊ နင့်ဘာသာ လေဆိပ်ဧည့်ခန်းမှာသာ စောင့်နေ၊ သူ နင့်ဆီလာလိမ့်မယ်"





"သူက ငါ့ကို သိလို့လား"

"အေး ... နင့်ဓာတ်ပုံကို မြင်ဖူးတယ်"

"ဒါဆိုလည်း ပြီးရော၊ ဒါနဲ့ ဧည့်သည်က ယောက်ျားလား၊ မိန်းမလား"

"သိပ်ကိုလှတဲ့ မိန်းမတစ်ယောက်ပေါ့"

ဒါဆိုရင်တော့ မိအောင် သူငယ်ချင်း ဖြစ်ပေလိမ့်မည်။ အင်းလေ... သွားကြိုဆိုတော့လည်း သွားကြိုရုံပေါ့။ ဩရသက ဧည့်ခန်းမရဲ့ အရှေ့ဆုံးထိုင်ခုံမှာ အေးအေးလူလူပင် ထိုင်နေလိုက်သည်။

ခဏကြာတော့ ခရီးသည်တွေ ထွက်လာတာကို တွေ့ရသည်။ ခရီးသည်တွေ ကြားထဲမှာ အရပ်ရှည်ရှည်မြင့်မြင့်နှင့် မိန်းမတစ်ယောက်ကို မြင်တော့ ဩရသ "သေတော့မှာပဲ" ဟု ရေရွတ်မိသွားသည်။

မိအောင်။ အစုတ်မ။ လိုက်လာတာကို ပွင့်ပွင့်လင်းလင်း မပြော။ ဘာတဲ့ ... သိပ်ကိုလှတဲ့ မိန်းမတစ်ယောက်တဲ့။ အရူးမ။



www.burmeseclassic.com

www.burmeseclassic.com

ဘာပဲဖြစ်ဖြစ် မိအောင် ဆိုသည့် သူငယ်ချင်းမလေးကို မြင်တော့ ဩရသ ပျော်ရွှင်သွားသည်။

ခရီးသည်တွေ ကြားထဲမှာ မိအောင်က အရပ်မြင့်မြင့်နှင့် ထင်ရှားလွန်းနေသည်။ ရှပ်ရှပ်ယှက်ယှက်တွေ ကြိုက်သော မိအောင်က ဆံပင်ကို တစ်ခေါင်းလုံး ကွဲနေအောင် ကောက်ထား၏။

ပြီးတော့ အနုခေတ် နောက်ပိုင်းမှာ ပြန်လည်ခေတ်စားလာသော မျက်မှန်ကြီးကြီးကိုလည်း တပ်ထားလိုက်သေးသည်။ လက်ကိုင်အိတ်ကလည်း ကလေးတစ်ယောက် ထည့်လို့ရအောင် ကြီးမားကျယ်ပြန့်လှသည်။

"အရပ်မြင့်မြင့်နဲ့ ကောင်မလေးက မိုက်တယ်ကွာ"

ဩရသ နံဘေးက လူနှစ်ယောက်က သူနှင့်မိအောင် ပတ်သက်နေမှန်း မသိဘဲ မိအောင်ကိုကြည့်ပြီး ဝေဖန်နေကြ၏။

"ငဩ"

"မိအောင် ... အရှုံးမ"





သူတို့နှစ်ယောက် လက်ပြနှုတ်ဆက်တာကိုတွေ့မှ အဲဒီလူနှစ်ယောက် သူ့ဘေးနားကနေ မသိမသာ ရှဲသွားကြသည်။

"ဘယ်လိုလဲ၊ အံ့ဩသွားတယ် မဟုတ်လား"

သူ့အနား ရောက်လာသော မိအောင် အရပ်က သူနှင့် မတိမ်းမယိမ်း။ မြန်မာအမျိုးသမီးထဲမှာတော့ အတော်ရှားပါးသော အရပ်ဖြစ်၏။

မိအောင် အသားအရေက မြန်မာဆန်စွာ ညိုညက်ညက် နိုင်လှသော်လည်း မျက်နှာကျတော့ မေးရိုးသွယ်သွယ်နှင့် အနောက်တိုင်းဆန်ဆန် လှပလေ၏။

မိအောင်ကို သဘောကျတဲ့လူ များစွာရှိသော်လည်း မိအောင်က ဘယ်သူ့ကိုမှ ဂရုမစိုက်။

"အံ့ဩတာပေါ့၊ နင်တို့ခိုင်းလိုက်တာ သိပ်လှတဲ့ မိန်းမတစ်ယောက် မဟုတ်ဘဲ သိပ်ရုပ်ဆိုးတဲ့ မိန်းမတစ်ယောက် ဖြစ်နေတာကိုး"

"သွား ... အကောင်စုတ်"


www.burmeseclassic.com

www.burmeseclassic.com


သြရသ အပေါ် ဘယ်လိုပဲ စိတ်ဆိုးဆိုး တွေ့လျှင် ရန်တွေ့မည်ဟု ဘယ်လောက်ပဲ အားခဲထားခဲ့ထားခဲ့ သူ့မျက်နှာ ကိုမြင်တော့ အောင် အားလုံးမေ့ခဲ့ပြီဖြစ်၏။

သူ့မျက်နှာလေးမြင်ဖို့၊ သူနှင့်အတူ New year ကို ကျော်ဖြတ်ဖို့ အောင် အချိန်တွေအကုန်ခံ၊ ငွေတွေအကုန်ခံပြီး လိုက်လာသည်ဆိုတာ တစ်နေ့နေ့မှာတော့ အောင် သူ့ကိုပြော ခွင့် ကြုံနိုင်ကောင်းပါရဲ့။

မတွေ့တာ ကြာပြီဖြစ်သော မိအောင် ပိုလှလာသည် ကို သြရသ သတိပြုမိပေမဲ့ သူ့အတွက်က ဘာမှမဆန်း။ သူ နှလုံးသားကို သိသိသာသာ သိမ်းပိုက်သွားသည့် မိန်းမတစ်ယောက် ရှိခဲ့ပြီဖြစ်၏။

"နင့်ကြည့်ရတာ နည်းနည်း ပိုလှလာသလိုပဲ"

"ဟဲ ... ဟဲ ... နင်က အမှန်အတိုင်း မြင်တတ်သား"

"မျက်စိဆရာဝန် ပြောတာတော့ ငါ့မျက်လုံး မကောင်း တော့ဘူးတဲ့"

"သြရနော် ... ငါက အကောင်းပြောနေတယ် မှတ်တာ"

"ဟား ဟား ဟား ... ငါလား အကောင်းပြောမှာ၊ နင့် ရဲ့ အလှကို ချီးကျူးမဲ့ ယောက်ျားတစ်ယောက် ရှာလိုက် ဦးမယ် မိအောင်"

ခါတိုင်းဆိုလျှင် ဒီစကားမျိုးက အောင် အတွက် မဆန်းပေမဲ့ ဒီတစ်ခါတော့ ဘာမှန်းမသိဘဲ မိအောင် ဝမ်းနည်း သွားခဲ့သည်။

အောင့်ရဲ့အလှက သြရအတွက် ပြက်ရယ်ပြုစရာ များ ဖြစ်နေမလား။ ဒီအထိ လိုက်လာတာ သူ့ဆီက ဒီလိုစကား တွေ ကြားရဖို့အတွက်ပဲ မဟုတ်လား။ သြရဆီက နှစ်သိမ့်မရနိုင် တာကြောင့် အောင်က ကိုယ့်ဘာသာ ဖြေတွေး တွေးလိုက်သည်။

"နေပါဦး၊ နင့်ကို မေးစရာရှိသေးတယ်"

"ပြော"

ကားပေါ်ရောက်သည်နှင့် မိအောင်၏ မေးခွန်းတွေ ကို ရင်ဆိုင်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"နင်က ဘာဖြစ်လို့ New year ပြန်မလာရတာလဲ... ပြော"

အခုလာမဲ့ New year ကျလျှင် ဘွားမေ အိမ်၌ ဘုရားကိုးဆူ ပူဇော်ပွဲရှိ၏။ ဒီပွဲမှာ မခလည်း ရှိနေမည့်အတွက် သူ မသွား၍မဖြစ်။ ပြီးတော့ ဘွားမေကလည်း သူ့ကိုရှိစေချင်ပုံ ပေါ်သည်။ ဒါပါပဲ။

မခ ရှိနေမည့် ပွဲလေးတစ်ခုအတွက် ဩရသက သူ အင်မတန် မျော်မှောသည့် New year ကို စွန့်လွှတ်ခဲ့လေသည်။

အရင်နှစ်တွေကဆို ဩရသက New year မှာ မိအောင်နှင့်အတူ ညလုံးပေါက်ဖွင့်သည့် ဈေးဆိုင်တွေမှာ Discount ချတာတွေကို လုယက်ပြီး ဝယ်ကြသည်။ သူငယ်ချင်းတွေနှင့် ပါတီတက်ကြသည်။ လျှောက်လည်ကြသည်။ အခုတော့ အဲဒါတွေကို ဩရသ မမက်မောတော့။

"ကိုယ့်အကြောင်းနဲ့ ကိုယ်ပေါ့ဟာ"

"အဲဒီ ကိုယ့်အကြောင်းနဲ့ ကိုယ်ဆိုတာ ဘာလဲ၊ ပြော"





ဩရသက ပြုံးစိစိ လုပ်နေတော့ အောင် သံသယ ဝင်သွားသည်။ သူများ ...။ အို ... မဖြစ်နိုင်ပါဘူး။ အချိန်တိုလေး အတွင်းမှာ ငြေ ဘာမှမဖြစ်နိုင်ပါ။

"နင်တို့မိန်းမတွေက သိပ်စပ်စုတာပဲ မိအောင်၊ ငါ့ဘာသာ ငါ ရင်ထဲ သိမ်းထားလို့ မရဘူးလား"

"မရှာဘူး"

အင်းလေ။ သူက အခုချိန်မှာ ပြောပြချင်စိတ် မရှိသေးပေမဲ့ မိအောင်က သိချင်တယ် ဆိုတော့လည်း မတတ်နိုင်တော့။

နှောင်သိတာနဲ့ စောသိတာပဲ ကွာပေလိမ့်မည်။

"နင် မရယ်ရဘူးနော် မိအောင်"

"မရဘူး၊ ရယ်စရာဆိုရင်တော့ ရယ်မှာပဲ"

"ဒါဆိုရင် မပြောဘူးဟာ"

"အေးပါ ... အေးပါ ... မရယ်ပါဘူး"

"ငါ့မှာ ချစ်ရမဲ့ ကောင်မလေး ရှိနေပြီ"



www.burmeseclassic.com

www.burmeseclassic.com

မထင်မှတ်ဘဲ ကြားလိုက်ရသော စကားကြောင်း အောင် ချက်ချင်းငြိမ်သက်သွားခဲ့သည်။ အောင့် ရင်ဝကို မီးစနှင့် မြှိုက်လိုက်သလိုလည်း ပူတက်လာသည်။

ဒါ ဝမ်းနည်းတာလား ?၊ နာကျင်တာလား ? နှစ်ခုစလုံးလည်း ဖြစ်နိုင်သေးသည်။ ခုနက "နင်မငိုရဘူးနော်" လို့ ငြေ ပြောခဲ့ရမှာ ဘာဖြစ်လို့ "နင်မရယ်ရဘူးနော်" လို့ ပြော ခဲ့တာလဲ။

နောက်ဆုံးတော့ အောင် လိုက်လာတာ ဒီစကားမျ ကြားဖို့အတွက် ဖြစ်ခဲ့ရပြီလား။

"နင် ... နင် တကယ်ပြောတာလား ငြေ"

"တကယ်ပြောတာပေါ့၊ နင့်ကို ငါလိမ်ရမှာလား"

မီအောင် ဘာကြောင့် ငြိမ်သက်သွားလဲ၊ ငြေ လုံးဝမရိပ်မိ။ သူ ပြောချင်ရာသာ ဇွတ်ပြောနေမိသည်။

"ငါ့ကောင်မလေးက တကယ်ချောတာ သိလား၊ မြန် ဆန်ဆန်နီလေးနဲ့ အရှမ်းလည်း ချစ်ဖို့ကောင်းတယ်၊





အသိုင်းအဝိုင်းက အရှမ်းမြန်မာဆန်ပြီး စည်းကမ်းအတော် ကြီးတာ-ငါ ကျင်လည်ကြီးပြင်းခဲ့တဲ့ အသိုင်းအဝိုင်းနဲ့တော့ တခြားစီပဲ၊ ငါတော့ အတော်ကြီး ပြောင်းလဲရဦးမယ် မီအောင်ရေ"

လည်ကတုံးအင်္ကျီ အပြာနုနုလေးနှင့် နီညိုရောင် ယောပုဆိုး ဝတ်ထားသော ငြေ ပုံစံကို စစတွေ့ချင်းပင် အောင် အံ့အားသင့်ခဲ့ရသည်။ မေးမယ်ဆိုပြီး မမေးခဲ့ရသေးသော မေးခွန်း။ အခုတော့ အဖြေပါသွားခဲ့ပြီ။

"ဘယ်လိုလဲ မီအောင်၊ ရယ်စရာ မကောင်းဘူးလား"

"ရယ်စရာ မကောင်းဘူး ငြေ၊ ဒါပေမဲ့ ငါ အံ့အားတော့ သင့်တယ်"

ငြေကို ဒီမြေကနေ ပြန်မခွာနိုင်အောင် ဆွဲဆောင် ထားနိုင်သော မိန်းမတစ်ယောက်ကို အောင် မြင်ဖူးချင်လှသည်။ အောင့်ရဲ့ နှလုံးသားကိုမှ လုယူသိမ်းပိုက်သွားသော မိန်းမကို အောင် တွေ့မှဖြစ်မည်။


www.burmeseclassic.com

www.burmeseclassic.com



"ဘာအံ့အားသင့်စရာ လိုလဲဟ၊ အချစ်ဆိုတာ အချိန်မရွေး တွေ့နိုင်တာပဲ၊ နင် အခုတော့ ဘယ်သိဦးမလဲ အရွှးမဲ့ တစ်နေ့တော့ သိလာမှာပါ၊ အချစ်ဆိုတာ တွေ့ခဲ့ရင်ပေါ့"

အင်မတန် စိတ်ချမ်းသာပုံ ပေါ်နေသော ငြေကို ကြည့်ပြီး အောင် ရင်နာလှသည်။ အောင်က ကိုယ့်ကိုယ်ကိုယ် နှိပ်စက်ဖို့ ရောက်ရှိခဲ့ပြီ။

"အဲဒီအချစ် ဆိုတာကြီးကို မတွေ့ချင်ပါဘူး"

အောင့်ကို နာကျင်အောင် ...

ဝမ်းနည်းအောင် ...

မခံချင်အောင် အချစ်က ဖန်တီးပေးခဲ့ပြီ ပဲ။ ဒါတွေကို ငြေ ရိပ်မိမည်မဟုတ်။

"မတွေ့ချင်လို့ မရဘူးလေ မိအောင်ရဲ့၊ တစ်ချိန်ချိန်မှာ တွေ့လာမှာပဲ၊ ဒီလိုလုပ်၊ ဒီကိုလာတုန်း တစ်ခါတည်းတွေ့ သွားအောင် ငါ့သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးမယ်၊ ငါ့ သူငယ်ချင်း သနဲ့သနဲ့လေးတွေ ရှိတယ်"



အောင် ငိုမိတော့မည်။ ဒီအချိန်မှာ အောင့်အတွက် လိုအပ်တာ နေရာတစ်ခုဖြစ်၏။ အောင့်မျက်ရည်တွေကို လုံလုံ ခြုံခြုံ သွန်ထုတ်နိုင်ဖို့ နေရာတစ်ခု လိုအပ်ပါသည်။

"တော်စမ်းပါ၊ ငါ ဘယ်သူနဲ့မှ မသိချင်ဘူး၊ ငါ့ကို အန်တီနဲ့ အိမ်ပဲ ပြန်ပို့တော့၊ ငါ အနားယူချင်ပြီ"

"တစ်ခုခု စားပြီးမှ ပြန်လေဟာ၊ နင့်ကို မုန့်ဟင်းခါးလိုက် ကျွေးမယ်လေ၊ အသစ်ဖွင့်တဲ့ မုန့်ဟင်းခါးဆိုင် ငါသိတယ်၊ အရမ်းကောင်းတာပဲ"

ဒီလိုအချိန်မှာ အောင်က ဘယ်လိုခံစားချက်မျိုးနဲ့ မုန့်ဟင်းခါး စားနိုင်မှာလဲကွယ်။

"ငါ ခရီးပန်းလာတယ် ငြေ"

မိအောင် မျက်နှာကို ငြေရသ လှမ်းကြည့်မိတော့ ညိုတိုတို။ သူ့သူငယ်ချင်းမတွေက ပြောမှုးသည်။ သူငယ်ချင်းမိန်း ကလေးတွေက သူတို့သူငယ်ချင်းယောက်ျားလေး ချစ်သူရသွား သည့်အခါမျိုးမှာ အလွန်ဝန်တိုတတ်ကြသည်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့လည်း ဘာမှမဟုတ်ဘဲနဲ့ ပြန်ပြီးကျေနပ်သွားကြသည်တဲ့။ မိအောင်လည်း ဒါမျိုးဖြစ်နေတာပဲ ဖြစ်မည်။

"အေးလေ ... နင် အနားယူချင်တယ်ဆို ယူလိုက်လေ၊ မနက်ဖြန် ငါလာခေါ်မယ်"

"ကျေးဇူးပဲ"

ထူးထူးဆန်းဆန်း ဖြစ်၏။ မိအောင်ဆီမှ ကျေးဇူးတင်စကား ကြားရသည်။

❖ ◆ ❖





နောက်တစ်ရက်မှာတော့ အောင်က ဘာခံစားချက်မှ မပေါ်လွင်အောင် ထိန်းချုပ်နိုင်ခဲ့ပြီ ဖြစ်၏။ သို့သော် အောင့်စိတ်ထဲကတော့ အလျှော့မပေး။ သြရသ ဆိုသော လူငယ်လေး တစ်ချိန်ကျလျှင် အောင့်ဘေးနား ပြန်ရောက်လာရမည်။

အောင့်ရင်ထဲကလူကို ဘယ်သူ့မှ မပေးနိုင်ပါ။ င်သက်ထွက်သက်တိုင်းမှာ သတိရနေခဲ့သော ချစ်သူကို အဆုံးရှုံးမခံနိုင်ပါ။

အဲဒီအတွက် အောင်သည် မိန်းမတစ်ယောက်ကိုသာ ခင်ဆိုင်ရပေမည်။

"ဘယ်လိုလဲ မိအောင်၊ အားလုံး အိုကေရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေတယ် ငြေ၊ ဒါပေမဲ့ ငါ့အတွက် အဝတ်အစား နည်းနည်းလိုတယ်၊ ငါယူလာတဲ့ အဝတ်အစားတွေက နည်းနည်းထူနေတယ် ငြေ၊ ဒီမှာကလည်း ဒီဇင်ဘာသာ ဆိုတယ် အိုက်လိုက်တာ အရမ်းပဲ"

"အေးလေ ... ဒါဆိုရင် နင့်ကို ဗိုလ်ချုပ်ဈေး ပို့ပေးမယ်"

"ငြေရယ် ... နင့်မှာလည်း ဒီပုဆိုးကို မချုတ်တော့ဘူး လား၊ တကတဲမှပဲ၊ ငါက ဘောင်းဘီနဲ့၊ နင်က ပုဆိုးနဲ့ တော်တော်လိုက်တယ်"

မှုလက ငြေရသ ဆိုသည့် လူငယ်လေးကို အောင် ရှာမတွေ့နိုင်သည့်အတွက် စိတ်မသက်မသာ ဖြစ်သွားသည် ဒီလောက်တောင်ပဲ ပြောင်းလဲလွယ်ရသလားကွယ်။

"အေး ... ဟုတ်သားပဲ၊ နင် ပြောင်းဝတ်လိုက်ပါလား"

အိတ်တွေအများကြီးပါသည့် အစိမ်းရောင်ရင့် ဘောင်းဘီရှည်သည် မိအောင် ခန္ဓာကိုယ်ပေါ်မှာ ချပ်ချပ်ရပ် နှင့် လှပသော်လည်း ပုဆိုးဝတ်ထားသော သူနှင့် တွဲသွား တော့ လူတွေဝိုင်းကြည့်ကြမှာ သေချာပါသည်။





"ဆောရီးပဲ ငြေရေ၊ နင် ပြောင်းဝတ်လိုက်ပါလား"

"ဟာ ... မလုပ်ပါနဲ့၊ ငါက ပုဆိုးခါးမှာမြဲအောင် နေ့ တိုင်းဝတ်ပြီး လေ့ကျင့်နေတာ၊ ဒါတောင် မြဲသေးတာမဟုတ် ဘူး"

ခါတိုင်းဆိုလျှင်တော့ သူ တောင်းဆိုလိုက်တာနှင့် အောင်က အိုကေသာ ဖြစ်၏။

အခုတော့ ဒီလိုမဟုတ်တော့၊ ဆန့်ကျင်ချင်သည့် စိတ်က ရင်မှာခိုအောင်းလာ၏။

"ငါလည်း ပြောင်းမဝတ်ချင်ဘူး ငြေ"

"သွားဝတ်လိုက်ပါ မိအောင်ရာ၊ လိမ္မာပါတယ်"

"နိုးပါ၊ ဒီပုံစံအတိုင်းပဲ သွားမယ်"

"ပြီးရောဟာ ... ပြီးရော"

ငြေရသ ဘာမှထပ်ပြီး မတောင်းဆိုတော့။ မိအောင် တစ်ခါတလေ ဒီလိုပါပဲ။ ဂျစ်တစ်တစ်နှင့် သူ့ကို အနိုင်ယူ ချင်သည်။

www.burmeseclassic.com



ဗိုလ်ချုပ်ဈေးရောက်တော့ မိအောင်က ဝက်သား တုတ်ထိုး စားချင်သည်ဆို၍ ဩရသ စိတ်ရှည်လက်ရှည် ထိုင်စောင့်ရသည်။

"နင်လည်း စားလေ ဩ"

"မစားတော့ဘူးမိအောင်၊ အေးအေးဆေးဆေးသာစား"

ထိုခဏမှာပင် ဩရသက လှပသော မြင်ကွင်းတစ်ခုကို တွေ့လိုက်ရသည်။ မခလေး။ ခပ်လှမ်းလှမ်းက ဖိနပ်ဆိုင်မှာ ဖိနပ်ဝယ်ရနေသော မခနှင့် ကညာကို တွေ့လိုက်ရသည်။

ရင်ဖုံးအင်္ကျီ အဖြူလေးနှင့် ဆံပင်ဖြန့်ချထားသော မခ ပုံစံလေးသည် ထိုင်ပြီး ငေးချင်စရာ ကောင်းလောက်အောင် လှပလွန်းသည်။ ဗွားမေ မပါတာကြောင့် ဩရသက သွားနှုတ်ဆက်ဖို့ စိတ်မကူးဘဲ ငြိမ်ငြိမ်လေးထိုင်ပြီး ငေးနေလိုက်သည်။

သိပ်ပြီးလှတဲ့ ကောင်မလေး။ ဖိနပ်တစ်ရန်ပြီးတစ်ရန် စမ်းပြီးစီးကြည့်နေသော မခနှင့် ကညာက ဩရသကို မမြင်ပါ။





"ဩ ... ဟဲ့ ... ဩ"

အောင်က သူမ ခေါ်တာကို လှည့်မထူးသဖြင့် ဩရသကို လှမ်းကြည့်လိုက်သည်။ အံမယ် ... ဆရာသမားက အောင့်ကို ဂရုမစိုက်ဘဲ ကောင်မလေးတစ်ယောက်ကို လှမ်းငေးနေသည်။

လှမ်းငေးနေတာမှ မျက်လုံးကြီးအပြူးသားနှင့် ပတ်ဝန်းကျင်ကို သတိမေ့နေသည့် အခြေအနေမျိုး ဖြစ်၏။

အောင်က ဩ ဖြစ်နေတာကို ကြည့်ပြီး ရယ်ချင်သည်။ ပြီးတော့ ဒါမျိုးတွေ ဩ ဘယ်တုန်းက တတ်နေတာလဲဆိုတာ စဉ်းစားမိပြီး စိတ်လည်း ပျက်မိသည်။ ဒီပြန်ရောက်သည့် အချိန်တိုအတွင်းမှာ ဒါမျိုးတွေ ဩ တတ်နေပြီလား။ စိတ်ပျက်စရာ ကောင်းလိုက်တာ။

"ဩ ... ဟဲ့ ... ငါခေါ်တာလည်း ကြည့်ပါဦး၊ ငေးလိုက်တာ လွန်ရော"

"ဗျူး ... တိုးတိုးလုပ်စမ်းပါ၊ အာရုံပျက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ငြေ ကြည့်နေသည့် နေရာမှာ သိပ်ကိုလှပသည့် ကောင်မလေးက ဖိနပ်ဝယ်နေသည်။ အင်းလေ ... ငြေငေးလည်း ငေးလောက်ပါရဲ့။ မိန်းမချင်းတောင် ထိုင်ပြီးငေးရလောက်သည့် အလှမျိုး။

"နင်ကလည်း အဲဒီလောက်တောင် ငမ်းရလား"

ဝက်သားတုတ်ထိုးသည့် ရယ်တော့ ငြေရသ ရှက် သွားသည်။ မိအောင် ပြောပုံက သူက မိန်းမမြင်တိုင်း ငမ်းနေ သည် ကျနေတာပဲ။ ဒါကြောင့်ပဲ ငြေရသက မိအောင်ကို တိုးတိုး တိတ်တိတ် အသိပေးလိုက်သည်။

"မိအောင် ... ငါချစ်သူဆိုတာ သူပဲ"

"သူက ... နင့်ရဲ့ ..."

"ဟုတ်တယ်၊ ငါ ပြောတာ သူပဲ"

"ဩော်"

အောင်သည် တစ်ခဏတော့ ဘာမှထပ်မပြော အောင် တိတ်ဆိတ်သွားခဲ့သည်။ အဲဒီမိန်းမကို အောင် အရမ်း





ချင်ပေမဲ့ ဒီလောက် မြန်မြန်ကြီးတော့ မတွေ့ချင်ပါ။ ချက်ချင်း ဆါထွက်လာသော မနာလိုဝန်တိုစိတ်တွေကို အောင် မတားဆီး နိုင်ခဲ့။

"ပုံတုံးကြီးပါလား"

လှနေတယ်ဆိုတာ မြင်နေရက်နှင့် အောင် လက် ခံချင်။ အလကားပါ၊ ဟိုမှာကြီးပြင်းခဲ့သည့် ငြေက ရိုးတာကို မြင်တော့ အဆန်းတကြယ်ဖြစ်ပြီး သဘောကျသွားတာပဲ ဖြစ်မှာ ပါ။ ခဏလေး ... ခဏလေး သဘောကျတာပဲ ဖြစ်လိမ့်မည်။

ဒီလိုတွေးလိုက်တော့ အောင့်စိတ်ထဲ ပေါ့ပါးသွား သည်။

"ဘာလို့ တုံးရမှာလဲ၊ ဒီလောက်လှတဲ့ဟာကို၊ အခုခေတ် ကြီးမှာ ဒါမျိုး အလှက ရှားပါးကုန်ပဲ"

"ရှားပါးကုန်မို့လို့ နင် သဘောကျသွားတာပါ"

"မဆိုင်ပါဘူး၊ သူ့ကို မြင်လိုက်တာနဲ့ ငါ အရမ်းချစ်သွား တာ၊ ကြာလေ ကြာလေ သူ့ကို ပိုချစ်လေပဲ"



www.burmeseclassic.com

www.burmeseclassic.com



ငြေ မျက်ဝန်းထဲမှာ မြတ်နိုးမှုနှင့် ဂုဏ်ယူမှုက အထင်းသား။

စကားလုံးတိုင်းက အောင့်ကို နှိပ်စက်နေကြသည်။ အောင်က အမြဲတမ်း ကိုယ့်ကိုယ်ကိုယ် စိတ်ဓာတ်ကြံ့ခိုင်သူအဖြစ် ဂုဏ်ယူခဲ့လေသည်။

အခုတော့ အောင် မရင့်ကျက်သေး။ ကြံ့ခိုင်သူအဖြစ် ဟန်ဆောင်နေရတာ ပင်ပန်းလှသည်။ မနေ့ညက ဝမ်းနည်းစွာ ရှိုက်ငိုခဲ့တာတောင် အောင့်ဆီမှာ ဝမ်းနည်းခြင်းတွေရော မျက်ရည်တွေရော ကြွင်းကျန်နေဆဲဖြစ်၏။

"နင် သွားနှုတ်ဆက်လေ"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"သူ့ကို လမ်းမှာတွေ့ရင် မနှုတ်ဆက်ပါဘူးလို့ သူတို့အဘွားကို ကတိပေးထားတယ်လေ"

"ဘာကြီးလဲဟ"





"နင် နားလည်မှာ မဟုတ်ဘူး မိအောင်၊ နောက်မှ အေးအေးဆေးဆေး ရှင်းပြမယ်၊ သူတို့အဘွား ဘွားမေက သိပ်လေးစားဖို့ကောင်းတဲ့ပုဂ္ဂိုလ်၊ ငါတို့နှစ်ယောက်ရဲ့ချစ်ခြင်းတာ အဲဒီအဘွားကြီးရဲ့ လက်ထဲမှာပဲ ရှိတယ်ဆိုတာ နင်သိရင် အံ့အားသင့်လိမ့်မယ်"

ငြေရသက ဘွားမေ လက်အောက်မှာရှိသော သူတို့နှစ်ယောက် စည်းကမ်းရှိသော ချစ်ခြင်းတရားကို ဂုဏ်ယူဝင့်ကြွားစွာ ဆို၏။

သူနေသော နိုင်ငံမှာသာဆို ဒီလိုချစ်ခြင်းတရားက ရယ်စရာ ဖြစ်ပေလိမ့်မည်။

အောင် နားမလည်ပေမဲ့ နားလည်းမလည်ချင်။ ဘယ်သူ့ရဲ့ လက်အောက်မှာပဲရှိရှိ သူတို့ရဲ့ ချစ်ခြင်းတရားကို အောင် မရှုစိမ့်နိုင်။

"ငြေ ... ငါ့ကို မိတ်ဆက်ပေးလေ"

"မိတ်ဆက်ပေးမယ်၊ ဒါပေမဲ့ အခုတော့ မဟုတ်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com

ဒီမိန်းမနှင့် တွေ့ရဖို့ကို အောင်က အချိန်စောင့်ဦး မည်တဲ့။ ဘယ်လောက်များ တန်ဖိုးမြင့်နေလို့လဲကွယ်။ အောင်ဇ သည်းခံပြီး စောင့်ရဦးမှာလား။ ဝေးသေး။

"သူ့နာမည် ဘယ်လိုခေါ်လဲ"

"မေမခတဲ့"

"နင် မိတ်ဆက်မပေးလည်း ငါ့ဘာသာ သွားမိတ်ဆက်မယ်"

ငြေ မတားဆီးနိုင်ခင်ပင် အောင်က ဖျတ်ခနဲထ ထွက်လာခဲ့သည်။ အောင့်ရဲ့ အသည်းနှလုံးကို လုယူသွားသော မိန်းမတစ်ယောက်ကို မြင်ချင်စိတ်နှင့် အောင့်နှလုံးခုန်သံသည် မြန်ဆန်ကျယ်လောင်လွန်းနေ၏။

"မိအောင်"

ငြေ ခေါ်သံသဲ့သဲ့ကို မိအောင် ဂရုမစိုက်တော့။ မြန်ဆန်သွက်လက်သော ခြေလှမ်းများနှင့် မေမခဆီ ရောက်သွားသည်။ မနာလိုဖွယ် ကောင်းလောက်အောင် လှပသော အလှတရားသည် အောင့်အတွက် အဆိပ်ခါးခါး ဖြစ်နေ၏။





"မေမခ ဆိုတာ မင်းလား"

"ရှင်"

မခသည် မိမိနာမည်ကို လာမေးသော အမျိုးသမီးကို မော့ကြည့်လိုက်သည်။ မြင့်မားသော အရပ်အမောင်းနှင့် ခန္ဓာကိုယ်က တကယ့်ကို ပေမိခေါက်မိ။ မခတို့ ရုပ်ရှင်၊ ဗီဒီယိုတွေမှာ တွေ့လေ့ရှိသည့် နိုင်ငံခြားသူ ပုံစံမျိုး။

မခထက် အနည်းငယ်သာ ကြီးမည့်ပုံပေါ်သော အမျိုးသမီးက မခကို လာမေးနေ၏။ ဘာဖြစ်မှန်း မသိပေမဲ့ အဲဒီ အမျိုးသမီးရဲ့ မျက်ဝန်းတွေက စူးရှတင်းမာလွန်းနေသည်။

မခကို မကျေနပ်သော၊ မနှစ်သက်သော အရိပ်အယောင်တွေကို သူမဆီမှာ မခ တွေ့နေရသည်။ ဘာဖြစ်လို့လဲ၊ မခနဲ့ ဘာပတ်သက်မှုမှလဲ မရှိဘဲနဲ့။

သို့သော်လည်း မခသည် ယဉ်ကျေးသိမ်မွေ့စွာ ကြီးပြင်းလာသောကြောင့်

"ဟုတ်ပါတယ်ရှင်၊ မေမခပါ"



www.burmeseclassic.com

www.burmeseclassic.com

"တို့နာမည်က နဒီအောင်ပါ"

နဒီအောင်။ မခ အသိထဲမှာကော သူငယ်ချင်းထဲမှာရော ဒီနာမည် မရှိပါ။

"စဉ်းစားမနေပါနဲ့၊ တို့ကို မင်း မသိပါဘူး၊ တို့က ဩရသရဲ့ ..."

အောင် စကားကို ဆုံးအောင် မပြောလိုက်ရပါ။ ဩသည် ချက်ချင်း အောင့်လက်ကို ဖမ်းဆွဲကာ ဟန့်တားလိုက်၏။

"လာစမ်းပါ မီအောင်ရယ်၊ သူတို့ကို မနှောင့်ယှက်ပါနဲ့။ ဆောရီးပဲ မခ၊ ကိုယ် ကတိမတည်သလို ဖြစ်သွားတယ်၊ ကိုယ်နဲ့ အခုတွေ့ခဲ့တယ် ဆိုတာကို မခ မေ့ပစ်လိုက်ပါ"

မခ အတွက် အဖြစ်အပျက်တွေက မြန်ဆန်လွန်းနေသည်။ ဘာမှန်းမသိသော အမျိုးသမီးတစ်ယောက်။ ပြီးတော့ ကိုဩ။ ကိုဩက ဘာမှမဖြစ်သလို တည်တည်ငြိမ်ငြိမ် လှည့်ထွက်သွားပေမဲ့ မခက မတည်ငြိမ်နိုင်။



အဲဒီအမျိုးသမီးက ဘယ်သူလဲ။ ကိုဩနဲ့ ဘာပတ်သက်လဲ ဆိုသည့် မေးခွန်းက မခဆီမှာ ကျန်ရစ်ခဲ့သည်။

"ဟဲ့ ... ဟဲ့ ... သူတို့က ဘာတွေလဲ"

"ငါလည်း မသိဘူး ကညာ၊ ပြန်ကြရအောင်"

ဈေးဝယ်မည့် အစီအစဉ်ကို မခ စိတ်မဝင်စားတော့။ မခ အိမ်ပြန်ပြီး အနားယူချင်လှပြီ။ အသိရှေ့ဆိုင်မှာ ထိုင်စောင့်နေသော မေမေက မခကို မြန်လှချည်လား မေး၏။

"ခေါင်းမူးလို့ပါ မေမေ"

မခ တကယ်လည်း မူးယစ်နေခဲ့ပါသည်။ ကိုဩရဲ့ ချစ်ခြင်းတရားအောက်မှာ မခ မူးယစ်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အောင့်အတွက် ခက်ခဲလှပါသည်။ အောင် လုံးဝမေ
သော သူစိမ်းမိန်းမတစ်ယောက် အကြောင်း စုံစမ်းရတာ အော
အတွက် ခက်ခဲလွန်းသည်။ ဒီနိုင်ငံကနေ ထွက်ခွာလာတာ ပြေ
ထက် အောင်က နှစ်အများကြီး စောတာကြောင့် အောင့်မှာ မှ
မိစရာ သူငယ်ချင်း မရှိပါ။

နောက်ဆုံးမှာတော့ အောင် လုံးဝမတတ်နိုင်တော
ကြောင့် ကိုကိုနီဝယ်နှင့် စကားရောဖောရောလုပ်ပြီး စကားနှိုက်
သည်။ ဒီတော့မှ မေမခ အကြောင်း အောင် သိခွင့်ရခဲ့သည်

တော်ဝင်နန်းထိုက်သည် မဆိုနိုင်သော်လည်း ကြ
ကျယ်မြင့်မြတ်သည်ဟု ကိုကိုနီဝယ်က ဥပမာချပြတော့ အောင့်မ
မှာလိုခံရခက်သည်။





ဘာကြီးကျယ်မြင့်မြတ်တာလဲ။ ရင်ဖုံးအင်္ကျီ ဝတ်
တာနဲ့ပဲ ကြီးကျယ်မြင့်မြတ်သွားရောလား။ မိဘတွေအရှေ့
ဒိုးရိုးကုပ်ကုပ် နေပြတာနဲ့ပဲ တော်ဝင်နန်းထိုက်သွားရောလား။

တကယ့်ကို ရယ်စရာပါပဲလားကွယ်။

"နေပါဦး၊ ညည်းက ငါ့ကို ဘာဖြစ်လို့ ဒါတွေမေးနေရ
တာလဲ"

"အိုး … ကိုကိုနီဝယ် ညီက အဲဒီကောင်မလေးနဲ့ ပတ်
သက်ရင် သွက်သွက်ခါနေလို့ အောင်က မေးကြည့်တာပဲ"

"သွက်သွက်ခါလောက်အောင် ကောင်မလေးက လှတာကိုး၊
ငါ့သင်တန်းမှာ ယောကျ်ားလေး အယောက်တစ်ရာရှိရင်
ကိုးဆယ်လောက်က သူ့ကို သဘောကျတဲ့လူတွေချည်းပဲ၊
ရှင်းရှင်းပြောရရင် နဒီအောင်၊ မေမခ ရောက်လာပြီးမှ ငါ့
သင်တန်းမှာ သင်တန်းလာတက်တဲ့ ယောကျ်ားလေးတွေ
ပိုများလာတယ်၊ စာသင်ချင်တာ နည်းနည်း၊ ကောင်မလေး
ကို ငမ်းချင်တာ များများပေါ့၊ ဟဲ … ဟဲ … ငါကတော့



www.burmeseclassic.com

www.burmeseclassic.com



ဝင်ငွေတိုးလာလို့ အဲဒီကောင်မလေးတောင် ကျေးဇူးတင်နေတာ၊ ဒီသင်တန်းမှာ သူ့ရဲ့နှစ်နိမ်းက ဥမ္မာဒန္တီတဲ့ ကောင်လေးတွေ ပေးထားတာလေ"

အောင် နှာခေါင်းရှုံ့လိုက်သည်။ ကုသိုလ်ကံကောင်းလိုက်တဲ့ မေမခ၊ နှစ်နိမ်းတောင် ဥမ္မာဒန္တီတဲ့။ အောင် ကျောင်းတက်တုန်းက အောင်ရဲ့နှစ်နိမ်းက အရှည်ကြီးတဲ့။

ထိုနာမည်ကို ငြေက စတင်ခေါ်ခဲ့သည့်အတွက် အောင်မှာ စိတ်မဆိုးရက်ခဲ့။

အောင် သေချာဆုံးဖြတ်ပြီးသား။ ငြေ ဆိုသည့် လွယ်လေးကို မေမခ လက်ထဲ ထည့်မပေးနိုင်။ အိုး ... မေမခမှ မဟုတ်ပါဘူး၊ ဘယ်မိန်းမ လက်ထဲကိုမှ ထည့်မပေးနိုင်ပါ။

"ငြော် ... ဒါနဲ့ ကိုကိုနိုဝယ်၊ ဘွားမေ ခြံက သောက်ထော်မှာနော်၊ ခြံအမှတ် ဘယ်လောက်လဲ၊ အဲဒီလမ်းထဲမှာ အောင့်သူငယ်ချင်းတွေ ရှိတယ်"

"ခြံအမှတ် နှစ်ဆယ့်ငါးလေ"





လမ်းနာမည် သိပြီးသား အောင့်အတွက် ခြံနံပါတ် ထပ်မံသိရှိသွားလေသည်။

ဘွားမေခြံသို့ ရောက်သည့်အခါမှာတော့ ရဲရင့်ခြင်းသည့်အရာက အောင့်သွေးထဲသို့ စီးဝင်နေကြသည်။ အောင် ရောက်သွားသည့် အချိန်မှာ ဘွားမေ ဆိုသော အဘွားကြီးရှိမနေ။

မေမခနှင့် မဒီ ဆိုသော ကောင်မလေးသာ တွေ့ရသည်။

"မခ ... နင့်ကို တွေ့ချင်လို့တဲ့"

ပြီးလုလု အိပ်ရာခင်းကို အနားသတ် ထိုးနေသော မေမခက အသာမော့ကြည့်လိုက်တော့ အံ့အားသင့်သွားသည်။ ဟိုတစ်နေ့က ကိုငြေနှင့်အတူ မိုလ်ချုပ်ဈေးမှာ တွေ့ခဲ့သည့်အမျိုးသမီး။

ထင်ရှားသော အရုပ်အမောင်းနှင့် အသွင်အပြင်က တစ်ခါမြင်ဖူးသည်နှင့် မှတ်မိလွယ်သည့် ပုံစံ။



www.burmeseclassic.com

"တို့ကို အိမ်ထဲဝင်ဖို့ မဖိတ်ခေါ်တော့ဘူးလား"

"ကြော် ... ဝင်ထိုင်ပါ၊ ရပါတယ်"

"မှတ်မိပါတယ်နော်"

"ဟုတ်ကဲ့"

ကိုညြတို့နှင့် မိုလ်ချုပ်ဈေးမှာတွေ့ပြီး နောက်တစ်နေ့မှာ ကိုညြ အိမ်ရောက်လာပြီး ပြောပြခဲ့သည်။ သူနှင့်အတူ ကျောင်းတက်နေသော သူငယ်ချင်း၊ နိုင်ငံခြားမှ အလည်ရောက်လာခဲ့သည်တဲ့။

အောင်က မခ ထိုးလက်စ အိပ်ရာခင်းကို အသာကိုင်ကြည့်လိုက်သည်။ အတော်အချိန်အားသည့် အမျိုးသမီးမင်းအောင်တို့ဆီမှာ ပိုက်ဆံပေးဝယ်လျှင် ဒါမျိုး ကြိုက်တဲ့ပုံစံမျိုးရနိုင်သည်။

"တို့ မင်းကို မေးစရာရှိလို့ လာခဲ့တာပါ"

"ဟုတ်ကဲ့"





ရဲရင့်မှုနှင့် တဖျပ်ဖျပ် ခါနေသော မျက်ဝန်းအစုံပိုင်သည့် နဒီအောင် ဆိုသော အမျိုးသမီးငယ်သည် မခကျက်တော့ အံ့အားသင့်စရာပင်။ မဖိတ်ခေါ်ဘဲ အလိုလိုရောက်ခဲ့သည်။

"မင်းနဲ့ ညြရသနဲ့ ဘယ်လိုပတ်သက်လဲဆိုတာ တို့သိချင်တယ်"

အောင်က သိသိကြီးနဲ့ မသိသလို မေးမြန်းလိုက်သည်။ ဒါပရိယာယ်တစ်မျိုးဆိုတာ သိုးဖြူမလေး တွေးမိမှာတောင်မှတ်။

"နဒီအောင်ကကော ဘာဖြစ်လို့ ကျွန်မကို မေးရတာလဲ"

ကိုညြ သူငယ်ချင်းဆိုသော အသိနှင့် မရိုင်းမျအောင် မနည်းကြိုးစားနေရသည်။ မခလည်း လူငယ်တစ်ယောက်ပဲ၊ ဘယ်လာ အကျောကြီးနဲ့ လာမေးတာ မသိဘဲ နေမလား။

"နဒီအောင်က ကိုညြ သူငယ်ချင်း မဟုတ်လား၊ ကိုညြကို မေးပါလား"



www.burmeseclassic.com

www.burmeseclassic.com

"ဆောရီး မေမခ၊ အမှန်ဆို ဒီမေးခွန်း မင်းကို တို့မမေး သင့်ပါဘူး၊ တို့က သေချာချင်လို့ မေးလိုက်တာပါ၊ တို့က ဩရသရဲ့ ချစ်သူပါ"

မခအတွက် ကမ္ဘာမြေကြီးသည် ချက်ချင်းအရောင် ပြောင်းလဲသွားသည်။ အရှေ့မှာရှိသော အရာအားလုံးကို မမြင်နိုင် လောက်အောင် မခ တုန်လှုပ်သွားခဲ့သည်။ ကိုဩရဲ့ ချစ်သူတဲ့၊ မခနှလုံးသားသည် ခံနိုင်ရည် မရှိသလို တဖျပ်ဖျပ်နှင့် အခုန်မြန် လာသည်။

"ဒီမြန်မာနိုင်ငံမှာ တို့နဲ့ ဆွေမျိုးနီးတာ တစ်ယောက်မှမရှိ ဘူး မေမခ၊ တို့ ဒီကို ဘာကြောင့် လိုက်လာလဲ သိလား မင်းအကြောင်း တို့ကြားလို့ လိုက်လာခဲ့တာပဲ၊ မင်းအကြောင်း ဆိုတာလည်း ငဩ ကိုယ်တိုင် ပြောပြလို့ တို့သိတာပါ"

အောင်က စကားကို ခဏရပ်ပြီး မေမခကို တစ် ချက် အကဲခတ်လိုက်သည်။ မေမခ ကြည့်ရတာ အတော်ကြီး တုန်လှုပ်နေပုံ ပေါ်လေ၏။ အောင့်ကိုတောင် စကားတစ်ခွန်းမှ ပြန်မပြောနိုင်ရှာ။





"တို့အတွက်ကတော့ ငဩ ရှုပ်တဲ့ ဓာတ်လမ်းတွေက အဆန်းမဟုတ်တော့ဘူး မေမခ၊ ရှင်းနိုင်တဲ့ဟာရှင်း၊ မရှင်း နိုင်တဲ့ဟာလည်း ဒီအတိုင်း လွှတ်ပေးထားလိုက်တာပဲ၊ ရှင်းရှင်း မရှင်းရှင်း သိပ်တော့ မထူးပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ငဩက အချိန်တန်ရင် တို့ဆီ ပြန်ရောက်လာ တာပဲလေ"

ဒီစကားတွေကိုသာ အမှန်အတိုင်း ဆိုရင်တော့ သိပ်ကို ကြောက်စရာကောင်းလှသည်။ မခ မမျှော်လင့်ခဲ့သော၊ မျှော်လင့်ရဲသော စကားတွေသာ ဖြစ်၏။

"ဒီစကားတွေအတွက် နဒီအောင်က တာဝန်ယူနိုင်ရဲ့လား"

"တာဝန်မယူနိုင်ဘဲ တို့မပြောဘူး"

ဒီထက် သေချာတာ ဘာရှိဦးမှာလဲ ဆိုသည့် ပုံစံ မျိုးနှင့် အောင်က နှုတ်ခမ်းကို တင်းတင်းစေ့လိုက်သည်။

"ငဩက ရုပ်လေးက မင်းမြင်တဲ့အတိုင်းပဲလေ၊ သူက အဲဒီရုပ်ကို ဗန်းပြပြီး ရှုပ်နေကျပဲ၊ ကောင်မလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပြီးတစ်ယောက် တွဲတယ်၊ တို့ကချစ်အော
ခွင့်လွှတ်ရတာပဲလေ၊ တစ်ခုတော့ ကောင်းပါတယ်၊ သူ
သူတွဲသမျှ ကောင်မလေးတွေအကြောင်း အားလုံးကို တို့
ပြောပြတယ်၊ မင်း အပါအဝင်ပေါ့"

"မယုံနဲ့ မခ၊ ဒါ အမှန်တွေ ဖြစ်ချင်မှ ဖြစ်မှာ"

မဒီကတော့ အိမ်ပေါ်တက်လာပြီး ကိုသြကို သူ
ပါတယ်ပုံစံမျိုးနှင့် ပြောနေသော နဒီအောင်ကို လုံးဝအယုံအကြည်
မရှိ။ အထူးသဖြင့် သိက္ခာ၊ ကတိ စောင့်ထိန်းသော ကိုသြ
ယုံကြည်တာလည်း ပါသည်ပေါ့။

"ယုံတာ မယုံတာက တို့အပိုင်း မဟုတ်ဘူး၊ တို့
အကြောင်းတွေ အများကြီး ကြားဖူးပါတယ်၊ မင်းနဲ့
မှာစိုးလို့ လာပြောတာ၊ သြရသ ဆိုတာ ကောင်မလေး
နဲ့ ရှုပ်ရှုပ်ယှက်ယှက် လုပ်တတ်တဲ့ လူတစ်ယောက်ဆို
သိသိကြီးနဲ့ မင်း သဘောတူတယ် ဆိုရင်တော့လည်း
ဘာမှ မပြောတော့ပါဘူး"





အောင်က ဘာခံစားချက်မှ မရှိသလို ပခုံးတွန့်ပြ
ချင်း အဆုံးသတ်လိုက်လေ၏။

"ကျွန်မ မယုံဘူး နဒီအောင်"

ကိုသြကို ယုံကြည်မှုဖြစ်မယ်ဆိုသော အသိစိတ်ကို
ခေါင်းထဲ အခါခါ ရိုက်သွင်းရင်း မခ ပြောပြလိုက်သည်။

"ဒါဆိုရင်လည်း တို့က သက်သေထုတ်ပြရုံပဲပေါ့"

အောင်က သူမ လက်ပွေ့အိတ်ထဲမှ ဓာတ်ပုံတွေကို
ထုတ်ယူပြီး မေမခ အရှေ့သို့ ချပြလိုက်သည်။ မေမခက ဓာတ်ပုံ
တွေကို တစ်ပုံချင်းစီ ကောက်ယူပြီးကြည့်၏။

ဓာတ်ပုံတွေကို ကြည့်နေသော မခ လက်တွေ
တဆတ်ဆတ် တုန်ယင်လာသည်။ ပထမတစ်ပုံမှာ ကိုသြက နဒီ
အောင့် ပခုံးကို ဖက်ထားသည်။ နောက်တစ်ပုံမှာတော့ နဒီအောင်
က ကိုသြ လက်မောင်းကို ဆုပ်ကိုင်ထားသည်။

တခြားပုံတွေကို မခ မကြည့်ရဲတော့။ သေချာသွား
ပြီပေါ့။ နဒီအောင်က အမှန်တရားကို ပြောပြခဲ့သည်။ ကိုသြက



www.burmeseclassic.com

www.burmeseclassic.com



မခကို လိမ်ခဲ့သည်။ မခ ကြောက်ခဲ့သော အမှန်တရားက ပေါ်
ပေါက်လာခဲ့သည်။ မခ အတွက် ဖြေသိမ့်စရာ ဘာမှမရှိတော့

"အမှားအမှန် ဆုံးဖြတ်ရမှာ မင်းကိစ္စပါ မေမခ၊ တို့ ဘာ
မှ ဝင်မစွက်ပါဘူး၊ မင်းကြိုက်သလို ဆုံးဖြတ်ပါ၊ သြော်
တို့ ခွင့်လွှတ်ပြီးသားပါ"

ကိုယ့်ဒူးကိုယ်ချွန်ပြီး လူမျိုးခြားတွေ အလယ်မှာ
ကြီးပြင်းခဲ့သော အောင်က လူကဲခတ် ကျွမ်းကျင်ပါသည်။ သူ
ပြန်သွားပြီး မကြာမီမှာ မေမခ ဆိုသော ကောင်မလေး ကျိတ်
ပေလိမ့်မည်။ ကံကောင်းလျှင် အောင့်ကိုတောင် ကျေးဇူးရှင်ကြီး
ဆိုပြီး ကျေးဇူးတင်ချင် တင်နေဦးမည်။

"ကဲ ... တို့ ပြန်တော့မယ်"

"နဒီအောင် ကျွန်မ ဓာတ်ပုံနစ်ပုံလောက် ယူထားလို့ရ
လား"

"ရပါတယ်၊ ရပါတယ်၊ ယူထားပါ၊ တို့ဆီမှာ အများကြီး
ရှိပါတယ်"





"ကျေးဇူးပါပဲ"

အောင် ကျေနပ်စွာ ပြုံးလိုက်သည်။ တိုက်ပွဲလေး
တစ်ခုကို အောင် နိုင်ခဲ့ပြီ။ နောက်ထပ် ကြီးကျယ်သော တိုက်ပွဲ
တစ်ခုကို ရင်ဆိုင်ရဦးမည်။ အဲဒီအတွက် အောင် အားမွေးရဦး
မည်။



www.burmeseclassic.com

www.burmeseclassic.com



မခအတွက် လောကကြီးသည် မှောင်အတိ ဖြစ်သွားခဲ့ပြီ ဖြစ်၏။ မခနှင့် ကိုညြ ကြားထဲမှာရှိသော သံယောဇဉ်ကြိုးသည် ရုတ်ခြည်းပင် လျှော့ရဲသွားခဲ့ပြီ။

မခ ရင်ထဲမှ ဖူးသစ်စ အချစ်ဦးသည် လူမသိ သူမသိနှင့် အသတ်ခံလိုက်ရသည်။ ရက်စက်လိုက်တာ ကိုညြရယ် ရက်စက်လိုက်တာ။ မခ တစ်ချိန်ချိန်မှာ အဖြေပေးမည်ဟု စဉ်းစားခဲ့သော ချစ်သူ။

မခ နာကျင်ဝမ်းနည်းလွန်း၍ ငိုမိသည်မှာ အကြိမ်ကြိမ်။ ကိစ္စအားလုံးကို ဘွားမေ သိသွားသည့် အချိန်မှာတော့ မခ နှလုံးသားက နာကျင်မှုနှင့် ထုံပေနေပြီ။





ဘွားမေက ဓာတ်ပုံတွေကို ကြည့်ပြီး ...

"ပြောရခက်တယ်၊ နိုင်ငံခြားမှာနေတဲ့ လူတစ်ယောက်အနေနဲ့ တစ်ယောက်နဲ့ တစ်ယောက် ဖက်ပြီးဓာတ်ပုံရိုက်တာ မဆန်းဘူး"

"ဘွားမေက မဟုတ်ဘူး ပြောချင်တာလား"

"ပြောရခက်တယ်ကွယ်၊ သမီးရည်းစားဆိုတဲ့ ပုံစံမျိုးရှိတယ်လည်း ပြောလို့ရတယ်၊ မရှိဘူးလည်း ပြောလို့ရတယ်"

ဓာတ်ပုံထဲမှာ အင်မတန် ခင်မင်သည့် ရင်းနှီးမှုမျိုးကို တွေ့ရသည်။ အတော်ကို ပြောရခက်သည့် အနေအထား။ အမှန်တကယ် ဟုတ်ဟုတ် မဟုတ်ဟုတ် မခနှင့် ညြရသက လောလောဆယ် ဆုံစည်းနိုင်သည့် အခြေအနေမရှိ။

ကိုယ်က အတင်းအကျပ် ဝင်ပါ၍ မကောင်းသဖြင့် ဖူးစာပါလျှင် သူတို့ ဆုံစည်းလိမ့်မည်ဟု ဘွားမေ ဖြေတွေး တွေးလိုက်သည်။

"မြေးက ဘယ်လိုစဉ်းစားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သမီး သူ့ကို လုံးဝခွင့်မလွှတ်ဘူး ဘွားမေ"

နာကြည်းမှု ထုထည်က မခ ရင်ထဲမှာ နက်ရှိုင်းလွန်းနေသည်။ သူ့ကို သိပ်ချစ်ခဲ့သဖြင့် သိပ်ပြီး စိတ်နာမိသည်။ ကိုယ့်နှလုံးသား နုနုလေးကိုမှ ဖြားယောင်းရိုက်ချိုးရက်သည်။

"ပြီးတော့ ဒီတစ်ခေါက်ကိစ္စ သမီးဘာသာသမီး ရှင်းပါစေ ဘွားမေ"

ဘွားမေ ခေါင်းညိတ်ပြလိုက်သည်။ မခလေးကတော့ ဒီကိစ္စကို လွယ်ပိပိ မာန်မာနနှင့် ဖြေရှင်းပေတော့မည်။ ဘာပဲဖြစ်ဖြစ် လွယ်ဆိုတာ အတွေ့အကြုံ လိုအပ်သဖြင့် ဘွားမေ သဘောတူလိုက်သည်။

ဘာမှမသိသေးသော ဩရသသည် ခါတိုင်းလိုပင် လေကလေး တချွန်ချွန်နှင့် ရောက်ရှိလာခဲ့သည်။

"မင်္ဂလာပါ ဘွားမေ"

ဘွားမေ ခေါင်းတစ်ချက်ညိတ်ပြလိုက်တော့ ဩရသ စိတ်ထဲ ထင့်သွားသည်။ ဘွားမေ၊ မဒီ၊ ကညာ၊ မခ အားလုံး မျက်နှာပျက်နေကြသည်။ သေချာပါပြီ။ တစ်ခုခုဖြစ်နေပါပြီ။





ရင်ခွင်ထဲ ပိုက်ထည့်လာသော စပယ်ထုတ်လေးကို ... တ်နဲ့ အသာစမ်းမိသည်။ ပြီးမှပဲ ဘွားမေဆီမှာ ခွင့်တောင်းပြီး ...ခကို ပေးလိုက်တော့မည်။

မခက အားလုံးကို ချန်ထားပြီး ခြံထဲဆင်းသွားတော့ ဩရသ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

မခ ဘာလုပ်တာလဲ။ ဩရသ အတွေးတောင်မဆုံးဆိုက်။ ကညာဆီမှ အသံထွက်လာသည်။

"ကိုဩ မခနောက်ကို လိုက်သွားလိုက်ပါ၊ မခက ကိုဩကို ပြောစရာရှိတယ်တဲ့"

"ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ထူးတော့ထူးဆန်းနေပါပြီ။ ခါတိုင်းဆို ဘွားမေ ရှေ့မှာပဲ ပြောကြ ဆိုကြ နောက်ပြောင်ကျ။ အခုတော့ သူ့ကို သီးသန့်ခေါ်ထုတ်ပြီး စကားပြောသည်။

"မခ ကိုယ့်ကို ပြောစရာရှိတယ်ဆို"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com

ဝမ်းနည်းနာကျင်မှုတွေကို မျိုသိပ်ဖို့ ကြိုးစားသော်လည်း မအောင်မြင်။ ဒါ ထိုက်တန်ရဲ့လား။ ကိုယ့်ကိုယ်ကိုယ်အားပေးပြီး မစ ကိုညြကို ရင်ဆိုင်လိုက်သည်။

"ဘာဖြစ်လို့လဲ မစ"

မစ မျက်နှာလေးကို အပြီတမ်း အရိပ်တကြည့်ကြည့် မြတ်နိုးနေခဲ့သော ညြရာသက မစ တစ်ခုခု ဖြစ်နေပြီဆိုတာ ချက်ချင်းသိသည်။

"ပြန်း"

မစသည် စိတ်မထိန်းနိုင်သလို သူ့ပါးကို လက်ဖြန့်ရိုက်ချလိုက်သည်။

"ဟာ ... မစ"

"ရှင့်ရဲ့ ချစ်သူ နဒီအောင် အိမ်လာသွားတယ်"

"နဒီအောင်"

ညြရာသ ချက်ချင်း ခေါင်းစားသွားသည်။ မစ ဘာတွေပြောနေတာလဲ။ မီအောင်ကိုချွဲး သူ့ချစ်သူတဲ့။ ရယ်စရာ



သူ့ကို မစ အထင်လွဲနေသည်ဆိုသောအတွေးနှင့် ပါးရိုက်တာ
...င် စိတ်မဆိုးနိုင်။

"ဟုတ်တယ် ... သူက ရှင့်ရဲ့ချစ်သူ မဟုတ်လား"

"မဟုတ်ဘူး မစ၊ မီအောင်က ကိုယ့်သူငယ်ချင်း"

မီအောင် မစဆီ ဘာလာလုပ်လဲ ဆိုသော အတွေး
... ညြရာသ ခေါင်းစားရပြီ။

"ကျွန်မကို မလိမ်ပါနဲ့ ကိုညြ၊ နဒီအောင်က ကျွန်မကို အားလုံး ပြောပြပြီးသွားပြီ"

"မဟုတ်ဘူး ... လုံးဝ မဟုတ်ဘူး မစ"

"ဒါဆိုရင် နဒီအောင် လိမ်တယ်ပေါ့"

"ဟုတ်တယ် ... မီအောင် လိမ်တာ"

မီအောင် ဘာရည်ရွယ်ချက်နဲ့ ဒီလိုလုပ်လဲဆိုတာ
ညြရာသ မသိပေမဲ့ ဒေါသထွက်လာသည်။ တော်တော်ဂြိုဟ်မွှေတဲ့
...အောင်။ မြန်မာပြည်အထိ လိုက်လာတာ သူ့ကိစ္စကို ဂြိုဟ်မွှေဖို့
...တ်သက်ပဲလား။

www.burmeseclassic.com

"ဟုတ်ပါ့မလား ကိုသြရသရယ်၊ လိမ်ပြောမယ်ဆိုလည်း သေချာကြည့်ပြီးမှ ပြောပါ၊ ရှင်နဲ့ ဘာမှ မပတ်သက်တဲ့ မိန်းမတစ်ယောက်က ကျွန်မ အိမ်လာပြီး သြရသ ချစ်သူ ပါလို့ ပြောပါ့မလား"

"အဲဒါတော့ ကိုယ် မသိဘူး မခ၊ ဒါပေမဲ့ မဟုတ်ဘူးလို့ ကိုယ် ငြင်းပါရစေ"

"ကျွန်မ မယုံဘူး"

မခ မျက်နှာသည် မာန်မာနကြောင့်ရော ဒေါသကြောင့်ရော တင်းမာခက်ထန်နေလေ၏။ ကိုယ့်လက်ထဲမှာ ဘာ သက်သေမှသာမရှိလျှင် မခ ဦးညွတ်ယုံကြည်မည်မှာ သေချာလှ သည်။

"တောင်းပန်ပါတယ် မခ၊ ကိုယ့်ကို ယုံပါ၊ မင်းကို ကိုယ် တကယ်ချစ်တာပါ၊ မင်းကို မလိမ်ပါဘူး၊ မီအောင်က ကိုယ့်သူငယ်ချင်း မစ်စစ်ပါ"





"ရှင်ငြင်းနေလည်း အပိုပဲ၊ ဒီဓာတ်ပုံတွေက သက်သေခံ လိမ့်မယ်"

ဓာတ်ပုံတွေမြင်တော့ သြရသ စိတ်ပျက်သွားသည်။ ဒီအောင်သာ အနားမှာရှိလျှင် တစ်စစီ အမှုန့်ချေပစ်မိမလားမသိ။ အမှန်တော့ ဒီပုံတွေက ဘာမှမဆန်း၊ ခင်မင်ရင်းနှီးသော သူငယ် ချင်းတွေကြားထဲမှာ ပခုံးဖက်ကာ လက်မောင်းကိုင်တာလောက်က ဘာမှမဆန်း။

"ဓာတ်ပုံတွေက ဘာဖြစ်လို့လဲ မခ၊ သူငယ်ချင်းတွေ ဒီလိုရိုက်တာ ဘာဆန်းလို့လဲ"

"ဟာ ... ဒါမဆန်းဘူးလား၊ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် အတူတွဲပြီး ဓာတ်ပုံရိုက်ထားတာတောင် ရိုးသားတယ်လို့ ပြောချင်သေးလား"

သြရသ စိတ်ပျက်လှပြီ။ သူ ဒီလောက် မခ အပေါ် ချစ်တာတောင် မခက သူ့ကို ယုံကြည်မှု နည်းနည်းလေးမှ မရှိ။ သူလည်း လူငယ်ပဲ၊ သူ့ရဲ့ရိုးသားမှုတွေ အစော်ကားခံရတော့ မခံချင်။


www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပြီလေ၊ ဒါဆိုရင် မခ ပြော၊ မခ ယုံကြည်အောင် ကိုယ် ဘယ်လိုသက်သေပြရမလဲ"

"ဒါမျိုးက ကာယကံရှင်ကိုယ်တိုင် လာပြီးဝန်ခံမှ မခ ကျေနပ်မယ်၊ မဟုတ်လို့ကတော့ မခ တစ်သက်လုံး ကိုဩကို ခွင့်မလွှတ်ဘူး"

ဒီကိစ္စက မိအောင် စခဲ့သည့်ဇာတ်လမ်း။ မိအောင်ကိုပဲ အဆုံးသတ်ခိုင်းရမည်။

"စိတ်ချပါ၊ ကိုယ် မိအောင်ကို ခေါ်လာပြီး ဖြေရှင်းခိုင်းမယ်"

"ပြီးတော့ ဒီကိစ္စ မဖြေရှင်းနိုင်ရင် ကိုဩ မခဆီကို လာစရာမလိုတော့ဘူး၊ လာရင်လည်း မခ က ထွက်တွေ့မှာ မဟုတ်ဘူး"

"စိတ်ချပါ မခ၊ ဒီကိစ္စ မဖြေရှင်းနိုင်ရင် ကိုယ် မခကို ဘယ်တော့မှ လာမတွေ့တော့ဘူး"

ကိုဩဆီမှ ကတိစကားကြားရတော့ မခ နည်းနည်းကျေနပ်သွားသည်။ ကိုဩကို မျှော်လင့်ချင်သေးသော ဆန္ဒက မုန်းတီးစိတ်ကို မကျော်ဖြတ်နိုင်သေး။





"ကိုယ် ပြန်တော့မယ် မခ"

"ဟုတ်ကဲ့"

အဲဒီတုန်းက မခ မသိခဲ့ပါ။ ကိုဩ သူမကို နှုတ်

...ခဲ့တာ နောင်နှစ်ပေါင်းများစွာထိ ဖြစ်လိမ့်မည်ဟု မထင်ခဲ့ပါ။

...တုန်းက မခ ယုံကြည်ခဲ့ပါသည်။ ကိုဩ ပြန်လာလိမ့်မည်ဟု

... ယုံကြည်ခဲ့ပါသည်။

❦ ✦ ❦



www.burmeseclassic.com

www.burmeseclassic.com

အောင် မျှော်လင့်သောတိုက်ပွဲသည် အောင်
လင့်ထားတာထက်စောပြီး ကျရောက်လာလေသည်။

ဒေါသတကြီး ရောက်လာသော ငြေ အသွင်
ပေါက်ကွဲထွက်တော့မည့် ဗုံးတစ်လုံးနှင့် ခပ်ဆင်ဆင် တူ
၏။

အောင်ကတော့ အစစအရာရာ ကြိုတင်ပြင်ဆင်
ရသဖြင့် သွေးအေးအေးနှင့် ရင်ဆိုင်နိုင်လေ၏။

"မိအောင် ... နင် ဘယ်လိုလုပ်လိုက်တာလဲ"

"ငါ ဘာလုပ်လို့လဲ"

"နင် လုပ်ထားတာ နင် သိမှာပေါ့"





မိအောင်ကိုမြင်တော့ ငြေရသ ပိုဒေါသထွက်ရသည်။
မလုပ်ထားသလိုပုံစံမျိုး ဟန်ဆောင်ထားတာ အသည်းယား
သည်။

အောင်ကတော့ ဘာမှ ဂရုမစိုက်၊ အားလုံး ရင်ဆိုင်
ဆုံးဖြတ်ထားသဖြင့် ရဲရင့်နေ၏။

"ငါ လုပ်ထားစရာတွေက အများကြီးပဲလေ၊ ဘယ်ဟာကို ပြောတာလဲ"

"နင် မခဆီကို ဘာသွားလုပ်တာလဲ ပြော"

"ဟုတ်တယ်၊ ငါ သူ့ဆီ သွားခဲ့တယ်၊ နင်နဲ့ငါက ချစ်သူတွေပါလို့ ပြောခဲ့တယ်"

"ဟာ ... နင် ရူးနေလား မိအောင်၊ နင် ဘာဖြစ်လို့ ဒီလို လုပ်ရတာလဲ"

မိအောင်က ထုံပေပေပုံစံမျိုးနှင့် အေးတိအေးစက်နိုင်
ငြေရသက ပိုပြီးဒေါသထွက်လေဖြစ်၏။ မိအောင် အမူအရာ
ကိုလည်း သူ မခန့်မှန်းနိုင်။ ခန့်လည်းမခန့်မှန်းရဲ။ မိအောင်
သူ့ရဲ့ အခင်မင်ဆုံး သူငယ်ချင်းသာဖြစ်၏။

www.burmeseclassic.com



"ငါ သဘောမတူဘူး ငြေ၊ နင် သူ့ကို မချစ်ရ
"ဘာဆိုင်လို့လဲ၊ နင်နဲ့ ဘာဆိုင်လဲ၊ ငါ့ဘာသာငါ ဘ
ကိုချစ်ချစ် နင်နဲ့ လုံးဝ မပတ်သက်ဘူး မိအောင်"

ငြေ စကားတွေက အောင် မျှော်လင့်တာ
ပိုပြီး စိမ်းကားနေသည်။

"ငြေ ငါ ဒီအထိ လိုက်လာတာ ဘာအတွက်ကြော
နင်ထင်လဲ ငြေ"

အောင်က သူမကို စူးရဲခက်ထန်စွာ ကြည့်နေ
ငြေ အကြည့်ကို တည့်တည့်ရင်ဆိုင်လိုက်သည်။

"ငါ နင့်ကို သတိရလို့ပဲ ငြေ၊ နင်နဲ့အတူ ဖြတ်
နေကျ New Year မှာ နင် မရှိဘဲ ငါမနေနိုင်ဘူး

စိတ်မသက်မသာဖြစ်နေသော ငြေကို ကြ
အောင် ရုတ်ခြည်းဝမ်းနည်းလာသည်။ ငြေ ရင်ထဲမှာ
အတွက် နေရာနည်းနည်းတောင် ရှိရဲ့လားကွယ်။

"ပြီးတော့ နင့်ကို တခြားမိန်းမလက်ထဲ မထည့်ပေးနိ
ငြေ၊ ငါ နင့်ကို ချစ်တယ်"





ငြေရသနှင့် မိအောင် ရှိနေသော ညှော်ခန်းသည်
မိအောင်ရဲ့ စကားတစ်ခွန်းတည်းနှင့်ပင် ရုတ်ခြည်း တိတ်ဆိတ်
သွားခဲ့သည်။ မိအောင်ရဲ့ စကားတစ်ခွန်းမှာ တအံ့တဩနှင့်
အငိုက်မိသွားခဲ့သည်။

နောက်မှ သူနှင့် မိအောင် သူငယ်ချင်းဖြစ်ခဲ့ပုံကို
သတိရသည်။ မိအောင်က ယောက်ျားတွေကို မကြောက်တတ်။
ယောက်ျားပဲလေ ဆိုပြီးတော့လည်း ရှိန်မသွား။

မိအောင်အတွက် ယောက်ျား မိန်းမသည် အတူတူ
ပင်ဖြစ်၏။ အဲဒီနေ့က မှတ်မှတ်ရရပင် သူနေသော ကွန်ဒိုတိုက်
ခန်း၏ နောက်ဘက်လမ်းမှာ သူငယ်ချင်းတွေနှင့် လမ်းပိတ်ပြီး
ဂစ်တာတီးကာ သီချင်းဆိုနေခဲ့သည်။

ကွန်ဒိုတိုက်ခန်းတွေဆိုသွားလျှင် အရှေ့ဘက်ခြမ်းကို
အများဆုံး အသုံးပြုကြပြီး နောက်ဘက်လမ်းကတော့ အသုံးပြု
သူမရှိသလောက် နည်းပါးတာကြောင့် ငြေရသတို့က ဒီနေရာလေး
မှာ ဂစ်တာတီးပြီး သီချင်းဆိုကြခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် ထိုလမ်းကို အသုံးပြုမည့်သူ ပေါ်ပေါက်လာလေသည်။ ပုံမှန်အားဖြင့်တော့ သူတို့က လမ်းဖယ်ပေးရမည်ဖြစ်သော်လည်း မိအောင်ကို မြင်မြင်ချင်းပင် သဘောကျသွားသော ကိုရီးယားလေးက လမ်းမဖယ်ပေးဖို့ အဆိုတင်သွင်းကာ အားလုံးက သဘောတူလိုက်ကြသည်။

သူတို့အားလုံးက ...

"ကျေးဇူးပြုပြီး လမ်းဖယ်ပေးပါ"ဆိုသည့် စကားတစ်ခွန်းကို မျှော်လင့်ရင်း ဂစ်တာဆက်တီးနေကြသည်။

မိအောင်ရဲ့ လုပ်ရပ်က မထင်မှတ်စရာဖြစ်၏။ သူတို့အားလုံးရဲ့ ရှေ့တည့်တည့်မှာရပ်ပြီး ခါးလေးလှုပ် လက်လေးလှုပ်ပြီး သူတို့ဆိုနေသော သီချင်းကို လိုက်ဆိုလေ၏။

သူတို့အားလုံးက အိုးတိုးအမ်းတမ်းတွေဖြစ်ပြီး ဂစ်တာတီးရပ်၊ သီချင်းဆိုရပ်သွားတော့ သူမကပဲ စပြောသည်။

"ဆက်တီးလေ ဘာလုပ်ကြတာလဲ"





မထင်မှတ်ရသောအချိန်မှာ မထင်မှတ်သော လုပ်ရပ်တွေ လုပ်လေ့ရှိသော မိအောင်ကို သူ အစကတည်းက သတိထားခဲ့ဖို့ကောင်းသည်။

"နင်နဲ့ ငါနဲ့ ကြားထဲမှာရှိတဲ့ နှောင်ကြိုးက ပိုပြီး ခိုင်ခန့်ပါတယ် ငြေရယ်၊ နင် သူ့ကို မေ့ပစ်လိုက်ပါနော်၊ ငါတို့အတူတူ ပြန်ရအောင်"

ငြေ တွေဝေတာကို အောင်က အခွင့်ကောင်းယူလိုက်သည်။ သို့သော် ငြေသည် ခေါင်းကို တွင်တွင်ခါယမ်းပြီး ...

"မိအောင် ... နင် ငါ့ကို ပေါက်ကရတွေ လာမပြောနဲ့၊ နင်နဲ့ငါနဲ့က သူငယ်ချင်းပဲ၊ သူငယ်ချင်းဆိုတာ အမြဲရောင်ပဲ၊ ဘာအရောင်မှ ဆိုးလို့မရဘူး"

"မရဘူး ငြေ ... ငါ နင့်ကို ချစ်တယ်၊ နင့်ကို ချစ်လို့လည်း အခုချိန်ထိ ဘယ်ယောကျ်ားနဲ့မှ မပတ်သက်ဘဲနေခဲ့တာ၊ တစ်ချိန်ကျရင် နင် ငါ့ကို ချစ်လာလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ငါ အသက်ရှင်ခဲ့တာ ငါ့ မျှော်လင့်ချက်တွေကို မရိုက်ချိုးပါနဲ့ ငြေ"

www.burmeseclassic.com



မိအောင် ရင်ထဲမှ အရာတွေက သူ လိုက်လို့မ

နိုင်အောင် ပြင်းထန်လွန်းနေသည်။ သူ နားလည်သဘောမပေါ

ခဲ့သော ချစ်ခြင်းက အခုချိန်မှာတော့ သူ့အတွက် အဆိပ်ဖြစ်နေ

သည်။

ဒါပေမဲ့ မိအောင်ကို အလျှော့ပေးဖို့တော့ သူ့အ

ဆန္ဒမရှိ။ သူကရော ဘာထူးလို့လဲ၊ မခနှင့် တော့ပြီး နောက်ပိုင်း

သူ အသက်ရှင်ရတာ အဓိပ္ပာယ်ရှိလာသည်။

သူမအတွက် ရှင်သန်နေရတာပဲ ပျော်ရွှင်နေမိသည်

"ဘာမှမဆိုင်ဘူး မိအောင်၊ နင့်ကို ငါ မချစ်ဘူး၊ ငါ

တာ မခပဲ၊ နင် ပြောသလို ပြောကြေးဆိုရင် ငါ အသ

ရှင်နေတာလည်း မခအတွက်ပဲ"

အမှန်တရားက နားဝင်ဆိုးလှသည်ဆိုတာ အ

အောင် လက်ခံရတော့သည်။ ငြေက အောင့်ကို မချစ်ဘူးဆို

ရင်ထဲမှာ လှိုက်ခနဲ ဝမ်းနည်းသွားပေမဲ့ တစ်ဖွတ်ထိုးစိတ်ကလေး

အောင့်ဆီမှာ ရှင်သန်ဆဲဖြစ်၏။





"နင် သူ့ကို မချစ်ပါဘူး ငြေရယ်၊ သူ့ပုံစံက နင် မြင်

နေကျပုံစံတွေနဲ့ မတူလို့ စိတ်ဝင်စားသွားတာပါ၊ အချိန်

ကြာတော့လည်း ရိုးအီသွားမှာပါ"

ကိုယ့်အမြင်တွေ ကိုယ့်ဘာသာတင်ပြ၊ ကိုယ့်ထင်

မြင်ချက်တွေ ကိုယ့်ဘာသာပြော၊ တစ်ဖွတ်ထိုးဆန်နေသော မိအောင်

ကို ငြေရသ ဘယ်လိုနားဝင်အောင်ပြောရမှန်း မသိတော့။

"မိအောင် နင် ငါ့ကို သူငယ်ချင်းအဖြစ် သတ်မှတ်သေး

လား"

"အင်း"

"နင် ငါ့ကို သူငယ်ချင်းအဖြစ် သတ်မှတ်သေးရင် နင်

မခဆီကို ပြန်သွားပြီး ဖြေရှင်းပေးပါ"

"ငါ မလုပ်နိုင်ဘူး ငြေ"

ဝေးသေး။ အောင်က ငြေ ချစ်သူပါဟု တကူးတက

ပြောခဲ့ပြီးမှ ပြန်သွားပြီး ဝန်ခံရမည်တဲ့။ အောင့်ရဲ့ အရှက်တရား

နှင့် သိက္ခာအတွက် အောင် ဘယ်တော့မှ လုပ်မည်မဟုတ်။ သေ

သည်အထိလည်း အောင် ဝန်မခံနိုင်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မလုပ်လို့မရဘူးလေ၊ နင် ဘာဖြစ်လို့ မဟုတ်တာတွေ သွားပြောလဲ၊ ဘာဖြစ်လို့ ဓာတ်ပုံတွေ သွားပြလဲ၊ ဒီဓာတ်ပုံတွေမှာ ရိုးသားမှု ပါမပါ နင် အသိဆုံးပါ"

"သိတယ်၊ ဒါပေမဲ့ ငါ မလုပ်နိုင်ဘူး၊ ငါ ဘာပဲလုပ်လုပ် နင့်အတွက်ချည်းပဲ၊ အမှားပါတယ် ဆိုရင်တောင် နင် ခွင့်လွှတ်ရမှာ"

ညြရသ စိတ်ပျက်လှပြီ။ မိအောင် ဖြေရှင်းမှု ဖြစ်မည့်ကိစ္စ။ မဟုတ်လျှင် သူနှင့်မခ တစ်သက်လုံး ဝေးရတော့မည်။ မဖြစ်သေးပါ။

အတွေးနှင့်တောင် ညြရသ တုန်လှုပ်နေပြီ။

"ငါ့ကို ဘာမှ အဓိပ္ပာယ်မပြောနဲ့ မိအောင်၊ မနက်ဖြန်ညနေ နင့်ကို ငါ လာခေါ်မယ်၊ နင် အဆင်သင့်ပြင်ထားပါ၊ မခကို နင် သေသေချာချာ ရှင်းပြလိုက်၊ ဒါပဲ ငါ လိုချင်တယ်၊ ငါ သူ့ကို ချစ်တယ် မိအောင်၊ သူနဲ့ မဝေးနိုင်ဘူး၊ ငါနဲ့ မခကို မခွဲပစ်ပါနဲ့"





မိအောင်ကို တိတ်ဆိတ်ခြင်းထဲမှာ မြှုပ်နှံထားခဲ့ပြီး ညြရသ လှည့်ထွက်လာခဲ့သည်။ မိအောင် နားလည်သဘောပေါက်ဖို့ ဆုပဲတောင်းရတော့မည်။

ညြေ လှည့်ထွက်သွားတော့ အောင် မျက်ရည်တွေ ဝဲတက်လာသည်။ အောင် မလုပ်နိုင်ဘူး။ လုံးဝ မလုပ်နိုင်ဘူး။ ညြေ ဘယ်လိုထင်ထင် အောင်က ကိုယ့်နှလုံးသားကိုကိုယ်ဓားနဲ့ ပြန်ထိုးမည်မဟုတ်။

အချစ်နဲ့စစ်မှာ မတရားတာမှ မရှိဘဲ။

အောင် တရားပါတယ်နော်။



www.burmeseclassic.com

www.burmeseclassic.com



ဦးတည်ရာမဲ့ လျှောက်လှမ်းနေမိသော ခြေလှမ်းတို့သည် တုံ့နှေးလေးလံလွန်းလှသည်။ မခနှင့် ဝေးရတော့မည်ဆိုသောအချက်က သူ့ဘဝကို အဓိပ္ပာယ်မရှိအောင် ဖန်တီးပေးလိုက်သည်။

မြင်မြင်ချင်းပင် မြတ်နိုးတွယ်တာ ချစ်ခင်ခဲ့ရသော မိန်းကလေးက တစ်ခဏအတွင်းမှာပင် ပျောက်ကွယ်ထွက်သွားခဲ့သည်။

နောက်တစ်နေ့ညနေ မိအောင်ဆီ ရောက်သည့်အခါမှာတော့ မိအောင် မရှိတော့။ မနက်ပလိုက်နှင့် မိအောင် ပြန်သွားခဲ့ပြီဟု သိရသည်။ သူ့ကို သေစေနိုင်သော စာတစ်စောင်သာ ချန်ရစ်ထားခဲ့သည်။





"ငြေ"

ဝမ်းနည်းပါတယ်။

နင်ပြောတဲ့အတိုင်း ငါ မလုပ်နိုင်ဘူး။

ဩရသအတွက် သေမိန့်ကျသည်ထက်ဆိုးသော စာစောင်။ သွားပြီ။ သူ့ဘဝကြီး အစိတ်စိတ်အမြွာမြွာ ပြိုကွဲသွားပြီ။

မခကိုပေးခဲ့သော နိုင်နိုင်ခန့်ခန့် ကတိတို့သည် လေထဲမှာပင် ပြိုကွဲပျောက်ကွယ်သွား၏။ သူ မက်မောတွယ်တာသော ကျောင်းပိတ်ရက်တို့က တဖြည်းဖြည်းနှင့် ကုန်ဆုံးသွားကြသည်။

မပြန်လျှင်မဖြစ်သော အခြေအနေသို့ ရောက်ရှိခဲ့ပြီ။ ဖေဖေနှင့် မာမီကလည်း ဖုန်းတဝမ်ဝမ်ဆက်ပြီး သူ့ကို ခေါ်လှပြီ။

လေယာဉ်လက်မှတ် ဝယ်ပြီးချိန်မှာတော့ ဩရသ ဘယ်လိုမှ မနေနိုင်တော့။ မရောက်တာကြာပြီဖြစ်သော ဘွားမေကြီးလေးကို ခြေဦးတည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြံဝရောက်တော့ ခြံထဲဝင်ဖို့ကို တွေဝေနေမိပြန်သည်။

"ဟော ... ကိုသြ ဘာလုပ်နေတာလဲ"

"ကညာ ဒီနေ့ နောက်ကျတယ်နော်"

"ဟုတ်တယ် ကိုသြ၊ ကညာတော့ ဒီနေ့ တံမြက်စည်း လှည်းရပြီ"

ခြံဝမှာရပ်ပြီး ငေးငိုင်နေသော ကိုသြကို မြင်တော့ ကညာ စိတ်မကောင်းနိုင်။ ရုတ်တရက်ကြီး ဖြစ်ပေါ်လာသော ကိစ္စမှာ ကညာက ယုံရခက်ကြီး ဖြစ်နေသဖြင့် ကိုသြအပေါ် အပြစ်မမြင်နိုင်သေး။

မခကို ပြောရင်တော့ "နင်က ကာယကံရှင် မဟုတ်ဘဲ"ဟု အပြောခံရပေလိမ့်မည်။

"ကိုသြကကော ဘာလုပ်နေတာလဲ"

"သြော် ... လမ်းလျှောက်ရင်းနဲ့ ဒီဘက်ရောက်လာတာ"

ပြောပြီးတော့မှ သြရသ နောင်တရသည်။ သူနေ သောနေရာနှင့် ဘွားမေမြကြ တခြားစီဖြစ်၏။ ဘယ်လိုမှ လမ်း





လျှောက်ရင်းနဲ့ မရောက်နိုင်။ ဒါကြောင့်လည်း အမှန်အတိုင်း ပြီး ဝန်ခံဖြစ်သွားသည်။

"အမှန်တော့ ကိုယ် မခကို လာပြီး နှုတ်ဆက်တာပါ၊ မနက်ဖြန် ကိုယ် ပြန်တော့မယ်"

ကိုသြ အရမ်းကြီး ပိန်ကျသွားတာ ကညာ မြင် တော့ စိတ်မကောင်းနိုင်။

ပြဿနာဖြစ်ပြီးသည့်နောက်ပိုင်းမှာ မခ ပိုပြီး စကား သွားတာလည်း ကိုယ်တွေ့။

"မပြန်လို့ မဖြစ်ဘူးလား ကိုသြ"

"မဖြစ်ဘူး ကညာ၊ ကျောင်းတွေပြန်ဖွင့်တာ ခေတ်တော် ကြာနေပြီ"

သွားခါနီး လာခါနီး မခကို တွေ့ချင်ရှာမှာပဲလေ သော အတွေးနှင့် ကညာ ကူညီဖို့ ဆုံးဖြတ်လိုက်သည်။

"ခဏနေဦးနော် ကိုသြ၊ ကညာ မခကို သွားပြောလိုက် ဦးမယ်"

www.burmeseclassic.com



ကညာ အိမ်ထဲဝင်လာတော့ တက်တင်းပဝါ [illegible]
ထိုးနေသော မခကို တွေ့ရသည်။ အရင်က ဒါတွေ စိတ်မဝင်[illegible]
သော မခက အခုတော့လည်း တက်တင်းတွေ နှစ်ချောင်းထိုး[illegible]
ဖိပြီးထိုးရင်း စကားနည်းလာသည်။

"မခ အပြင်မှာ ကိုဩ ရောက်နေတယ်"

ကံကောင်းထောက်မသဖြင့် အဲဒီအချိန်မှာ ဘွား[illegible]
ရှိမနေပါ။ ဘွားမေသာရှိလျှင် ကညာ အဆူခံရဦးမည်။

မခ လှစ်ခနဲ တုန်လှုပ်သွားပေမဲ့ ဟန်ဆောင်တ[illegible]
ထားလိုက်သည်။ မခ ရင်ထဲမှာ ကိုဩဆိုသောလူ မရှိ[illegible]
အသံတိတ်ကြွေးကြော်ပြီး မာန်မာနအပြည့်နှင့် နေထိုင်ခဲ့သ[illegible]

သူ့လိုလူမျိုးကို ချစ်မိပါသည်ဟု မခက တစ်သ[illegible]
လုံး ဝန်ခံမည်မဟုတ်။

"ဘာလာလုပ်တာလဲ"

"မခကို လာနှုတ်ဆက်တာ၊ မနက်ဖြန် ပြန်တော့မ[illegible]
တဲ့"





မခ မျက်ဝန်းကို စုံမှိတ်ပြီး ခဏငြိမ်သက်နေလိုက်
[illegible]ည်။

သွားပြီပေါ့။ မခ မျှော်လင့်သော မျှော်လင့်ချက်တွေ
[illegible]မှ မရှိတော့။

သူမက မခရဲ့ မျှော်လင့်ချက်တွေကို ရိုက်ချိုးပြီး
[illegible]ပြေးဖို့ အသင့်ဖြစ်နေပြီပေါ့။ ဘယ်လောက်များ မတရားလဲ
[illegible]ယ်။

"ငါ မတွေ့ချင်ဘူး ကညာ"

"နင့်သဘောပဲလေ၊ ကိုဩလည်း အရမ်းပိန်သွားတယ်"

ကညာလည်း အရမ်းမတိုက်တွန်းရဲ။ ဖြစ်သွားသည့်
[illegible]တွေက အမှားလား အမှန်လား ဘယ်သူမှ မခွဲခြားနိုင်သေး။
[illegible]သာမှာ ထပ်ဖြစ်မှာကိုတော့ ကညာ မလိုလား။

"ငါ သွားပြောလိုက်ဦးမယ်"

"ကညာ သူ့ကို ပြောလိုက်ပါ၊ ဘယ်တော့မှ မတွေ့ချင်
ဘူးလို့"



www.burmeseclassic.com

www.burmeseclassic.com



မာနနှင့် တောက်ပြောင်နေသော မခ မျက်ဝန်းများကို ကြည့်ပြီး ကညာသက်ပြင်းချလိုက်သည်။ မျှော်လင့်တကြီး စောင့်စားနေသော ကိုသြကို မပြောရက်ပေမဲ့ ကညာ ပြောလိုက်ရသည်။

"ဝမ်းနည်းပါတယ် ကိုသြ၊ မခက မတွေ့ချင်ဘူးတဲ့"

"သြော် ... မခ ကိုယ့်ကို တော်တော်နာကြည်းနေပြီထင်တယ်၊ ကညာ သူ့ကို သေချာပြောပြပေးပါ၊ ကိုယ် သူ့ထံလာပြီး မရှင်းပြနိုင်တဲ့အတွက် ကိုယ် ရှုံးပါတယ်၊ ဒါပေမဲ့ သူ့ကို ကိုယ် တကယ်ချစ်ခဲ့တာပါလို့ ပြောပေးပါ"

"စိတ်ချပါ ကိုသြ၊ ကညာ ပြောပေးပါ့မယ်"

လှည့်ထွက်လာတော့ ဘာဆုံးရှုံးမှုနဲ့မှ မတူသော ဆုံးရှုံးမှုက ရင်ထဲမှာ ငြိတွယ်ပါလာလေသည်။ ယောက်ျားပဲကွာ ဘာဖြစ်သေးလဲ။

ကိုယ့်ကိုယ်ကိုယ် ဘယ်လောက်ပဲ အားတင်းတင်း ဝမ်းနည်းနာကျင်မှုကို မကျော်ဖြတ်နိုင်ရှာ။





ကိုသြ လှုပ်ရှားမှုမှန်သမျှကို အိမ်ပြတင်းပေါက်ကနေ မခ ငေးကြည့်ရင်း ဝမ်းနည်းလာသည်။ သွားပြီပေါ့။ မခနဲ့သူ ဆုံစည်းဖို့ဆိုတာ အိပ်မက်လေးတောင် မရှိတော့။

"မခ ဝမ်းနည်းနေလား"

ထိုခဏမှာတော့ မခကို သနားနေသော ကညာရဲ့ မျက်ဝန်းတွေကို မနစ်မြှုပ်မိ။

"ဟာ ... ဘာလို့ ဝမ်းနည်းရမှာလဲ၊ ဝမ်းနည်းစရာ ဘာရှိလို့လဲ"

သူ့ကို မေ့ပစ်နိုင်အောင်တော့ မခ အတော်ကြိုးစားဦးမည်။

❦ ✦ ❦



www.burmeseclassic.com

www.burmeseclassic.com



ငါးနှစ်ကြာပြီးသည့်နောက်မှာတော့ ... မေမခသည် မျှော်လင့်ချက်မဲ့စွာ အသက်ရှင်နေသော မိန်းမတစ်ယောက် ဖြစ်လာပါသည်။





ဒီတစ်ခေါက် ပြည်တော်ပြန်ခရီးမှာတော့ -ရှက်ရွံ့သိမ်ငယ်မှုများသည် အောင်နှင့်အတူ တစ်ပါတည်း ပါရှိလာခဲ့သည်။ အောင်သည် ကိုယ့်ကိုယ်ကိုယ် မတရားဘူးဟု မှန်ကန်စွာ မြင်ဘတ်လာခဲ့သည်။

ငါးနှစ်တောင်ကြာခဲ့ပြီ။ သူတို့နှစ်ယောက်ရဲ့ ချစ်ခြင်းကို အောင် ခွဲထားခဲ့တာ အတော်ကြာခဲ့ပြီပဲ။ အဲဒီအတော အတွင်းမှာ ငြေ တစ်ယောက် အေးစက်တည်ငြိမ်သွားခဲ့တာ အောင်တောင် တုန်လှုပ်ယူရသည်။

အချိန်မှန်မှန် ကျောင်းတက် စာကျက်သော်လည်း အားလပ်ချိန်တွေမှာ ငြေကို တွေ့ရဖို့ အတော်ပဲခဲယဉ်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်တည်း ငြိမ်ပြီး တွေးနေတတ်သော ငြေကို ကြည့်ပြီး အောင့်ရဲ့ မျှော်လင့်ချက်တွေ တဖြည်းဖြည်းနှင့် မှေးမှိန်လာခဲ့သည်။

အချိန်တွေသာ ကြာမြင့်လာသည်။ သူက အောင့်ကို ချစ်မလာခဲ့။ သူ့ရဲ့ ချစ်ခြင်းကို အောင် လုယူ၍မရမှန်း နားလည်လာခဲ့သည်။

"ငါ့ကို ခွင့်လွှတ်ပါ မိအောင်၊ ငါ သူ့ကို ချစ်တယ်၊ မေ့လို့မရတဲ့ချစ်ခြင်းနဲ့ချစ်တာ၊ နင်က ငါ့အတွက် အမြဲတမ်း သူငယ်ချင်း ညီမလေးပါ"

ဒီစကားတွေ လက်ခံရစဉ်က အောင် ဆတ်ဆတ်ခါအောင် နာကျင်တုန်လှုပ်ခဲ့သည်။ ငြေ အချစ်ကို အောင်မေ့နိုင်တော့။

ပိုပြီးဆိုးတာက ငြေ အပြစ်တင်တာကိုသာ ခံလိုက်ချင်သည်။ အေးတိအေးစက်နိုင်တာကို အောင် လက်မခံချင်။

သို့သော် အောင်နှင့် အရင်က ခင်မင်ရင်းနှီးခဲ့သော ငြိရသ ဆိုသော လူငယ်လေးသည် လုံးဝ ပျောက်ထွက်သွားခဲ့ပြီ





ဖြစ်၏။ အဲဒီအစား အေးတိအေးစက် နိုင်လှသော လူငယ်တစ်ယောက် အစားရောက်လာခဲ့သည်။

အောင်သည် ထိုလူငယ်လေးကို စိတ်မသက်မသာနှင့် မြင်နေရသည်။

နောက်ဆုံးမှာတော့ အောင်သည် လုံးဝ လက်လျှော့သိုက်လေ၏။

ဒါကြောင့်လည်း အောင်သည် မေမခဆိုသော မိန်းကလေးဆီ တစ်ခေါက်ပြန်လာဖို့ ဆုံးဖြတ်ခဲ့လေသည်။

"ငါ အန်တီနုတို့ဆီ ခဏပြန်ဦးမယ်"

"အင်း"

ငြေသည် အောင် ဘာကြောင့် မြန်မာပြည် ပြန်လာလဲ တစ်ခွန်းမမေး။

"နင် ငါ့ကို တစ်ခုခု မမှာတော့ဘူးလား"

"ဘာမှာရမှာလဲ"

"နင် မှာချင်တဲ့သူတွေ ဘာတွေ မရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ငြေရဲ့ အပြုံးက ဖျော့တော့တော့။ ခေါင်းခါငြိမ်းစာပြန်ငုံ့ဖတ်နေသော ငြေကို ကြည့်ပြီး အောင် ဝမ်းနည်းလာသည်။ ဒီလိုပါပဲ သူ့ရဲ့ ဒီလိုအမှုအရာတွေမှာ အောင် အခုချိန်ထိ ကျင့်သားမရနိုင်သေး။

အောင် မြန်မာပြည်ရောက်တော့ အောင် အရင်ဆုံးတွေ့ချင်သူသည် မေမခသာ ဖြစ်၏။ ဒါကြောင့်လည်း လေဆိပ်ကနေ အရင်တစ်ခါ လာဖူးခဲ့သော ခြံလေးဆီကို ဦးတည်လာခဲ့မိ၏။

သို့သော် အောင်သည် မေမခနှင့် တွေ့ခွင့်မရခဲ့။

"မခလေးက ဘယ်ဧည့်သည်မှ လက်ခံတွေ့ဆုံလေ့ မရှိဘူး"

ခြံစောင့် ဦးလေးကြီးဆီမှာ ကြားရသော စကားသည် စိတ်ပျက်ဖွယ်။ လက်မလျှော့တတ်သော အောင်က နှစ်ကြိမ်သုံးကြိမ်၊ လေးကြိမ်အရောက်မှာတော့ မေမခနှင့် တွေ့ခွင့်ရခဲ့သည်။





အရင်ကသာဆို ကြီးကျယ်လိုက်တာဟု အောင် အပြစ်တင်မိပေလိမ့်မည်။ အခုတော့ ကိုယ့်အပြစ်နှင့်ကိုယ် ဖြစ်သဖြင့် အောင် အသံမထွက်ရဲ။

ခြံရဲ့အနောက်ဘက် သရက်ပင်ကြီးရဲ့ အောက်မှာ မေမခသည် တက်တမ်းအကျီတစ်ထည်ကို ထိုင်ထိုးနေလေသည်။

"မေမခ ... တို့ နဒီအောင်ပါ၊ မှတ်မိလား မသိဘူး၊ လွန်ခဲ့တဲ့ ငါးနှစ်လောက်က တို့ ဆုံဖူးတယ်လေ"

မခရင်ထဲ တုန်လှုပ်သွားသည်။ ငါးနှစ် ကြာခဲ့ပြီဖြစ်သော်လည်း မနေ့ကအတိုင်းပင် မခ ချောက်ချားနေဆဲဖြစ်၏။

"သိပ်မှတ်မိတာပေါ့"

"တို့ ဘာကြောင့်လာလဲ မင်း မသိချင်ဘူးလား"

မခ ခေါင်းခါပြလိုက်၏။

အောင် အံ့သြသွားသည်။ ငြေကို ချက်ချင်းသွားသတိရသည်။ အို ... ငြေရဲ့ အမူအရာ အတိုင်းပါပဲ။ မေမခပုံစံက ဘာကိုမှ စိတ်မဝင်စားသလို အေးတိအေးစက် နိုင်လွန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



"တို့ မင်းဆီကိုလာတာ ဒါပါနဲ့ဆို လေးကြိမ်မြောက်ပဲ"

"ဟုတ်တယ်၊ ရှင် ထပ်လာမှာစိုးလို့ ကျွန်မ လက်ခံတွေ့လိုက်တာ"

မခက အောင့်အပေါ်မှာ သူမထိုးနေသော တက်တင်းအကျိုလောက်တောင် စိတ်ဝင်စားပုံ မပေါ်။ အောင် လာခဲ့တာ အလကားများ ဖြစ်ပြီလား။

"တို့ မင်းဆီမှာ ဝန်ခံစရာ ရှိတယ်"

"ပြောပါ"

"အင်း ... တကယ်တော့ တို့နဲ့ ဩရသက ချစ်သူတွေ မဟုတ်ပါဘူး၊ သူငယ်ချင်း အရင်းခေါက်ခေါက်တွေပါ၊ ဒါပေမဲ့ တို့ကတော့ သူ့အပေါ် သူငယ်ချင်းထက် ပိုခဲ့တယ်"

ဒီတစ်ခါတော့ နောင်တ,တရားမဲ့စွာ အောင် ဝန်ခံဖြစ်သွားသည်။ ဒီစကားတွေကို အောင့် ရင်ထဲမှာ ငါးနှစ်ကျော် သိမ်းဆည်းထားခဲ့ရသည်။





"ဩရသကတော့ တို့အပေါ် သူငယ်ချင်းတစ်ယောက်၊ ညီမတစ်ယောက်ထက် မပိုခဲ့ပါဘူး၊ တို့ကသာ မင်းမရှိရင် သူ့ကို တို့ရမယ်လို့ ထင်ခဲ့မိတာ။ ဒါပေမဲ့ မရခဲ့ပါဘူး၊ နှစ်တွေသာ ကြာလာတယ်၊ သူက တို့ကို မချစ်ခဲ့ပါဘူး"

အောင်သည် နှလုံးသားတစ်ခုနှင့် အချိန်များစွာ ငင်းနှီးခဲ့သော်လည်း ဘာအမြတ်အစွန်းမှ ထွက်မလာခဲ့။ ဒါ့အပြင် ဩနှင့် အောင့်ကြားမှာ ရှိနေသော နွေးထွေးမှုတောင် ဆုံးရှုံးသွားခဲ့သည်။

"တို့ ဝန်ခံပါတယ် မေမခ၊ မင်းကို တို့လိမ်ပြောခဲ့တာပါ၊ အဲဒီအတွက်လည်း တို့ တောင်းပန်ပါတယ်"

မခ အေးတိအေးစက် ပြုံးလိုက်သည်။ ဒီငါးနှစ်အတွင်းမှာ မခ ဘယ်လိုရှင်သန် ဖြတ်သန်းခဲ့ရလဲ။

အင်း ... သူလည်း မသိနိုင်ပါ။

နဒီအောင်လည်း မသိနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ပါတော့၊ အဟောင်းတွေ အသစ်ဖြစ်လည်း မခ အတွက် ဘာမှထူးမလာနိုင်တော့။ နာကျင်မှုသာ ပိုလာဖေ လိမ့်မည်။

"ကျွန်မ သိပါတယ်"

"မင်း သိတယ်၊ ဟုတ်လား မေမခ"

မခ နှုတ်ခမ်းမှာ မပီပြင်သော အပြုံးတစ်ခုပေါ်ပေါက် လာသည်။ ဘွားမေ အသိတွေက နိုင်ငံခြားမှာ အများကြီး ကိုသြ ပြန်သွားပြီး တစ်ပတ်အကြာမှာပင် ဘွားမေ စုံစမ်းနိုင် သည့် အချက်တွေ ရောက်ရှိလာခဲ့သည်။

သြရသနဲ့ နဒီအောင်က ချစ်သူတွေ မဟုတ်ပါတဲ့၊ သူငယ်ချင်းတွေသာ ဖြစ်ပါသည်တဲ့။ အဲဒီတုန်းကများဆို မခ အရမ်းကို တုန်လှုပ်ဝမ်းနည်းခဲ့ရသည်။

တစိမ့်စိမ့် ဝင်ရောက်လာသည့် နောင်တက ဘာနဲ့ မှမတူ။





"သိတယ် နဒီအောင်၊ မင်းတိုနေတဲ့မြို့မှာ ဘွားမေ မိတ် ဆွေအများကြီး ရှိတယ်"

"ဒါဆိုရင် မင်း ဘာဖြစ်လို့ သြေကို အဆက်အသွယ် မလုပ်တာလဲ"

"လူတစ်ယောက်ကို ချစ်တာ အဆက်အသွယ်ရှိတာ မရှိ တာနဲ့ မဆိုင်ဘူး နဒီအောင်"

"ဒါဆိုရင် မင်းကို မေးပါရစေဦး၊ မင်း သြရသကို ချစ် သေးလား"

မေမခကိုကြည့်ပြီး အောင် တုန်လှုပ်နေမိသည်။ မေမခရဲ့ အပြုံးတွေက အေးစက်စက်။ လောကကြီးမှာရှိသည့် အရာမှန်သမျှ သူမနှင့် ကင်းကွာနေသည့်နှယ်။

အတူတူပါပဲ။ သြေနဲ့ အတူတူပါပဲ။ မာန်မာနအပြည့် နှင့် မေမခကို တစ်ခါသာတွေ့ခဲ့ပြီး တစ်ခါတည်း ပျောက်ကွယ် သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဝမ်းနည်းပါတယ် နဒီအောင်၊ ဒီမေးခွန်းရဲ့အဖြေကို ရှင်သိစရာ မလိုပါဘူးထင်တယ်"

မခ ရင်ထဲမှာ ရှိနေသော အဖြေတစ်ခုအား ဘယ်သူ့ကိုမှ ပြောပြဖြစ်မည်မဟုတ်။

"ဟုတ်ပါတယ်၊ တို့နဲ့မဆိုင်ပါဘူး၊ ဒါပေမဲ့ ဩရသက တော့ အခုချိန်ထိ မင်းကို မမေ့နိုင်ရက်အောင် ချစ်နေတုန်း ပဲ"

မခ မျက်နှာသည် ဘာမှအပြောင်းအလဲမရှိ။ နောက်ဆုံးတော့ အောင် မှားသွားပြီဆိုတာ မခက သက်သေပြုပေးလိုက်သည်။

"ကျွန်မ သူ့ကို မေ့ပစ်လိုက်ပြီ နဒီအောင်"

ထိုစကားတစ်ခွန်း ပြောပြီးသည့် နောက်မှာတော့ မခ မျက်နှာသည် ပြန်လည်ဦးမော့လာခြင်း မရှိတော့။ သူမထိုးလက်စ အကျီအပေါ်မှာသာ အာရုံစိုက်လိုက်လေသည်။





ဒါဆိုရင် တကယ်မဲ အောင် မှားခဲ့ပြီပေါ့။ အောင် သတ်ပစ်ခဲ့သော နှလုံးသားနှစ်ခုက ပြန်လည်ရှင်သန်ထမြောက် ပါမလား။

မေမခ ဘေးနားကနေ အောင် တိုးတိတ်စွာပဲ လှည့်ထွက်ခဲ့မိသည်။


www.burmeseclassic.com

www.burmeseclassic.com



ဩရသ မြန်မာပြည်ကို ပြန်ရောက်ပြီး တစ်လတင်း
တင်းပြည့်သည့် နေ့မှာပင် အလုပ်စဝင်ခဲ့ရသည်။ ကုမ္ပဏီပိုင်ရှင်
က သူ့ဆရာဖြစ်ပြီး ဟိုမှာကတည်းက သူ့အပေါ် သားတစ်ယောက်
လို စောင့်ရှောက်ခဲ့သူ ဖြစ်၏။

"မင်းကွာ ဒီလောက် ဘွဲ့တွေ တစ်သီကြီး ယူထားပြီး ငါ့
ကုမ္ပဏီမှာ လာလုပ်ရတယ်လို့"

"ကျွန်တော့်မှာ အတွေ့အကြုံမရှိဘူးလေ ဆရာရဲ့"

"မင်းမှာရှိတဲ့ အရည်အချင်းနဲ့ဆို ရပါတယ်ကွာ၊ ဒီမှာ
ကုမ္ပဏီထောင်တယ်ဆိုတာ နိုင်ငံခြားမှာလို မဟုတ်ဘူးကွ
အားလုံးက နွေးနွေးထွေးထွေးနဲ့ မိသားစုပုံစံပဲ"





ဆရာဦးဉာဏ်သာနဲ့ သူက ဆရာရင်း တပည့်ရင်း
ဖြစ်၏။ ဆရာက သူ့ထက် သုံးနှစ်ခန့်စောပြီး ပြန်သွားကာ
ပြီးအခြေချခဲ့သည်။

"ဟုတ်ကဲ့ ဆရာ၊ ဆရာကပဲ ကျွန်တော့်ကို များများသင်
ပေးပါ"

သူ ရထားသည့် စီးပွားရေးဘွဲ့တွေကို ဘယ်နေရာ
မှ အသုံးမချရသေး။

"ရပါတယ်ကွာ၊ ငါ့ဆီမှာက မင်းကြိုက်တဲ့အချိန် ဝင်လုပ်
လို့ရပါတယ်၊ အခုလည်း လူလွတ်နေတာနဲ့ဆိုတော့ အတော်
ပဲ၊ ဒါနဲ့ နေပါဦး၊ မင်းက အပြီးပြန်လာတာလား"

"မသေချာဘူး ဆရာ၊ အပြီးပြန်လည်း ဖြစ်ချင်ဖြစ်သွား
နိုင်တယ်၊ ဒါပေမဲ့ ကျွန်တော် ဒီမှာကြာမယ် ဆရာ"

မြန်မာပြည်ကို ပြန်ချင်လို့သာ ပြန်ရောက်လာသည်။
သူ့ရဲ့အိပ်မက်တွေက ဝေဝေဝါးဝါး။ ဘာမှသေသေချာချာမရှိ။
ကို ပြန်တွေ့နိုင်မလားဆိုသည့် မျှော်လင့်ချက်တစ်ခုသာ ခိုင်
မာမာ ရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် မိအောင်က အဝင်အထွက် လွဲခဲ့သ

မိအောင်က သူ့အတွက် message တစ်ခု ထားပစ်ခဲ့သည်။

"ငြေ ...

လွမ်းခဲ့တဲ့ ငါ့နှစ်ကျော်က နင် ပြေရှင်းစေချင်တဲ့ ကိစ္စ

ပြေရှင်းပြီးသွားပြီ။

ငါနောက်ကျသွားတဲ့အတွက် တောင်းပန်ပါတယ်။

မိအောင်"

သူ့အတွက် ဝမ်းသာစရာ သတင်းတစ်ခုပင်။

စက်စက် နှလုံးသားက ပြန်ပြီးပူနွေးလာသည်။

မခကော ဘယ်မှာရှိနေလဲ။ သူ့ကို နာကြည်းမုန်

တုန်းပဲလား။

မခကို မမေ့ရက်နိုင်အောင် ချစ်မိသည့် ကိုယ့်နှ

သားကို ကိုယ်ပြန်ပြီး အံ့အားသင့်ရသည်။

"ဒါဆိုရင် လာကွာ၊ မင်း ... အခုလောလောဆယ်

ထောက်စာရင်းကိုင် ဝင်လုပ်၊ ဖြစ်တယ် မဟုတ်လ





"ဟာ ... ဆရာကလည်း၊ ကျွန်တော်က မန်နေဂျာချုပ် ရာထူး မှန်းထားတာ၊ ဘယ်ရမလဲ ... ဟား ဟားဟား"

"မင်းကွာ"

ဆရာနှင့် အတူရယ်မောမိသည့် အခိုက်အတန့်မှာ

တ့ ဩရသ ရင်ထဲ ပေါ့ပါးသွားသည်။ ဟုတ်ပါရဲ့၊ သူ ဒီလို

ယ်ဖြစ်ခဲ့တာ အတော်ကြာခဲ့ပြီ။

"လာကွာ ... မင်းကို ဆရာ ဝန်ထမ်းတွေနဲ့ မိတ်ဆက် ပေးမယ်၊ ဟော့ ... ကညာ ဒီကို ခဏလာဦး"

လုံးဝမမျှော်လင့်ထားသော ကညာကို တွေ့လိုက်ရ

တ့ ဩရသ အံ့ဩဝမ်းသာသွားသည်။ မြန်မာဝတ်စုံကို သေ

ခေတ်မီစွာ ဝတ်ဆင်ထားသော ကညာ့ပုံစံသည် ကလေး

ယောက်ပုံစံ မဟုတ်တော့ပေမဲ့ နုပျိုလန်းဆန်း တက်ကြွနေ၏။

ကညာကို မြင်တော့ မခကို ပြင်းပြင်းပြပြ သတိ

သွားသည်။ ကညာကလည်း သူ့ကို အမြင်မှာ အံ့ဩသွားပုံပေါ်

သည်။



www.burmeseclassic.com

www.burmeseclassic.com



"လာ ... ကညာ၊ ဩရသ သူက ဆရာ့ရဲ့လက်ထောက်
အရမ်းတော်တဲ့ ကလေးမပေါ့၊ ခေါင်းထဲမှာ ကွန်ပျူ
ထည့်ထားသလားတောင် ထင်ရတယ်"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော်နဲ့ ကညာနဲ့ သိပါတယ်"

"ဟာ ... တယ်ဟုတ်ပါလား၊ ဒါဆိုရင် မင်း ဘွားဖေ
ရော သိလား"

"ဟုတ်ကဲ့၊ သိပါတယ် ဆရာ"

"အေးကွာ၊ ဒါဆိုရင် ကညာနဲ့ ခဏစကားပြောရင်း
ဆရာ အခု ပြန်လာမယ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

ဆရာ ထွက်သွားတော့ သူနဲ့ ကညာ နှစ်ယော
တည်း ကျန်ရစ်ခဲ့သည်။

ကညာ့ အပြုံးက အရင်လို ဖြူစင်ဆဲ ဆိုတာ
ရတော့ သူ စိတ်ချမ်းသာသွားသည်။

"ကိုဩ နေကောင်းလား"





"အင်း ... ကောင်းတယ်၊ ကညာက ဒီမှာ အလုပ်ဝင်နေ
တာလား"

"ဟုတ်တယ် ကိုဩ"

ကညာ့ကို မြင်လိုက်သည့် တစ်ခဏအတွင်းမှာပင်
သူ မခဆီ ပြန်သွားဖို့ ဆုံးဖြတ်လိုက်သည်။

"ကညာ ... မခ ..."

"ကိုဩ ခဏလေး၊ ကညာ အရင်ပြောပါရစေ"

"ပြောလေ"

"ကိုဩနဲ့ ကညာက နောက်ဆိုရင် အလုပ်သဘောအရ
ပတ်သက်ရတော့မယ်၊ ဒါကြောင့် အခုကတည်းက ရှင်းရှင်း
ပြောထားမယ်၊ မခ အကြောင်း မမေးကြေး၊ မပြောကြေး၊
ဟုတ်လား"

သူ ချက်ချင်း နှုတ်ဆိတ်သွားသည်၊ မခ အကြောင်း
မေးကြေး၊ မပြောကြေးတဲ့။ သူ သိချင်တာတွေ အားလုံးကို
ကညာက စကားတစ်ခွန်းတည်းနှင့် ပိတ်ဆို့ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရပြီ ... ကိုသြ ဘာပြောစရာရှိလဲ၊ ပြောလို့ရပြီ"

"ဘာမှမဟုတ်ပါဘူး၊ ဘွားမေ နေကောင်းလား သိချင်လို့ပါ"

"ကောင်းပါတယ် ကိုသြ၊ သြော် ... ဆရာ ပြန်လာပြီ"

ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေသော ဆရာက သူတို့နား ပြန်ရောက်လာကာ ...

"ကညာ ... သြရသက ဆရာရဲ့တပည့်ရင်းပဲ၊ မနက်ဖြန်ကစပြီး စာရင်းဌာနမှာ လက်ထောက်မန်နေဂျာအဖြစ်နဲ့ အလုပ်စဝင်လိမ့်မယ်၊ အဲဒါ ညည်းသူ့ကို ကူညီပေးလိုက်ဦး၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ ဆရာ"

"အေး ... အေး ... ဒါဆိုရင် ညည်း သွားလို့ရပြီ၊ ဘွားမေကိုလည်း ပြောလိုက်ဦး၊ ဆရာက သတိရပါတယ်လို့"

"ဟုတ်ကဲ့ ဆရာ"



ကညာ နှုတ်ဆက်ပြီး ထွက်သွားတော့ သြရသ အောင့်အီးနိုင်တော့။

သိချင်တာတွေ ဖမ်းမေးပစ်လိုက်သည်။

"ဆရာ ... ဆရာက ဘွားမေတို့ တစ်မိသားစုလုံးနဲ့ သိတာလား"

"သိတာပေါ့ကွာ၊ ဘွားမေနဲ့ ဆရာ့အမေနဲ့က သူငယ်ချင်းအရင်းခေါက်ခေါက်တွေ၊ ကညာ့အမေဆို ဆရာနဲ့ကျောင်းနေဖက်ပဲ၊ ဘာဖြစ်လို့လဲ"

"ကျွန်တော် သိချင်တာ ရှိလို့ပါ"

"ဘာသိချင်တာလဲ"

"ကျွန်တော် မခ အကြောင်း သိချင်တယ် ဆရာ၊ မခ အခု ဘယ်မှာလဲ၊ ဘာလုပ်နေလဲ၊ တစ်ယောက်တည်းပဲလား၊ ကျွန်တော် သိချင်တယ် ဆရာ"

သူ စိတ်ထင်၍ပဲလား မသိ။ ဆရာ မျက်နှာတစ်ချက် ပျက်သွားသည်။ သူက အဖြေစောင့်စားနေသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဆရာဆိုမှ အဖြေက တော်ရုံထွက်မလာ။ ခဏကြာမှ လေးပင်သော လေသံနှင့်။

"တခြားတစ်ယောက် ဆိုရင်တော့ ဆရာ ပြောပြနိုင်ပါတယ်ကွာ၊ ဒါပေမဲ့ မေမခ အကြောင်းဆိုရင်တော့ သည်းခံပါကွာ"

"သူ ... သူ ဘာဖြစ်လို့လဲ ဆရာ"

"ဘာမှမဖြစ်ပါဘူး ရှိပါတယ်၊ ဪ ... ဒါနဲ့ မင်းမနက်ဖြန် အလုပ်စဆင်းမယ် မဟုတ်လား"

"ဟုတ်ကဲ့"

ဆရာက သိသိသာသာကြီး စကားဖြတ်သွားသဖြင့် သြရသ စကားဆက်၍ မရတော့။ မခ ဘာများဖြစ်လို့လဲ။ အခုမှ တွေ့ချင်စိတ်က ပြင်းထန်လာသည်။

ကညာကလည်း မခ အကြောင်း မမေးကြေးတဲ့။ ဆရာကလည်း သည်းခံပါတဲ့။ ဘာတွေ ဖြစ်ကုန်ပြီလဲ။ စိုးရိမ်ပူပန်စိတ်က ထားမရ။





ချက်ချင်း မိအောင်ကို သတိရသည်။ မိအောင်က မခနှင့် တွေ့ခဲ့သည်ပဲ။ မိအောင်ကို အကြောင်းစုံမေးလျှင် သိနိုင်ကောင်းပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းမြေ့ရိပ်သာ ခြံလေးသည် ဘာမှ ပြောင်းလဲမှု မရှိသေး။ အရင်လိုပင် သစ်ပင်များနှင့် အုပ်ဆိုင်းအေးချမ်းဆဲဖြစ်၏။

တစ်ခုတော့ ပြောင်းလဲသွားသည်။ သူ တီးနေကျ လူခေါ်မောင်းလေး မရှိတော့။ အလုံပိတ်ထားသော ခြံတံခါးရှေ့မှာ ဩရသ ရပ်မိနေဆဲမှာပင် ခြံထဲမှာ လူတစ်ယောက် ထွက်လာသည်။

"ဘာကိစ္စရှိလို့လဲ မောင်ရင်"

"ကျွန်တော် ဘွားမေနဲ့ တွေ့ချင်လို့ပါ"

"ရှိတယ် မောင်ရင်၊ ဘွားမေ ခြံထဲမှာ စာဖတ်နေတယ်"





"ဟုတ်ကဲ့ ... ကျေးဇူးပါပဲ၊ ဒါနဲ့ ဒီမှာ တပ်ထားနေကျ မောင်းလေး မရှိတော့ဘူးနော်"

"ဟုတ်တယ်၊ မောင်းလေးကို ဖြုတ်ပစ်လိုက်တာ ကြာလှပြီ၊ ဒီမှာ ကင်မရာ တပ်ထားတယ်လေ၊ တွေ့လား၊ ဧည့်သည်တွေ ဘာတွေဆဲ သိပ်မလာပါဘူး"

အခုမှပဲ ကင်မရာ တပ်ထားတာ၊ သူ တွေ့တော့သည်။ အင်းလေ ... နှစ်တွေကြာပြီးပဲဟာ၊ ခေတ်နှင့်အညီ ပြောင်းလဲလောက်ပြီပေါ့။

"ဝင်သွားလိုက် မောင်ရင်လေး၊ ဘွားမေက ခြံထဲက ဒန်းပေါ်မှာ စာဖတ်နေတယ်"

ခြံထဲမှာ စာထိုင်ဖတ်နေသော ဘွားမေက သူ့ကို အမြင်မှာ ထလာလေသည်။

"ဘယ်သူလဲကွယ့်"

ဘွားမေ ပုံစံက အရင်လိုမဟုတ်တော့။ လှုပ်ရှားမှုက နှေးကွေးသွားပြီ။ အမြင်လည်း သိပ်ကောင်းပုံ မပေါ်တော့။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုတောင် မမှတ်မိတော့။ သူက ဘွားမေ အနား တိုးလျှောက်သွားပြီး ...

"ကျွန်တော်ပါ ဘွားမေ၊ ဩရသပါ"

"ဟေ"

အနီးကပ်လာတော့မှ ဩရသ ပုံရိပ်ကို ဘွားမေ သေချာမြင်ရတော့သည်။ ရင့်ကျက်တည်ငြိမ်သော လူငယ်ချောချောလေးကို မြင်ရတော့ ဘွားမေ ကျေနပ်သွားသည်။

တစ်ဖွတ်ထိုး လုပ်တတ်သည့်လူငယ်တစ်ယောက် အသွင် မရှိတော့။ အသိဉာဏ် ထက်မြက်သည့် မျက်ဝန်းများက ဘွားမေကို နှုတ်ဆက်နေကြသည်။

"ဟဲ့ ... ဟဲ့ ... ဘွားမေနား တိုးလာစမ်းပါဦး"

"ကျွန်တော့်ကို မှတ်မိပါတယ်နော် ဘွားမေ"

"မှတ်မိပါတယ်ကွယ်၊ ဘွားမေ မှတ်မိပါတယ်"

ဘွားမေနဲ့သူ ခြံထဲမှာပဲ စကားပြောဖြစ်ကြသည်။ ဘွားမေနှင့် သူ စကားများစွာ ပြောဖြစ်သော်လည်း မခ အကြောင်း





တစ်ခွန်းမှမပါ။ နောက်ဆုံးတော့ သူကပဲ သိချင်နေတာတွေ မေးဖြစ်သွားသည်။

"ဘွားမေ ကျွန်တော် သိချင်တာလေးတွေ မေးလို့ရမလား"

"မခ အကြောင်းကလွဲရင် ကျန်တာ ကြိုက်တာမေး၊ ဘွားမေ ဖြေမယ်"

မခ အကြောင်းကို ဘယ်သူမှ အမေးမခံကြ။ ဘာဖြစ်လို့လဲ။ ကညာလည်း မေးမရ၊ ဆရာ့လည်း မေးမရ၊ ဒီတစ်ခါလည်း ဘွားမေက လုပ်ပြန်ပြီ။

မိအောင် စကားအရတော့ မခ ဘာမှမဖြစ်။ သို့ပေမဲ့ ကြောက်စရာ ကောင်းလောက်အောင် အေးစက်သွားသည်တဲ့။

"ကျွန်တော် ဘယ်သူ့အကြောင်းမှ မသိချင်ဘူး ဘွားမေ၊ မခ အကြောင်းပဲ သိချင်တယ်၊ သူ ဘယ်မှာနေတယ်၊ သူ ဘာလုပ်နေတယ်၊ ကျောင်းပြီးပြီလား၊ တစ်ယောက်တည်းပဲလား၊ ကျွန်တော် အားလုံး သိချင်တယ် ဘွားမေ"

www.burmeseclassic.com

www.burmeseclassic.com



ဩရသ မျက်ဝန်းတွေက ဘာမှမပြောင်းလဲသေး
အရင်တုန်းကလိုပဲ မြေးဖြစ်သူ မခ အပေါ်မှာ ချစ်ခင်မြတ်နိုး
တွေက စီးဝင်နေဆဲ ဖြစ်၏။ မခလေးအတွက် ဝမ်းသာစရာလည်း
ဖြစ်၏။ ပြီးတော့ ဝမ်းနည်းစရာလည်း ဖြစ်၏။

ဒါကြောင့်လည်း မခ အကြောင်း အနည်းအကျဉ်း
လောက် ပြောပြဖို့ ဆုံးဖြတ်လိုက်သည်။

"မခ ရှိပါတယ်ကွယ်၊ ကျောင်းကတော့ ဒုတိယနှစ်နဲ့
ထွက်လိုက်တယ်"

"ဘာဖြစ်လို့လဲ ဘွားမေ"

"ကျန်းမာရေး မကောင်းလို့ပါကွယ်၊ မခလေးက နှလုံးသိပ်
မကောင်းတော့ ခဏခဏမောတယ်လေ၊ အဲဒါကြောင့်
ကျောင်းထွက်လိုက်တယ်"

"စိုးရိမ်ရလား ဘွားမေ"

"မစိုးရိမ်ရပါဘူးကွယ်၊ ဒီလိုပဲ နားနားနေနေ နေရတာ
ပေါ့"





"ကျွန်တော် သူနဲ့တွေ့ချင်တယ် ဘွားမေ၊ တွေ့ပါရစေ၊
ကျွန်တော့်ကို သူနဲ့တွေ့ခွင့်ပေးပါ"

ရိုရိုကျိုးကျိုး ပြောနေသော ဩရသ ပုံစံလေးက
ကရုဏာသက်ချင်စရာ။ ဒါပေမဲ့ ပေးတွေ့လို့ မဖြစ်ဘူးဆိုတာ
ဘွားမေ သိနေသည်၊ ဒီကောင်လေးနဲ့ ဘယ်လိုမှ ပေးတွေ့၍မ
ဖြစ်။ အေးအေးဆေးဆေး ငြိမ်သက်နေပြီဖြစ်သော မခ ဘဝလေးကို ဂယက်
မထစေချင်တော့။

"နှစ်တွေ ကြာခဲ့ပြီပဲကွယ်"

"ကျွန်တော် သူ့ကို ချစ်နေတုန်းပဲ ဘွားမေ"

"မေ့ပစ်လိုက်ပါတော့ကွယ်၊ မခလည်း သူ့ဘာသူ နေသား
ကျနေပါပြီ"

မခကို ပြန်တွေ့ရမလား ဆိုသည့် မျှော်လင့်ချက်
လေးနှင့် ပြန်လာသော သူက အလျှော့မပေးချင်ပါ။

"ကျွန်တော် သူ့အတွက်ကြောင့် ပြန်လာခဲ့တာပါ ဘွားမေ၊
သူ့ကို တွေ့ချင်တာ ကျွန်တော့်ရဲ့ တစ်ခုတည်းသော ဆန္ဒ
ပါ ဘွားမေ"



www.burmeseclassic.com

www.burmeseclassic.com



မရတော့။ ဒီလူငယ်လေးကို ပျော့ပျောင်းညင်သာစွာ တားမြစ်၍ မရနိုင်တော့။ ပြတ်ပြတ်သားသား ပြောမှဖြစ်တော့မည်။

"ဝမ်းနည်းပါတယ်ကွယ်၊ မင်းကို မခနဲ့ ပေးမတွေ့နိုင်ဘူး ဘွားမေကို ဘယ်လိုမှ သဘောမထားပါနဲ့၊ ပြီးတော့ နောက်လည်း မင်းကို မေ့ပစ်လိုက်ပါပြီ"

"ကျွန်တော် မယုံဘူး ဘွားမေ"

သူက မခကိုမမေ့နိုင်သလို မခကလည်း သူ့ကိုမေ့နိုင်လိမ့်မည် မဟုတ်ဟု ဩရသ ယုံကြည်မိသည်။

"ဘွားမေ အနားယူချင်ပြီကွယ်"

ဘွားမေက သူ့ကို လှပစွာ နှင်လေပြီ။ မြန်မာပြည်ပြန်ရောက်တာ လွယ်ကူလှပြီး မခကို တွေ့ဖို့က ခက်ခဲလွန်းနေသည်။ ဩရသ သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဒါဆိုရင်လည်း မခကို ဒါလေး ပေးပေးပါ ဘွားမေ"

လက်ကိုင်ပဝါအဖြူလေးနှင့် ထုပ်ထားသော စံပယ်ပွင့်ထုပ်လေးကို ဘွားမေအား ကမ်းပေးလိုက်သည်။





"ကျွန်တော့်ကို ခွင့်ပြုပါဦး ဘွားမေ"

ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပါ။ မခကို သူ ရှာတွေ့နိုင်မှာပါ။ ယုံကြည်ချက်တွေ မွေးမြူလိုက်တော့ သူ့စိတ်ထဲ ကြည်နူးဆန်းသွားသည်။

ဟုတ်ပါတယ်။ မခနဲ့ ပြန်ဆုံမှာပါ။ မဝေးတဲ့တစ်နေ့မှာ သူတို့ ဆုံစည်းနိုင်တော့မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ယုံကြည်မှုတွေကို အသိအမှတ် ပြုပေးလို… တာက တိုက်ဆိုင်မှုတစ်ခု ဖြစ်သည်။ ထိုတိုက်ဆိုင်မှုသည် ဩရသအတွက်တော့ အဖိုးမဖြတ်နိုင်သည့် တိုက်ဆိုင်မှုတစ်ခု… ဖြစ်၏။

မြူတွေကျနေသော မနက်ခင်းမှာ ဩရသက … လျှောက်ထွက်လာခဲ့သည်။ စိတ်ကူးတည့်ရာ လမ်းလျှောက်… ဘွားမေတို့လမ်းထိပ် ရောက်လာခဲ့သည်။

ဒီလမ်းလေးကနေ ချိုးဝင်သွားလျှင် ဘွားမေတို့… ဆီ ရောက်ပါရဲ့။

အဲဒီခြံလေးမှာ မခလည်း ရှိကောင်း ရှိနေနိုင်သည်…





ဩရသ အကြည့်က မြူတွေနှင့် ပိတ်ဆို့နေသော …ခင်းလေးဆီမှာ ရောက်နေခဲ့သည်။

ထိုခဏ ခဏလေးမှာပဲ မြူတွေကိုဖောက်ပြီး ထွက် …လာသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသည်။ မခ … …တ်ပါတယ် မခပါ။

သိုးမွေးဦးထုပ် အဖြူလေးကို ခပ်ငိုက်ငိုက်ဆောင်း …ထားပေမဲ့ မခကို သူ သေချာမှတ်မိပါသည်။ ငါးနှစ်ကျော် ငြိမ် …သက်ခဲ့သော ရင်ခုန်သံသည် ပြန်လည်လှုပ်ရှား အသက်ဝင်လာ …၏။

ခေါင်းငုံ့ပြီး လျှောက်လာသော မခက သူ့ကိုလုံးဝ …တွေ့။ သူက တိုးတိမ်ညင်သာစွာပင် လှမ်းခေါ်လိုက်သည်။

"မခ"

ဖျတ်ခနဲ မော့ကြည့်သော မျက်ဝန်းတွေသည် တစ် …ခဏ အထိတ်တလန့် ဖြစ်သွားပေမဲ့ ချက်ချင်း ပြန်လည်အေးစက် …သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မခသည် လှုပ်ရှားနေသောစိတ်ကို ငြိမ်းသတ်၍ ချက်ချင်း ပြန်လှည့်ထွက်လိုက်သည်။ မြဲမြဲခိုင်မာသော လက်တစ်ဖက်က မခ လက်ကို ခပ်တင်းတင်း ဆွဲကိုင်လိုက်တော့ မခသည် သူ့အရှေ့သို့ အလိုလို ရောက်သွားသည်။

"ကိုယ် မခကို အရမ်းတွေ့ချင်နေတာ"

မခ ကိုသြကို မတွေ့ချင်ပါ။ ကိုသြ ပြန်ရောက်နေပြီဟု ကညာ ပြောခဲ့စဉ်ကတည်းက မခ ဆောက်တည်ရာမရခဲ့။

"မခ ထပ်ပြီး ဝမ်းမနည်းချင်တော့။ ဒီအတိုင်းလေးပဲ မခ ဆက်ပြီး ရှင်သန်ပါရစေ။

"ကျွန်မကို လွှတ်ပါ၊ ကျွန်မ ကိုသြကို မတွေ့ချင်ဘူး"

သူက မခလက်ကို ဖြေလျှော့ပေးလိုက်သည်။

"ကိုယ်တို့ စကားနည်းနည်းလောက် ပြောရအောင်နော် မခ"

ခပ်လှမ်းလှမ်းမှာ ရှိနေသော အဝါရောင် ခုံတန်းလေးမှာ နှစ်ယောက်စလုံး ဝင်ထိုင်လိုက်ကြသည်။





"ပြောစရာရှိတာ ပြောပါ ကိုသြ"

အချိန်တိုအတွင်းမှာပင် မခသည် အရာရာကို ထိန်းနိုင်ဖို့ အသင့်ဖြစ်သွားသည်။

"ဘာပြောရမှန်းတောင် မသိဘူး မခရယ်၊ မခကို ပြန်တွေ့ရတာ ကိုယ် အရမ်းဝမ်းသာတာပါ၊ ဘာဖြစ်မှန်းမသိဘူး၊ ကညာကလည်း မခ အကြောင်း အမေးမခံဘူး၊ ဘွားမေကလည်း ပေးမတွေ့ဘူး၊ ကိုယ် ဘာလုပ်ရမှန်းကို မသိတော့ဘူး၊ ဒါနဲ့ မိအောင် လာသွားတယ်ဆို"

"ဟုတ်ကဲ့"

ဘာအပြောင်းအလဲမှ မရှိသော မခ မျက်နှာအေးစက်ကြောင့် သူ အားမလို အားမရ ဖြစ်သွားသည်။ မိအောင်ပြောတာ မှန်နေပြီပေါ့။

"ဒါဆို ကိုယ့်အပေါ်မှာ သံသယ ရှင်းသွားပြီပေါ့"

"အမှားဖြစ်စေ၊ အမှန်ဖြစ်စေ ကျွန်မအတွက် အရေးမကြီးတော့ပါဘူး ကိုသြ၊ ဒါတွေ အားလုံးက ပြီးခဲ့ပါပြီ၊ ငါးနှစ်ကျော်တောင် ကြာခဲ့ပြီပဲ၊ မေ့ပြီးမြည့်နေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



အေးစက်စက် စကားလုံးတွေက သူ့ကို မညှာမတာ ဆီးကြိုနေကြသည်။

ဒါ လက်နက်တစ်ခု ဆိုရင်တော့ သူ့မှာ ကာကွယ်ပိုင်ခွင့် ရှိလေသည်။

"ငါးနှစ်ကျော် ကြာတော့ကော ဘာဖြစ်လဲ မခ၊ ကိုယ် မခကို ချစ်သေးတာပဲ၊ ဆွေးမြည့်တာတွေ ဟောင်းနွမ်းတာတွေက ဘာမှ မဖြစ်ပါဘူး မခရယ်"

မခ မျက်ဝန်းတွေက မတုန်မလှုပ်။ သူ့ကိုတစ်ချက်မှ မော့မကြည့်။ ဝေဝါးနေသော မြူတွေကိုသာ အသက်မဲ့သလို စိုက်ကြည့်နေ၏။

"ကိုယ် မခကို ချစ်ကယ် မခ၊ ကိုယ်ဒီကို ပြန်လာတာ မခအတွက်ပဲ၊ မခ ကိုယ့်ကို လက်ထပ်ခွင့်ပေးပါ"

ဂုဏ်ယူရမည့် အချစ်မျိုးဆိုတာ သိပေမဲ့ မခအတွက် အချည်းနှီးပင်။ ကိုညြ ဆိုသော လူတစ်ယောက်ကို တစ်သက်လုံး မမေ့ပစ်ဖို့ ဆုံးဖြတ်ခဲ့ပြီးပြီ။





"စိတ်ကူးတွေ မယဉ်ပါနဲ့ ကိုညြ၊ ကိုညြကို ကျွန်မ မချစ်ဘူး၊ လက်ထပ်ဖို့လည်း မစဉ်းစားဘူး"

မခသည် လက်တစ်ဖက်နှင့် ဖွက်ကိုင်ထားသော စံပယ်ပွင့်ထုပ်လေးကို ခပ်တင်းတင်း ဆုပ်ကိုင်ထားလိုက်သည်။

ဘွားမေဆီကမှရသော စံပယ်ပွင့်လေးတွေက ခြောက်သွေ့နေပြီ။ မခက လွှင့်မပစ်ရက်ပဲ အခုချိန်ထိ လက်ထဲမှာ ဆုပ်ကိုင်ထားမိနေသည်။

"မညှာပါနဲ့ မခရယ်၊ ကိုယ် မခကို နားလည်ပါတယ်၊ ဘွားမေကိုလည်း ကျော်မလုပ်ပါဘူး၊ ဘွားမေကို အရင်ဆုံး အသိပေးမှာပါ"

ကျောက်ရုပ်တစ်ရုပ်လို ဟန်ဆောင်ရတာ မခ ပင်ပန်းလှပြီ။ စိတ်သက်သာရာ ရမလားလို့ မနက်စောစော လမ်းလျှောက်ထွက်ခဲ့မိတာ မှားပြီပေါ့။ မခ စိတ်ပင်ပန်းလှပြီ။

"ကိုညြ ဘာတွေ လျှောက်ပြောတာလဲ၊ ကျွန်မနဲ့ ကိုညြနဲ့ ချစ်သူတွေ မဖြစ်ခဲ့ကြဘူးလေ၊ ကိုညြ စကားတွေက



www.burmeseclassic.com

www.burmeseclassic.com



စည်းအရမ်းကျော်နေပြီ၊ ကျွန်မ ဘာမှ မပြောချင်တော့ဘူး ကိုသြ၊ ကျွန်မကို ခွင့်ပြုပါ"

မခ နှလုံးသားကို ယိုင်နဲ့စေမည့် စကားလုံးတွေအား မခ ခွင့်မပြုနိုင်တော့။

"မသွားရဘူး မခ၊ ကိုယ် မင်းကို ခဲရာခဲဆစ် တွေ့ရတာ၊ ခဏလောက် နေပါဦးနော်၊ ကိုယ်တောင်းပန်ပါတယ်"

မခ ပြန်မည်ဆိုတော့ သြရသ အရူးတမ်းပိုင်း ဖြစ်သွားသည်။ မခ မျက်နှာက တင်းမာနေတာကြောင့် မခလက်ကိုလည်း ဖမ်းမဆွဲရဲ။

အေးစက်စိမ်းကားလွန်းသော မခ အမူအရာတွေကြောင့် သူပဲ တစ်ဖက်သတ် ဖြစ်နေသလားဟု ထင်ယောင်ထင်မှား ဖြစ်သွားသည်။

သူ့ကို မခက ဆတ်ခနဲ တစ်ချက်လှမ်းကြည့်ပြီး ခပ်မြန်မြန် လှည့်ထွက်သွားသည်။

သူ့ရင်ထဲ ဟာခနဲ ဖြစ်သွားသည်။





ဟုတ်ပါတယ်။ ဒီအကြည့်ပါပဲ၊ ဟိုးလွန်ခဲ့တဲ့ ငါးနှစ်ကျော်က ဂမုန်းပင်တွေ ကြားထဲမှာ တွေ့လိုက်ရတဲ့ အကြည့်မျိုးပါပဲ။

ခဏလေးပဲ ဖြစ်ဖြစ်ပါ။ အဲဒီခံစားချက်မျိုး လှစ်ခနဲ ပြန်လည်ထိတွေ့ရသဖြင့် သူ ပျော်ရွှင်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗန်ကောက်က ကျောင်းတစ်ခုမှာ ဆရာဖြစ်နေသော ကိုကိုနိုဝယ်နှင့် ပြန်တွေ့ရတော့ ဩရသ ဝမ်းသာသွားသည်။ ကိုကိုနိုဝယ်နှင့် အဆက်ပြတ်နေခဲ့တာ လေးနှစ်နီးပါး ရှိခဲ့ပြီ။

"ကိုကိုနိုဝယ်ကလည်းဗျာ၊ ဖုန်းမဆက်ရင်လည်း အီးမေးလ်လေး ဘာလေး ပို့တာ မဟုတ်ဘူး၊ ဘာလုပ်မှန်း မသိဘူး၊ ကျွန်တော့်မှာ ကိုကိုနိုဝယ် ဖုန်းနံပါတ်မရှိလို့ နို့မို့ဆိုဆက်တယ်"

"ဆောရီးပဲ ငါ့ညီရာ၊ ငါ တကယ် အလုပ်များလို့ပါ၊ ဗန်ကောက်မှာ အင်္ဂလိပ်စာတတ်ချင်တဲ့သူတွေ ဘယ်လောက်များတယ်ထင်လဲ၊ ရန်ကုန်မှာထက် ဆယ်ဆပိုများတယ်၊ တစ်နေ့ တစ်နေ့ သင်ရတာကွာ၊ အာကိုပေါက်နေတာပဲ"





သူ ခွီးခနဲ ရယ်လိုက်သည်။ ကိုကိုနိုဝယ် အကြောင်း သူ အသိဆုံးဖြစ်၏။ လက်ထဲမှာ မိုက်ကိုင်ထားပြီး အမြဲတမ်း မေ့ကာ အာပေါင်အာရင်း သန်သန်နှင့် သင်လေ့ရှိသည်။ စာသင်ပြီးမှသာ ငါ မိုက်ကိုင်ထားပါလားဟု သတိရလေ့ရှိသည်။

"ကျွန်တော် ပြန်ရောက်တာ၊ တစ်လကျော်ပြီ ကိုကိုနိုဝယ်၊ အခု ဆရာတစ်ယောက်ရဲ့ ကုမ္ပဏီမှာ ဝင်လုပ်နေတယ်၊ စိတ်ခေတ်ကျစရာတွေချည်းပဲ တိုးနေတယ်၊ စိတ်ညစ်တယ်ဗျာ"

စကားပြောနေသော ဩရသ ပုံစံက ခပ်ငေါင်ငေါင်။

"ဘာတွေလဲကွာ၊ ပြောပါဦး"

"ကျွန်တော် ပြန်လာတာ မခ အတွက် ပြန်လာတာ၊ ဒါပေမဲ့ ဘာဖြစ်မှန်း မသိဘူးဗျာ၊ ဘွားမေရော ကညာရော ဆရာပါ၊ မခ အကြောင်း စကားအစမခံကြဘူး၊ မခနဲ့ တစ်ယောက်ချင်း တွေ့တော့လည်း အေးစက်စက် နိုင်လိုက်တာဗျာ၊ ကျွန်တော်နဲ့ မသိဘူးတဲ့ အတိုင်းပဲ၊ ကျွန်တော် သေပါပြီဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဩရသ မသိသေးသော အကြောင်းအရာ တစ်ခုကို ပြောသင့် မပြောသင့် ကိုကိုနိုဝယ် စဉ်းစားလိုက်သည်။ ဩရသ တစ်ယောက် လူကြီးဆန်လာပေမဲ့ မခနဲ့ ပတ်သက်လာလျှင်တော့ တစ်ဖွတ်ထိုး ဆန်ချင်နေသေးသည်။

"ကိုကိုနိုဝယ် ... မခ ဘာဖြစ်လို့ ဒီလောက် ပြောင်းလဲသွားရတာလဲ၊ ကျွန်တော် စဉ်းစားလို့ မရဘူးဗျာ"

"မင်း ဘာမှမသိသေးဘူးလား ဩရသ"

"ဘာကို ပြောတာလဲ"

"မေမခ အကြောင်းကိုလေ"

"ဘာအကြောင်းလဲ ကိုကိုနိုဝယ်"

သေချာပါပြီ။ သူ မသိသေးသော အကြောင်းအရာ တစ်ခု ပေါ်ပေါက်ခဲ့တာ သေချာပြီ။ ပြီးတော့ ထိုအကြောင်းအရာသည် ကောင်းခြင်းတရား နည်းပါးမည်ဆိုတာ ကိုကိုနိုဝယ် မျက်နှာကိုကြည့်ပြီး သိရှိလိုက်သည်။

"ပြောရမှာတော့ စိတ်မကောင်းစရာပါပဲကွာ၊ မင်းပြန်သွားပြီး တစ်နှစ်လောက် အကြာမှာ မခကို အရူးအမူး ချစ်တဲ့





သူတစ်ယောက် ပေါ်လာခဲ့တယ်၊ မခက ခါးခါးသီးသီး ငြင်းဆန်တော့ အဲဒီကောင်က မခကို ကားတင်ပြေးတော့တာပဲ၊ ရှင်းရှင်းပြောရရင် အဲဒီကောင်က ငရှုပ်ကွာ၊ ပိုက်ဆံချမ်းသာတဲ့ မိဘအရှိန်အဝါနဲ့ ကောင်မလေးတွေ ထည်လဲတွဲနေတဲ့ လူတစ်ယောက်ပေါ့"

သူ့နှလုံးသား အစိတ်စိတ် အမြွှာမြွှာ ဖြစ်သွားသလို ခင်ထဲ နင့်ခနဲ ဖြစ်သွားသည်။

"ဒီကောင်ကတော့ မခကို ကားတင်ပြေးရင် မခက သူ့ကို လက်ထပ်လိမ့်မယ်လို့ လွယ်လွယ်တွက်ထားပုံရပါတယ်၊ ဒါပေမဲ့ မေမခက တစ်ဆွေလုံး တစ်မျိုးလုံး တားဆီးနေတဲ့ကြားထဲက အဲဒီကောင်ကို ရုံးတက်ပြီး တရားစွဲခဲ့တယ်"

ထိုခဏမှာ သူ တွေးမိသည်က ကိုကိုနိုဝယ်နဲ့မတွေ့ခဲ့ရင် အကောင်းသား ဖြစ်၏။

"ကောင်လေးတွေ မိဘတွေက သူတို့သား ထောင်ကျမှာစိုးလို့ အတင်းလိုက်ညှိတာပေါ့ကွာ၊ သိန်းဘယ်နှထောင် လက်ဖွဲ့ပါမယ်၊ ကားဘယ်နှစီးပေးပါမယ်၊ ဘာညာပေါ့ကွာ၊



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ မေမခက ခေါင်းအရမ်းမာတယ်၊ လုံးဝလက်မခံ
ဘူး၊ တရားရုံးမှာ အမှုရင်ဆိုင်တဲ့နေ့က ငါ တစ်ခေါက်
ရောက်သွားသေးတယ်”

အဲဒီကာလကို မခ ဘယ်လိုဖြစ်သန်းခဲ့ရသလဲ ဆိုတာ တွေးမိရုံနှင့် သူ ဝမ်းနည်းသနားမိသည်။ မခ သိပ်ပြီးနာကျင် တုန်လှုပ်ခဲ့မှာပဲ။ ဒါတွေအားလုံးကို သူမ ဘယ်လိုသတ္တိမျိုးနဲ့ ကျော်ဖြတ်ခဲ့ပါလိမ့်။

“မင်း သိပါတယ်ကွာ၊ ဒီလိုအမှုမျိုးမှာ ဘယ်လိုမေးခွန်းတွေ ရင်ဆိုင်ရမလဲ ဆိုတာ၊ အဲဒီတုန်းက မခ ပုံစံ အသက်ရှိနေတဲ့ စက်ရုပ်တစ်ရုပ်လိုပဲ၊ ဒါပေမဲ့ သူ တည်တည် ငြိမ်ငြိမ်နဲ့ ရင်ဆိုင်သွားခဲ့ပါတယ်”

ဩရသ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထား မိသည်။ အခုချိန်မှာ အဲဒီကောင်သာ သူ့ရှေ့မှာရှိလျှင် သူသတ် ပေလိမ့်မည်။

“နောက်ဆုံးမှာတော့ အဲဒီကောင် ထောင်ကျသွားတယ် မေမခလည်း ကျောင်းကထွက်ပြီး ဇာတ်မြှုပ်သွားတယ်





သူတို့မိသားစုအတွက်တော့ ဒါက သိပ်ကိုကြီးမားတဲ့အမည်း စက်တစ်ခုပဲ၊ ဒါကြောင့် ဘယ်သူမှ စကားအစမခံကြတာ ဖြစ်မယ်”

မခရယ် ...။ ရင်နာစရာ အဖြစ်ဆိုးတစ်ခုကို ကြား လိုက်ရတော့ ဩရသ တုန်တုန်လှုပ်လှုပ် ရှိလှသည်။ မခသာ ဆားနားမှာရှိလျှင် သူ ထွေးပွေ့နစ်သိမ့်မိလိမ့်မည်။ မခ အဆိုးဝါး ဆုံးကာလကို ဖြတ်ကျော်နေရသည့်အချိန်မှာ အားပေးဖို့ သူ မရှိခဲ့။

“ကျွန်တော် ဘာလုပ်ရမလဲ ကိုကိုနီဝယ်”

“အဲဒါ မင်း ဆုံးဖြတ်ရမှာလေ”

“ကျွန်တော့်ရဲ့ ဆုံးဖြတ်ချက်ကို ပြောရမယ် ဆိုရင်တော့ မခနဲ့ အမြန်ဆုံး လက်ထပ်ပြီး သူ့ကို ဘဝသစ်မှာ ပျော် စေချင်တယ်”

ကိုကိုနီဝယ်က ဩရသ ဆုံးဖြတ်ချက်ကို ကြားတော့ သဘောကျစွာ ပြုံးလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း တည်ငြိမ်နေခဲ့သော ဘွားမေသည် အဲဒီနေ့ကတော့ မတည်ငြိမ်ခဲ့ပါ။ စိပ်ပုတီးကို ကိုင်ပြီး ယောက်ယက်ခတ်နေခဲ့သည်။ ဒီနေ့ တရားရုံးက စီရင်ချက်ချမည့်နေ့ ဖြစ်သည်။

"သမီး သူ့ကို မုန်းတယ် ဘွားမေ၊ သမီးဘဝကို ဖျက်ဆီးခဲ့တဲ့ ယောကျ်ား၊ သူ ထောင်ကျမှ သမီး ကျေနပ်မယ်"

အမြဲတမ်း နူးညံ့သိမ်မွေ့ခဲ့သော မခသည် နောက်ပိုင်းမှာတော့ ပြင်းထန်သော စိတ်ဓာတ်နှင့် ကြီးပြင်းလာခဲ့သည်။

ကောင်လေးရဲ့ မိဘဆွေမျိုးတွေကလည်း နယ်နယ်ရရ မဟုတ်။ မခသာ တောင်းဆိုမည်ဆိုလျှင် တောင်းဆိုမည့် အချက်မှန်သမျှကို လိုက်လျောဖို့ အဆင်သင့်။

ဒူးထောက်ပြီး တောင်းပန်ခဲ့သော ကောင်လေးဂိဘတွေကို မခက ပြင်းပြင်းထန်ထန်ပင် တုံ့ပြန်ခဲ့သည်။





"ဝမ်းနည်းပါတယ် အန်တီ၊ ကျွန်မ ဘာမှမလိုချင်ဘူး။ ကျွန်မဘဝကို ထက်ပိုင်းချိုးပစ်လိုက်တဲ့ ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်ဖို့ ဘယ်တော့မှ စိတ်မကူးဘူး၊ ကျွန်မဆန္ဒ အမှန်ကို ပြောရမယ်ဆိုရင် သူ ထောင်ကျမှ ကျွန်မ ကျေနပ်မယ်"

သိုးငယ်လေးလို ဖြူစင်သော ကောင်မလေးဘဝက ချက်ချင်း လူကြီးတစ်ယောက်လို အသွင်ပြောင်းပြီး အပြီးအကြီး တုံ့ပြန်တတ်လာသော မခကို အားလုံးက အံ့အားသင့်ခဲ့သည်။ နောက်ဆုံး ဒီကောင်လေးနဲ့ပဲ လက်ထပ်ဖို့ နားချ သောသူတွေကို အတိအလင်း စစ်ကြေညာခဲ့သည်။

"ရတယ်... ဖေဖေတို့ သူနဲ့ လက်ထပ်ခိုင်းချင်ရင် ရတယ်၊ သမီး လက်ထပ်မယ်၊ ဒါပေမဲ့ နောက်နေ့မှာ ဖေဖေတို့ အလောင်းတစ်လောင်း တွေ့လိမ့်မယ်၊ အဲဒီအလောင်းက သူ့အလောင်း ဟုတ်ရင်ဟုတ် မဟုတ်ရင်တော့ သမီး အလောင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



မာကျောပြင်းထန်လွန်းသော အခြေအနေထဲမှ မခကို ဆွဲထုတ်၍ မရနိုင်မှန်း အားလုံးက သဘောပေါက်သွားကြသည်။

ထိုအပြင် မခ၏ သတင်းသည် ဘယ်လိုမှ ဖုံးဖိ၍ မရနိုင်အောင် ဟိုးလေးတကျော် ဖြစ်သွားခဲ့သည်။

"သမီး ဘွားမေနဲ့ပဲ နေပါရစေ"

သံယောဇဉ်ကြီးတွေ တင်းမာစိုး၍ ဘယ်သူနဲ့မှ အတူမနေခဲ့သော ဘွားမေက မခကိုတော့ ခြွင်းချက်မရှိ လက်ခံခဲ့သည်။

တရားစီရင်ချက်ချသည့်နေ့က မိုးမရွာသော်လည်း မိုးတွေ ညိုနေခဲ့သည်။ အညိုရောင်ပတ်ဝန်းကျင်ကို ဖြတ်သန်း၍ မခသည် တိမ်စိုင်တစ်စိုင်နှယ် ခြံထဲသို့ လွင့်မျောစွာ လမ်းလျှောက် ဝင်လာခဲ့သည်။

အိမ်ရှေ့ထွက်ပြီး စောင့်ကြိုနေသော ဘွားမေ၏ အမြင်မှာတော့ မခ တင်းမထားနိုင်တော့။ ဘွားမေ ရင်ခွင်ထဲ ခေါင်းဝှက်ငိုကာ ...





"သမီး နိုင်သွားပြီ ဘွားမေ၊ ဒါပေမဲ့ သမီး ကိုသြကို ဆုံးရှုံးလိုက်ရပြီ"

ဒီတော့မှ မြေးမလေး ရင်ထဲမှာ သြရသ ဆိုသော လူငယ်လေး ရှိနေခဲ့မှန်း ဘွားမေ သိရသည်။ ဒါကြောင့်လည်း ဒီလို အဖြစ်အပျက်မျိုးကို မခ လက်မခံနိုင်ခဲ့တာပေါ့။

"စိတ်လျှော့လိုက်ပါတော့ မြေးရယ်၊ သူ ပြန်လာတော့မှာ မဟုတ်ပါဘူး"

"မဟုတ်ဘူး ဘွားမေ၊ သူ ပြန်လာမှာ သမီး သိတယ်"

အဲဒီတုန်းက ဘွားမေက သူ့ရင်ခွင်ထဲမှာ ရှိုက်ကြီးတငင်ငိုခဲ့သော မခလေး၏ ပုံရိပ်ကို ဘယ်တော့မှမမေ့ခဲ့။ စဉ်းစားမိတိုင်း သွေးသား သံယောဇဉ်နှင့် ရင်ထဲမှာ နင့်ခနဲ ဖြစ်ရသည်။

အခု သြရသကို ပြန်ပြောပြတော့လည်း အဟောင်းတွေ အသစ်ဖြစ်ကာ ရင်ထဲမှာ နာကျင်ရပြန်သည်။

ဇာတ်ကြောင်း ပြန်သူ ဘွားမေရဲ့ မျက်ရည်တွေက သြရသကို ကူးစက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

မခက သူ့ကို ချစ်နေခဲ့ပါလား ဆိုသည့် အတွေး... လည်း ပိုပြီး ဝမ်းနည်းသွားသည်။

"ကျွန်တော် မခကို လက်ထပ်ပါရစေ ဘွားမေ"

ဘွားမေက ဩရသကို ချက်ချင်း လေးစားသွား... သည်။ ဒီလိုကိစ္စမျိုး ဖြစ်သွားပြီးသည့် နောက်မှာ မခကို ချစ်... ပါချည့်ရဲ့ဆိုပြီး တောင်းရမ်းဖို့ စကားစထားသည့် သူတွေ... သိသိသာသာပင် ရှဲသွားကြသည်။

"မင်းက မခကို တကယ် လက်ထပ်ချင်လို့လား ဩရသ"

"ဟုတ်ကဲ့ပါ ဘွားမေ၊ သူ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ကျွန်တော်... သဘောထား မပြောင်းပါဘူး၊ အဓိက,က ကျွန်တော်တို့... နှစ်ယောက်ရဲ့ အချစ်တွေ ထာဝရ ခိုင်ခန့်နေဖို့ပဲ"

"ဒါပေမဲ့ မခက မင်းကို လက်ဆပ်တော့မှာ မဟုတ်ဘူး... ကွယ့်၊ မင်းမှ မဟုတ်ပါဘူး၊ ဘယ်သူ့ကိုမှ သူလက်ထပ်... မှာ မဟုတ်ဘူး"

အေးစက်စက် နိုင်လှသော ဘဝထဲကနေ မခကို... ထုတ်ဖို့ သူ သတ္တိနည်း၍ မဖြစ်ပါ။



"မခ အရာရာကို မေ့ပျောက်ပြီး ဘဝသစ်မှာ ပျော်ရွှင်အောင် ကျွန်တော် ဖန်းတီးပေးပါရစေ ဘွားမေ၊ သူ့အတွက် အခမ်းနားဆုံးနဲ့ အကြီးကျယ်ဆုံး မင်္ဂလာပွဲကျင်းပပေးမယ် ဘွားမေ၊ မခလေး အပျော်ရွှင်ဆုံး သတို့သမီး ဖြစ်စေရမယ်၊ ကျွန်တော်နဲ့အတူ ဘဝကို သတ္တိရှိရှိ ရင်ဆိုင်ပြီး စိတ်အချမ်းသာဆုံး အမျိုးသမီး ဖြစ်စေရမယ် ဘွားမေ၊ ကျွန်တော် ကတိပေးပါတယ်"

"မဖြစ်ပါဘူးကွယ်၊ မခနဲ့ မင်း လက်ထပ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး"

"ဘာဖြစ်လို့လဲ ဘွားမေ"

ဒီကိစ္စလောက်နှင့်တော့ မခကို မစွန့်လွှတ်နိုင်။ သူက ချစ်သော သူ့ကို မခကို ပျော်ရွှင်စေရမည်။

"ဝမ်းနည်းပါတယ် မြေးရယ်၊ ဘွားမေ မပြောပြနိုင်ဘူး၊ အကောင်းဆုံးက မင်း မခကို မေ့ပစ်လိုက်ပါ"

သူတို့နှစ်ယောက်မှာ ဆုံစည်းဖို့ ကံကြမ္မာမပါလာသည့်အတွက် ဘွားမေ တော်တော့်ကို စိတ်မကောင်း။

www.burmeseclassic.com

www.burmeseclassic.com

"တခြားအကြောင်းပြချက် မရှိရင် ကျွန်တော် နောက်မဆုတ်နိုင်ပါဘူး ဘွားမေ"

"ကိုသြက အကြောင်းပြချက် သိချင်တာလား၊ ကောင်းပြီလေ ဒါဆိုရင် ကျွန်မ ပြောပြမယ်"

ဧည့်ခန်းထဲကို လှစ်ခနဲ ဝင်ရောက်လာသော မခက ကြားဖြတ်ပြောလိုက်သည်။ ဘွားမေက အတင်းဟန့်တားလိုက်သည်။

"မပြောရဘူး ငါ့မြေး၊ မပြောရဘူး"

"ပြောမှဖြစ်မယ် ဘွားမေ၊ ပြောမှဖြစ်မယ်၊ ဒါမှ ကိုသြ နောက်ဆုတ်မှာ"

တစ်ခုခု ဖြစ်တော့မည် ဆိုတာ၊ သြရသရိပ်မိသွားသည်။





"မဟုတ်ဘူး မြေးရဲ့၊ ဒါက ဒီဘက်က ထိုးရတာ မဟုတ်ဘူး၊ အောက်ကနေ လိမ်ထိုးရမှာ"

မခ ဘယ်လောက်ပဲတတ်တတ်၊ ဘွားမေကို မမီတာဆွ အများကြီးရှိသေးသည်။ ဘွားက pottern ကြည့်ရုံနှင့် ဘယ်လိုထိုးရမလဲ ဆိုတာ ချက်ချင်းသိသည်။ မခကတော့ တစ်ခါတလေ ဆောင်လည်လည် ဖြစ်တုန်းဖြစ်၏။

"ဘွားမေ ... ဒေါက်တာ လာနေတယ်"

သူတို့ရဲ့ မိသားစုဆရာဝန် ခြံထဲဝင်လာတာကိုတွေ့သော် ဘွားမေက ဆီးကြိုဖို့ ထရပ်လိုက်သည်။ သူတို့မိသားစုဝင်အားလုံး တစ်နှစ်တစ်ခါတော့ ဆေးစစ်နေကျဖြစ်၏။ ဒါမှသည်း ဘာရောဂါရှိရှိ ကြိုတင်ကုလို့ ရမှာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ဒေါက်တာ၊ အားလုံး အိုကေတယ် မဟုတ်
လား"

နှစ်စဉ် အိုကေနေကျ ဘွားမေက ပိုင်နိုင်သေချာစွ
မေး၏။ ဒေါက်တာဆီမှ ဘာစကားမှ ထွက်မလာတော့ ဘွားမေ
စိတ်ထဲ ထင့်ခနဲ ဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ ဒေါက်တာ၊ ပြောပါ ကိစ္စမရှိပါဘူး
ကျွန်မလည်း အသက်ကြီးပြီပဲ၊ သေရမဲ့ ရောဂါဆိုရင်
တောင် လက်ခံဖို့ အသင့်ပါပဲ"

သေခြင်းတရားကို ဘယ်တော့မှ မမေ့သော ဘွားမေ
က သူနဲ့အတူနေသော မြေးမလေးကို ထားခဲ့ရမှာကိုတော့ နည်း
နည်း တွန့်ဆုတ်မိသည်။ ဆရာဝန်က ထိုင်ခုံတစ်ခုမှာ ဝင်ထိုင်
ပြီး ...

"ရောဂါဖြစ်နေတာက ဘွားမေ မဟုတ်ဘူး"

"ဟဲ့ ... ဒါဆို ဘယ်သူလဲ၊ ငါ့သားတွေလား ဒီကောင်တွေ
က သွေးတိုးရှိတယ် မဟုတ်လား"



BURMESE CLASSIC



"မဟုတ်ဘူး ဘွားမေ၊ မခပါ"

"မခက ဘာဖြစ်လို့လဲ"

ဆရာဝန်ကြီးက ဘွားမေ ဘေးနားမှာ ကပ်ထိုင်နေ
သော မခကို တစ်ချက်ကြည့်ပြီး ...

"ကျွန်တော် စိတ်မကောင်းပါဘူး ဘွားမေ၊ ဒါပေမဲ့
ကာယကံရှင်ပါ သိတော့ ပိုကောင်းတာပေါ့၊ ရောဂါနဲ့ပတ်
သက်ပြီး ဆင်ခြင်သင့်တာ ဆင်ခြင်ရတာပေါ့"

"အေးကွယ် ... ပြော ... ပြော ... ငါ့မြေးမှာ ဘာဖြစ်နေ
လို့လဲ"

"ကျွန်တော် တကယ် စိတ်မကောင်းပါဘူး ဘွားမေ၊ မခ
ရဲ့ သွေးထဲမှာ HIV ပိုး တွေ့တယ်"

ဘွားမေရော မခပါ ဘာမှ ပြန်မပြောနိုင်အောင်
တုန်လှုပ်သွားသည်။

"မဖြစ်နိုင်ဘူး ထင်တယ်"

"ကျွန်တော့် အထင်တော့ ဟိုလူငယ်လေးဆီကနေ မခ
ကူးစက်ခံရတာထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မခ ဆက်ပြီး နားထောင်နိုင်စွမ်း မရှိတော့။ မခအတွက် ဒီထက်ဆိုးဝါးသောအဖြစ် ရှိပါဦးမလား။ ရောဂါဆိုးကြီးတစ်ခု။ ဘယ်လိုမှ ကုစ၍မရသော ရောဂါဆိုးတစ်ခုက မခဆီမှာလာပြီး စွဲကပ်နေသည်။

ဘွားမေက တုန်ယင်နေသော မခ ခန္ဓာကိုယ်လေးကို ထွေးပွေ့လိုက်၏။ အဖြစ်ဆိုးလိုက်တဲ့ မြေးလေး။ ခြောက်ပြစ်ကင်း သဲလဲစင် အလှမျိုးနှင့် မွေးဖွားရှင်သန်လာပြီးမှ အဆိုးဝါးဆုံး အဖြစ်အပျက်တွေနှင့် လာပြီးကြုံတွေ့ရသည်။

"ဘွားမေ ... သမီးလေး တကယ်သေချင်ပါတယ်၊ ဒါပေမဲ့ ဒီရောဂါနဲ့တော့ သမီး မသေချင်ဘူး ဘွားမေရယ်"

အမြဲတမ်း စိတ်ဓာတ်တင်းမာ ပြတ်သားခဲ့သော ဘွားမေ၊ အားတင်းပေမဲ့ မရနိုင်ခဲ့။ မျက်ရည်တွေ စီးကျလာသည်။ မျက်ရည်တွေက မခရဲ့လည်ကုပ်ပေါ်သို့ သက်ဆင်းသွားသည်။

"ဘွားမေ ငိုနေတာလား၊ မငိုပါနဲ့ ဘွားမေရယ်၊ သမီး ဒီရောဂါနဲ့ မသေချင်ဘူး၊ သမီးကို ကယ်ပါဦး ဘွားမေရယ်"





သနားစဖွယ် ငိုကြွေးနေသော မြေးဖြစ်သူ၏ ပုံရိပ်သည် ဘွားမေ၏ အာရုံထဲ၌ တစ်သက်လုံး စွဲထင်ခဲ့လေသည်။ အပြစ်ရှိသော ယောက်ျားများမှတစ်ဆင့် အပြစ်မရှိသော မိန်းမများ၊ အပြစ်မဲ့သော ကလေးငယ်များဆီသို့ ကူးစက်ခံခဲ့ရတာ ဘယ်လောက် များနေပြီလဲဟု ဘွားမေ နာကြည်းစွာ တွေးမိသည်။

"ကဲ ... ကိုသြ၊ မခကို လက်ထပ်ချင်သေးလား"

ကြားရသည့် အဖြစ်တွေက သြရသကို ရင်ထဲမှာ နင့်ခနဲ နင့်ခနဲနေအောင် နာကျင်စေသည်။ အပြစ်မရှိလောက်အောင် ဖြူစင်ခဲ့သော ကောင်မလေးဆီမှာ ကြောက်စရာရောဂါဆိုးကြီး ရှိနေသည်တဲ့။

ဘယ်လောက်များ မတရားတဲ့ လောကကြီးလဲ။

ဘာအမှားမှ မကျူးလွန်ခဲ့ပဲနဲ့ကွာ။

ဖြူဖြူစင်စင်ချစ်သော သူ့အချစ်တွေကို ဒီရောဂါဆိုးကြီးက မတားဆီးနိုင်။

"မခသာ လက်ခံမယ်ဆိုရင် ကိုယ် လက်ထပ်ဖို့ အသင့်ပါပဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုသြ မျက်ဝန်းမှ မျက်ရည်တွေက မလိမ်ညာဘူး ဆိုတာ သက်သေပြနေကြသည်။

"မခကတော့ ကိုသြကို တစ်သက်လုံး လက်ထပ်မှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ မခ၊ မင်းမှာ ဒီရောဂါရှိနေတာနဲ့ပဲ ကိုယ်က မင်းကို စွန့်လွှတ်လိုက်ရမှာလား၊ ကိုယ့်အချစ်က မင်းကို စွန့်လွှတ်လိုက်ရမှာလား၊ ကိုယ့်အချစ်က အဲဒီလောက် အပေါစား မဆန်ဘူး မခ"

"ကိုသြ ရူးနေလား၊ ဒီရောဂါမျိုးဆိုတာ ..."

မခ စကားမဆက်နိုင်တော့။ မခတို့နှစ်ယောက်၏ နေမဝင်ချစ်ခြင်းတွေ ဘယ်နေရာမှာ အဆုံးသတ်မလဲ ဆိုတာ ဘယ်သူမှ မသိနိုင်တော့။

"မခတို့ ချစ်သူတွေ အဖြစ်နဲ့ပဲ နေကြရအောင်နော်"





BURMESE CLASSIC

အဆုံးမရှိသော အပြုံးရောင် ချစ်ခြင်းတွေကြားထဲ ကျွန်တော်တို့နှစ်ယောက် ရှင်သန်ခဲ့ကြပါတယ်။

မခက ကျွန်တော့်ရဲ့ ချစ်သူ ညီမလေးပေါ့။

နေ့တိုင်း ကျွန်တော် မပျက်မကွက် သွားလေ့ရှိတာ ...တော့ မခလေးဆီပါပဲ။

သူမရဲ့ နွေးထွေးတဲ့ အပြုံးတွေ ပြန်မြင်ရပါပြီ။ ...အတွက် ကျွန်တော် စိတ်သက်သာရာ ရပါပြီ။

ကျွန်တော်တို့ နှစ်ယောက်ကို အရမ်းချစ်ကြတဲ့ ...သူတွေအဖြစ် လူတွေက သတ်မှတ်ပေးကြပြီး လက်မထပ်ကြတဲ့ ...ကွက် အံ့အားသင့်နေပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ကြပါ။

လောကကြီးမှာ အရိုးသားဆုံး ချစ်သူတွေ ရှင်သန်နေတယ်ဆိုတာ ယုံကြည်ကြပါ။

❦ ✦ ❦

အိုစွမ်းပြည့်
(၆-၂-၂၀၀၇)



www.burmeseclassic.com